# မြဝတီ

နေ့စဉ်

မှန်မည် ထူးမည်၊ မြန်မည် ဦးမည် အသွင်သစ်နှင့်မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၈၆)

၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်
၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၂၉ ရက်၊ ဗုဒ္ဓဟူးနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

အနှစ်ရှိသော သူတော်ကောင်းတရားကို အနှစ်ရှိဟုသိ၏။ အနှစ်မရှိသောတရားကို အနှစ်မရှိဟု သိသည့် အယူမှန်ရှိကြသောသူတို့သည် သီလစသောဂုဏ်ကျေးဇူးအနှစ်ကို ရကြကုန်၏။

ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# တပ်မတော်တွင် အဌမအကြိမ်အသည်းအစားထိုးခွဲစိတ်ကုသမှု(ပထမနေ့)လုပ်ငန်းဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၂၈

တပ်မတော်တွင် ပထမအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှုကို ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့နှင့် ၂၈ ရက်နေ့တို့တွင် အသည်းအစားထိုးလူနာ ၂ ဦးဖြင့် အောင်မြင်စွာ ခွဲစိတ်ကုသဆောင်ရွက်နိုင်ခဲ့သည်။ အသည်းအစားထိုးခွဲစိတ်ကုသမှုအား ဆက်လက်ဆောင်ရွက်ခဲ့ရာ ၂၀၂၃ ခုနှစ်အတွင်း အသည်းအစားထိုးခွဲစိတ်ကုသမှု ၃ ကြိမ်၊ လူနာ ၉ ဦးနှင့် ၂၀၂၄ ခုနှစ်အတွင်း လူနာ ၉ ဦးတို့အား အောင်မြင်စွာ ထပ်မံခွဲစိတ်ကုသဆောင်ရွက်ပေးနိုင်ခဲ့သည်။

စာမျက်နှာ ၇ ကော်လံ ၁ ◆



တပ်မတော်မှ အသည်းအစားထိုး ခွဲစိတ်ကုသမှုအဖွဲ့နှင့် အိန္ဒိယနိုင်ငံမှ အသည်းအစားထိုးခွဲစိတ်ကုသမှုအဖွဲ့တို့ ပူးပေါင်း၍ အသည်းအစားထိုးခွဲစိတ်ကုသမှု ဆောင်ရွက်စဉ်။

## တရုတ်ရိုးရာမြွေနှစ်မှာ မြန်မာ-တရုတ်ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့်တင်ပြီး အိမ်နီးချင်းမိတ်ဆွေကောင်းများအဖြစ် ဆက်လက်ရပ်တည်နေမည်

ဆောင်းပါး- စာ -၁၁ သို့

## ၂၈-၁-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု (ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ် )၏ ဈေးနှုန်းမှာ (၅,၄၅၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

## (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်

စာ-၁၃သို့

# စလင်းမြို့နယ်၌ ဆောင်းသီးနှံကုလားပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

စလင်း ဇန်နဝါရီ ၂၈

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများအနေဖြင့် နေရာဒေသအလိုက် စိုက်ပျိုးမည့်နေရာနှင့် လယ်မြေများ၌ မိုးစပါးများရိတ်သိမ်းအပြီးတွင် ဆောင်းသီးနှံကုလားပဲများစိုက်ပျိုးကြရာ ယခုအခါ ကုလားပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၇ ကော်လံ ၃ ❐






## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၂၉ ရက်)

# ထာဝရခိုင်မာသည့်အိမ်နီးချင်းကောင်း မိတ်ဆွေကောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် ရှေးနှစ်ပေါင်းများစွာကပင် ချစ်ကြည်ရင်းနှီးစွာ အတူယှဉ်တွဲနေထိုင်လာခဲ့သည့်နိုင်ငံများဖြစ်သည်။ မြန်မာတို့၏ယဉ်ကျေးမှုအဆင့်အတန်းမှာ ရှေးနှစ်ပေါင်းများစွာကတည်းက မြင့်မားလာခဲ့သလို တရုတ်နိုင်ငံ၏ယဉ်ကျေးမှုသည်လည်း လွန်ခဲ့သည့်နှစ်ပေါင်းများစွာကတည်းက တည်ရှိနေသည်။ ကမ္ဘာ့သမိုင်းတွင် အရှည်ကြာဆုံးသော ယဉ်ကျေးမှုသမိုင်းမှတ်တမ်းကို ထိန်းသိမ်းထားနိုင်သည်။ တရုတ်လူမျိုးများ၏ ရိုးရာယဉ်ကျေးမှုအရ နွေဦးပွဲတော်ကိုလည်း လွန်ခဲ့သည့်နှစ်ပေါင်း ၃၅၀၀ ကျော်ကတည်းက ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများနှင့်အညီ မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် ပျောက်ကွယ်မသွားအောင် လက်ဆင့်ကမ်းထိန်းသိမ်းခဲ့ကြသည်။

မြန်မာနှင့်တရုတ်နှစ်နိုင်ငံသည် ပထဝီမြေအနေအထားအရ မိုင်ပေါင်း ၁၃၀၀ ကျော်ထိစပ်နေခြင်းကြောင့် လူမျိုးအရ၊ ယဉ်ကျေးမှုအရ များစွာနီးစပ်မှုရှိသည်။ နှစ်နိုင်ငံဆက်ဆံရေးကိုပြန်ကြည့်ပါကလည်း ခရစ်နှစ် ၉၀၁ ခုနှစ်ကစတင်ခဲ့ခြင်းကြောင့် နှစ်ပေါင်းတစ်ထောင်ကျော်ရှိခဲ့ပြီဖြစ်သည်။ ထိုသို့နှစ်ပေါင်းထောင်ချီခဲ့သည့် ဆက်ဆံရေးနှင့် ရှည်လျားသည့်နယ်နိမိတ်ထိစပ်နေခြင်းကြောင့် ခိုင်မာသည့်ဆက်ဆံရေးများ ထူထောင်နိုင်ခဲ့ပြီး ဆွေမျိုးပေါက်ဖော်ဆက်ဆံရေး၊ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုမိတ်ဖက်ဆက်ဆံရေး၊ အေးအတူပူအမျှ အသိုက်အဝန်းထူထောင်ရေး စသည့်ဆက်ဆံရေးမျိုးကို ထူထောင်နိုင်ခဲ့ကြသည်။ အဆိုပါဆက်ဆံရေးကောင်းများကို မြန်မာနိုင်ငံအနေဖြင့် ပိုမိုတိုးတက်ခိုင်မာအောင်ဆောင်ရွက်သွားမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် (၂၀၂၅ ခုနှစ်)မြွေနှစ် တရုတ်နှစ်သစ်ကူးပွဲတော်နှစ်သစ်ဆုမွန်ကောင်းစကားပြောကြားစဉ် **"မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် ယခုကဲ့သို့ ရှည်လျားလှသည့်သမိုင်းကြောင်းများနှင့် နှစ်နိုင်ငံဆက်ဆံရေးတည်ရှိမှု၊ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာစေရန် ယခု ၂၀၂၅ ခုနှစ်မှစပြီး တရုတ်နှစ်သစ်ကူးနေ့ကို နိုင်ငံတော်၏တရားဝင်ရုံးပိတ်ရက်အဖြစ် သတ်မှတ်ခဲ့ကြောင်း၊ ထိုသို့သတ်မှတ်ပေးမှုသည် တရုတ်နိုင်ငံ၏ မြန်မာနိုင်ငံအပေါ်ထားရှိသည့် ရပ်တည်ချက်သဘောထားအပေါ် အလေးထားအသိအမှတ်ပြုမှုကို ဖော်ပြခြင်းဖြစ်သကဲ့သို့ တရုတ်နိုင်ငံ၏ရေရှည်ကိုမြော်တွေးပြီး နိုင်ငံပေါင်းစုံပါဝင်သည့် စည်းလုံးညီညွတ်မှုနှင့်ပူးပေါင်းဆောင်ရွက်မှုအကောင်အထည်ဖော်ဆောင်ရွက်ချက်များကို အလေးအနက်ထောက်ခံခြင်းလည်းဖြစ်ကြောင်း"** ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်ကိုစစ်မှန်စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီလမ်းကြောင်းပေါ်ပြန်လည်လျှောက်လှမ်းနိုင်ရန် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် အောင်မြင်သည့်အရွေ့များဖြစ်ပေါ်လာမှုသည် မြန်မာနိုင်ငံ၏ခိုင်မာသည့်အိမ်နီးချင်းနိုင်ငံများကြောင့်ဖြစ်သည်။ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအပေါ် အခိုင်အမာထောက်ခံပြီး တည်ငြိမ်အေးချမ်းရေးကို အလေးထားကူညီဆောင်ရွက်ပေးနေသကဲ့သို့ မြန်မာနိုင်ငံအနေဖြင့်လည်း တရုတ်တစ်နိုင်ငံတည်းမူဝါဒကို ထာဝစဉ်အလေးထားလျက်ရှိသည်။

ယခုနှစ်သည် မြန်မာနိုင်ငံနှင့်တရုတ်နိုင်ငံတို့၏ သံတမန်ဆက်ဆံရေးထူထောင်သည့် (၇၅)နှစ်မြောက်သို့ရောက်ရှိပြီဖြစ်သည်။ တရုတ်-မြန်မာနှစ်နိုင်ငံ၏တရားဝင်သံတမန်ဆက်ဆံရေးကို ၁၉၅၀ ပြည့်နှစ် ဇွန်လ ၈ ရက်တွင် စတင်ထူထောင်နိုင်ခဲ့ခြင်းကြောင့် ၂၀၂၅ ခုနှစ် ဇွန်လ ၈ ရက်တွင် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးသည် (၇၅)နှစ်မြောက် စိန်ရတုကာလကိုရောက်ရှိပြီဖြစ်သည်။ နှစ်နိုင်ငံဆက်ဆံရေးထူထောင်ပြီးသည့်နောက်ပိုင်း နှစ်နိုင်ငံကြုံတွေ့လာသည့်အရေးကိစ္စများတွင် တစ်ဦးနှင့်တစ်ဦးအပြန်အလှန်ဖေးမကူညီခဲ့ကြသည်။ မြန်မာနိုင်ငံအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စတင်ထူထောင်ခြင်းအတွက် အာရှတိုက်တွင် ပထမဆုံးအသိအမှတ်ပြုခဲ့သည့်နိုင်ငံဖြစ်သည်။ ၁၉၅၄ ခုနှစ်တွင် မြန်မာနိုင်ငံသို့ တရုတ်နိုင်ငံဝန်ကြီးချုပ် ချူအင်လိုင်းလာရောက်ချိန်က ပူးတွဲကြေညာနိုင်ခဲ့သည့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်ကလည်း နှစ်နိုင်ငံဆက်ဆံရေးသမိုင်းအတွက် မှတ်တိုင်တစ်ခုဖြစ်ခဲ့သည်။

နှစ်နိုင်ငံခေါင်းဆောင်များ၏ အစဉ်အဆက်ဂရုစိုက်မှုနှင့်အတူ နှစ်နိုင်ငံအကြား ဘက်စုံမဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးသည် ပိုမိုအကျိုးရှိသောရလဒ်များကိုဖြစ်ထွန်းစေပြီး အေးအတူပူအမျှ အသိုက်အဝန်းတည်ဆောက်ခြင်းအတွက် တိုးတက်မှုအသစ်များရရှိလာမည်ဖြစ်သည်။ နှစ်နိုင်ငံပြည်သူများအတွက် ဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်မည်ဖြစ်သည်။ ယခုကဲ့သို့ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေးကို မလိုလားသော ပြည်တွင်းပြည်ပမှအဖွဲ့အစည်းများအနေဖြင့်လည်း နည်းလမ်းမျိုးစုံအသုံးပြုပြီး သွေးခွဲနေသည်။ မြန်မာ-တရုတ်နှစ်နိုင်ငံအနေဖြင့် ရှေးနှစ်ပေါင်းများစွာကတည်းက ဖြစ်တည်လာခဲ့သည့် ချစ်ကြည်ရင်းနှီးမှုကို ရေကိုသားလို့အကြားမထင်သကဲ့သို့ မည်သည့်နည်းလမ်းနှင့်လုပ်ရပ်မျိုးကမျှ ပျက်ပြားအောင်လုပ်၍ရနိုင်မည်မဟုတ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ၂၀၂၅ ခုနှစ်၊ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ဖြဟ္မစိုရ်တရားနှင့် စစ်မှန်သောမျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဖော်ဆောင်ပေးရေး။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ
## ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

## သဇင် (FM)အသံလွှင့်အစီအစဉ်

၂၉-၁-၂၀၂၅(ဗုဒ္ဓဟူးနေ့)

၁။ ၀၉:၀၀ Market News

၂။ ၁၁:၅၀ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်

၃။ ၁၃:၀၀ ပြည်သူ့ကြားက ပြည်သူ့စကား

၄။ ၁၄:၅၀ ဖတ်သမျှ မှတ်သမျှ

၅။ ၁၅:၃၅ Happy Zone

၆။ ၂၁:၄၀ ချောက်ချောက်ချားချားဖြစ်ရပ်များ

မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# မိုးယွန်းကြီးအင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၌ ယခုဘဏ္ဍာနှစ်အစမှ လက်ရှိအချိန်ထိ ငှက်အကောင် ၂၉၀၀၀ ကျော် လာရောက်ဆောင်းခို



ပဲခူး ဇန်နဝါရီ ၂၈

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်နှင့် ဝေါမြို့နယ်ကြားရှိ မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၌ ယခုဘဏ္ဍာနှစ်အစမှ လက်ရှိအချိန်ထိ ငှက်မျိုးစိတ် ၁၃၂ မျိုး ငှက်အကောင် ၂၉၀၀၀ ကျော် လာရောက်ဆောင်းခိုလျက်ရှိကြောင်း မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်နှင့် ဝေါမြို့နယ်အတွင်း တည်ရှိပြီး အကျယ်အဝန်းအားဖြင့် စတုရန်းမိုင် ၄၀ ခန့်ရှိကာ မြန်မာနိုင်ငံ၏ ပထမဆုံးသော ရမ်ဆာရေဝပ်ဒေသ ထိန်းသိမ်းရေးနယ်မြေဖြစ်သည်။ ဘေးမဲ့တောအတွင်း ရေနေသတ္တဝါများ၊ ငါးမျိုးစိတ်များ၊ ရေပျော်ငှက်များနှင့် အပင်သယံဇာတများကို သုတေသနပြုထိန်းသိမ်းထားရှိပြီး နှစ်စဉ် ဆောင်းခိုရေပျော်ငှက်များ လာရောက်နားခိုလေ့ရှိသည်။

"ကမ္ဘာ့မြောက်ပိုင်းမှာ ဆောင်းရာသီဆိုရင် ရေအေးခဲပြီး အစာရှားပါတယ်။ နောက်ပြီးတော့ နေ့တာတိုပြီး ညတာရှည်တဲ့အတွက် ကမ္ဘာ့တောင်ပိုင်းက နိုင်ငံတွေဆီ ဆောင်းခိုငှက်တွေ လာရောက်ပြီးတော့ ဆောင်းခိုကြတာဖြစ်ပါတယ်။ မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောမှာလည်း အောက်တိုဘာလလောက်ဆိုရင် ဆောင်းခိုငှက်တွေ စတင်ဝင်ရောက်ပါတယ်။ အဲဒီလို ဆောင်းခိုငှက်တွေ ဝင်ရောက်လာတာကိုလည်း လစဉ်စာရင်းပြုစုထားခဲ့တာ ၂၀၂၄ ခုနှစ် ဧပြီလကနေ ၂၀၂၅ ခုနှစ် ဇန်နဝါရီလအထိ ဆောင်းခိုငှက်မျိုးစိတ် ၃၈ မျိုး၊ ဌာနေရေပျော်ငှက်မျိုးစိတ် ၂၃ မျိုးနဲ့ ကုန်းငှက်မျိုးစိတ် ၇၁ မျိုး စုစုပေါင်း ငှက်မျိုးစိတ် ၁၃၂ မျိုး ငှက်အကောင် ၂၉၀၀၀ ကျော် လာရောက်ဆောင်းခိုတာ တွေ့ရပါတယ်" ဟု မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူး ဒေါ်သင်းသင်းယုကပြောသည်။

ပြီးခဲ့သည့်ဘဏ္ဍာနှစ် ကာလတူအချိန်က ဆောင်းခိုငှက်မျိုးစိတ် ၃၉ မျိုး၊ ဌာနေရေပျော်ငှက်မျိုးစိတ် ၂၃ မျိုးနှင့် ကုန်းငှက်မျိုးစိတ် ၆၉ မျိုး စုစုပေါင်း ငှက်မျိုးစိတ် ၁၃၁ မျိုး ငှက်အကောင် ၂၈၉၅၀ ခန့် လာရောက်ဆောင်းခိုခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသို့ လာရောက်ကြသော ဆောင်းခိုငှက်များနှင့် ဒေသတွင်းငှက်များအတွက် အစာပေါများပြီး စားကျက်အနေအထား ကောင်းမွန်စေရန်နှင့် ငါးသယံဇာတရေရှည်တည်တံ့စေရန် ငှက်များ၏ အဓိကအစာဖြစ်သော ငါး၊ ခုံးကောင်နှင့် ခရု စသည်တို့၏ ပေါက်ပွားမှုကိုလည်း ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည့်အပြင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ငါးလုပ်ငန်းဦးစီးဌာနနှင့် သစ်တောဦးစီးဌာနတို့ ပူးပေါင်း၍ နှစ်စဉ် တိုင်းရင်းငါးမျိုးစိတ်များကို အင်းထဲသို့လွှတ်ပေးကြောင်း သိရသည်။

မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၌ ကမ္ဘာပေါ်ရှိ အရေးပါသော ငှက်မျိုးစိတ်များ ကျက်စားနေမှုကြောင့် ရမ်ဆာရေဝပ်ဒေသ ထိန်းသိမ်းရေးနယ်မြေ (Ramsar Site) အဖြစ် ရမ်ဆာကွန်ဗင်းရှင်းက ၂၀၁၄ ခုနှစ် နိုဝင်ဘာလက အသိအမှတ်ပြုခဲ့ပြီး ယခုအခါ မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို အာဆီယံအမွေအနှစ်ဥယျာဉ်အဖြစ် သတ်မှတ်နိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဆောင်းဦး**

# ကျုံပျော်မြို့နယ်၌ ဖူးစားပြောင်းများ အရောင်းအဝယ်ကောင်းမွန်သဖြင့် တောင်သူများ သီးနှံဝင်ငွေရရှိနေ

ကျုံပျော် ဇန်နဝါရီ ၂၈

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ်၌ ဒေသထွက် ဖူးစားပြောင်းများ အရောင်းအဝယ်ကောင်းမွန်သဖြင့် တောင်သူများ သီးနှံဝင်ငွေရရှိနေကြောင်း ကျုံပျော်မြို့နယ်မှ လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဒေါ်စုစုခိုင်၏ပြောပြချက်အရ သိရသည်။

ကျုံပျော်မြို့နယ်၌ ဒေသထွက် ဖူးစားပြောင်းများကို ဇန်နဝါရီလတတိယပတ်မှစ၍ ဝယ်လိုအားကောင်းလာခြင်းဖြစ်ပြီး တစ်ရက်လျှင် ဖူးစားပြောင်း ၅၅၀၀ မှ ၁၁၀၀၀ အထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"လက်ရှိ ကျုံပျော်မြို့နယ်မှာ ဖူးစားပြောင်းတွေစပေါ်နေချိန်ဖြစ်ပြီး အရောင်းအဝယ်ကောင်းလာတော့ စိုက်ပျိုးထုတ်လုပ်တဲ့လုပ်ငန်းနဲ့ ဆက်စပ်တဲ့သူတွေ အလုပ်အကိုင်အခွင့်အလမ်းရရှိလာတာ တွေ့ရတယ်။ ဒေသထွက်ဖူးစားပြောင်းတွေကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကိုလည်း တင်ပို့ရောင်းချနေပါတယ်"ဟု ဒေါ်စုစုခိုင်ကပြောသည်။

ကျုံပျော်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းလုပ်ကိုင်သူများသည် ဒေသထွက်ဖူးစားပြောင်းများ ဝယ်ယူပြီး ကုန်တင်ယာဉ်များဖြင့် ရန်ကုန်ဈေးကွက်သို့ ပြန်လည်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း၊ အဆိုပါဒေသထွက် ဖူးစားပြောင်းများသည် ပိုးမွှားကင်းရှင်းကြောင်း၊ ဖူးစားပြောင်းများ အရောင်းအဝယ်ကောင်းမွန်နေခြင်းကြောင့် ဝယ်လိုအားနှင့် ရောင်းလိုအားမျှတမှုရှိလာကာ ဒေသဈေးကွက်အတွင်း သီးနှံဈေးနှုန်းများ တည်ငြိမ်ကျဆင်းလာမည်ဖြစ်ပြီး ဒေသခံပြည်သူများ၏ သက်သာချောင်ချိရေးကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ကုန်ထုတ်လုပ်မှုသည် အဓိကဖြစ်ရာ မြန်မာနိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို မြှင့်တင်ရမည်ဖြစ်ကြောင်း သိရသည်။

**သုတကျော်**

# ကျောင်းသား ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းဆွေးနွေး

ရန်ကုန် ဇန်နဝါရီ ၂၈

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် ပုဇွန်တောင်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ဇန်နဝါရီလ ၂၈ ရက်တွင် အမှတ်(၅)ရပ်ကွက်ရှိ အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း မြတ်မင်္ဂလာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပုဇွန်တောင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မိုးအောင်က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ လူငယ်စကားဝိုင်းကို ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဟန်စုယဉ်က ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ပြီး အမှတ် (၃) အခြေခံပညာအလယ်တန်းကျောင်းမှ Grade- 7 ကျောင်းသူ မဆုလာဘ်ဇာနည်က လူငယ်နှင့်စာပေ၊ Grade- 7 ကျောင်းသူ မသွန်းရတီထွဋ်က လူငယ်နှင့်ယဉ်ကျေးမှု၊ Grade- 8 ကျောင်းသား မောင်အောင်ကောင်းခန့်က လူငယ်နှင့်စာရိတ္တ၊ Grade- 7 ကျောင်းသူ မမေမြင့်မိုရ်က လူငယ်နှင့်ကျန်းမာရေး၊ Grade- 7 ကျောင်းသား မောင်စံလင်းနိုင်က လူငယ်နှင့်အားကစား၊ Grade- 8 ကျောင်းသား မောင်အားမာန်ပြည့်က လူငယ်နှင့်နည်းပညာခေါင်းစဉ်များဖြင့် အသီးသီးဆွေးနွေးကြသည်။

ထို့နောက် စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ဆွေးနွေးသူများက ပြန်လည်ဖြေကြားပေးပြီး တာဝန်ရှိသူများက ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများကို အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကလေးအလုပ်သမားပပျောက်ရေးအသိပညာပေး၊ အမျိုးသမီးအကြမ်းဖက်မှုကာကွယ်ရေး အသိပညာပေး၊ လူကုန်ကူးမှုပပျောက်ရေး အသိပညာပေးနံရံကပ်စာစောင်များနှင့် သုတ၊ ရသ စာအုပ်စာစောင်များ ခင်းကျင်းပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ဟန်စုယဉ်**

## ကာတွန်း



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

### သာဓကတစ်ခု

ကိုးတန်းဆရာ မစ္စတာအင်းဂလစ်စ်မှာ အင်္ဂလိပ်စကားပြောခြင်း၌ အလွန်သွက်၊ အလွန်မှန်၍ အလွန်တော်ပုံကို အထောက်အထားတင်ပြပါဦးမည်။ တစ်နေ့သ၌ ဗန်းမော်မြို့မှ အင်္ဂလိပ်စာတတ် မြန်မာနယ်ပိုင်ဝန်ထောက်တစ်ယောက်သည် ကျွန်ုပ်တို့နှင့်အတူ ကိုးတန်း၌ သင်လျက်ရှိသော ၎င်း၏သားထံသို့ အလည်လာရာတွင် ကျောင်းအုပ်ကြီးကိုယ်တိုင် ဝန်ထောက်ကြီးအား ကျွန်ုပ်တို့အတန်းသို့ လိုက်ပို့၏။ ထိုအခိုက်တွင် ဆရာအင်းဂလစ်စ်သည် ကျွန်ုပ်တို့အတန်းသားများအား 'ဝါတာလူးစစ်ပွဲမတိုင်မီတစ်ည' ဟူသော အင်္ဂလိပ်လင်္ကာတစ်ပုဒ်ကို သင်ပြလျက်ရှိရာ ကျောင်းအုပ်ကြီးနှင့် ဝန်ထောက်ကြီးတို့ ဝင်လာကြ၍ ကျောင်းအုပ်ကြီးက ဆရာအား 'သင်သာသင်ပါ' ဟု ပြောပြီး ခုံလွတ်တစ်ခုတွင် ဝင်ထိုင်ကြ၏။ ဆရာအင်းဂလစ်စ်လည်း ဆက်လက်၍ သင်ပြလေရာ လင်္ကာထဲမှ ခက်ခဲသောစာပိုဒ်များကို အတန်းသားများနားလည်အောင် ရှင်းလင်းပြောပြခြင်းအလုပ်၌ သူမတူအောင် သွက်လက်ခြင်း၊ ပြတ်သားခြင်း၊ စိတ်ပါလက်ပါရှိခြင်း၊ စကားအသုံးအနှုန်းတိကျမှန်ကန်ခြင်းတည်းဟူသောအင်္ဂါများကြောင့် ကျောင်းအုပ်ကြီးနှင့် ဝန်ထောက်ကြီးတို့သည် တစ်ယောက်မျက်နှာကိုတစ်ယောက် ခဏခဏလှမ်းကြည့်ကြခြင်းကို ကျွန်ုပ်မြင်ရ၏။ နောက်ဆုံး၌ ဝန်ထောက်ကြီးနှင့် ကျောင်းအုပ်ကြီးတို့သည် ကျေနပ်အားရသောအမူအရာနှင့် ထသွားကြသောအခါ ဆရာအင်းဂလစ်စ်သည် စာအုပ်ကိုပိတ်၍ တစ်ဖက်သို့လှည့်ခိုက်တွင် ကျွန်ုပ်တို့ကျောင်းသားအချင်းချင်းလည်း ဤမျှလောက်ကောင်းသော သင်ပြခြင်းကို တစ်ခါမျှ မကြုံဖူးသည်နှင့် စိတ်ထဲမှ သဘောတူချီးကျူးကြရင်း 'ဝေါ'ခနဲ မြည်သောအသံ ထွက်သွားမိကြလေ၏။ တကယ်သင်တော့ တကယ်တော်သည့် ဆရာတစ်ယောက်ပေတည်း။

### ဒုတိယသာဓက

တနင်္ဂနွေတစ်နေ့၌ ဆရာအင်းဂလစ်စ်သည် သူ၏ 'အချစ်တော်' ကလေးများဖြစ်ကြသည့် မောင်ရီနှင့် ကျွန်ုပ်အား စောစောကြီး လမ်းလျှောက်ရန် ချိန်းဆိုခေါ်ငင်သွား၍ အိုးဘိုဘက်ရှိ ဗျစ်စက်ရုံကိုပြ၏။ သူကိုယ်တိုင်က အလွန်မည်းသူတစ်ယောက်ဖြစ်သော်လည်း မန္တလေးမြို့ပေါ်ရှိ မျက်နှာဖြူအရာရှိဆိုလျှင် ဆရာနှင့် မသိသူမရှိသလောက် အသိအကျွမ်းပေါသည့်အလျောက် ဗျစ်စက်ရုံမန်နေဂျာအား ကျွန်ုပ်တို့နှစ်ယောက်ကို စက်ရုံတစ်ခုလုံးသို့ လိုက်ပြစေ၏။ ပြီးသောအခါ အာဠဝီ(စီ) လမ်းရှိ ဗီယာနာဟိုတယ်သို့ ကျွန်ုပ်တို့နှစ်ယောက်ကိုခေါ်လာ၍ နံနက်စာကျွေးရာ ရုံတော်ကြီးမှ အရှန်းတို့၊ အထန်းတို့၏ တရုတ်ခေါက်ဆွဲများနှင့် ဈေးချိုအနီးမှ မြန်မာမုန့်တီဆိုင်များ၌လောက်သာစားခဲ့ဖူးသည့် ကျွန်ုပ်အဖို့မှာ အင်္ဂလိပ်ဟိုတယ်သို့ ပထမအကြိမ် ရောက်ဖူးခြင်းဖြစ်၍ အခင်းအကျင်းနှင့် စားသောက်ဖွယ်ရာများ၏သားနားပုံများကို အံ့သြမဆုံးအောင် ငေးကြည့်မိပါတော့သည်။ (အမှန်မှာ ဗီယာနာဟိုတယ်၏ သားနားလှခြင်းကြောင့် မဟုတ်လှပါ။ ထိုခေတ်က ရုံတော်ကြီးမှ ခေါက်ဆွဲဆိုင်များသည် ဤခေတ် လျှန်းစိန်ဟိုတယ်ကဲ့သို့ သပ်သပ်ရပ်ရပ်မရှိဘဲ ပေကျံသော သစ်သားစားပွဲတွင် ညစ်ပတ်သောခုံရှည်ပေါ်၌ ဆောင့်ကြောင့်ထိုင်ကာ စားကြရသောကြောင့်ဖြစ်ပါသည်။ ဝမ်းဘဲဥပုံ

> **"ကျောင်းအုပ်ကြီးသည် ကျွန်ုပ်၏အကြောင်းကို ဝေဖန်ရာ 'ဖေသိန်းက အသံထွက်တော့ကောင်းပါရဲ့၊ သို့သော်လည်း သူ့လျှာက အာခေါင်မှာ တစ်ချက်တစ်ချက် ကပ်ကပ်နေတတ်တယ်' ဟု ပြောလေသည်။ ကျွန်ုပ်သည် ထိုနေ့မှစ၍ စကားရည်လုပွဲများတွင် အပါအဝင်မလုပ်တော့ဘဲနေခဲ့ရာ ဆရာအင်းဂလစ်စ်ကမူ ကျောင်းအုပ်ကြီးအပေါ်၌ စိတ်ဆိုးပုံရသည်။ ကျွန်ုပ်သည် ကံမကောင်းသဖြင့် အင်္ဂါမစုံဘဲ မွေးခဲ့လျှင် ရှက်ဖွယ်ရာဟု ယူဆလိမ့်မည်မဟုတ်သကဲ့သို့ စကားထစ်ခြင်းအတွက် ရှက်စရာဟူ၍ မယူဆပေ . . ."**

စားပွဲကြီးတွင် ဖွေးဖွေးဖြူ၍ ပန်းပွင့်ပုံများ ထည့်ရက်ထားသည့် စားပွဲခင်းအဝတ်ကြီးခင်းလျက် ပန်းစိုက်ကရားနှင့်တကွ ဆွတ်ဆွတ်ဖြူသော လက်သုတ်ပဝါများကို ပါးလှပ်သောဖန်ခွက်ထဲ၌ထည့်ကာ ပြင်ဆင်ထားခြင်းမျိုးကို မည်သည့်ဆိုင်၊ မည်သည့်အိမ်၌မျှ မမြင်ရဖူးသေးပါ။ ထိုခေတ်၌ ကျွန်ုပ်တို့၏အိမ်၌သာမဟုတ်၊ မိဘများထက် စီးပွားရေးအဆင့်အတန်းမြင့်သော အိမ်များ၌ပင် 'လိုက်ထမင်း' ကို ကြွေဇလုံဖြင့် မထည့်ဘဲ ဆန်ဆေးခြင်းတောင်းသုံးကြတုန်းဖြစ်ပါသည်။)

### ပထမဆုံး အင်္ဂလိပ်နံနက်စာ

ဟိုတယ်ထဲသို့ ကျွန်ုပ်တို့ ဝင်သွားကြသည်နှင့်တစ်ပြိုင်နက် ဂါဝန်ရှည်၊ အင်္ကျီလက်ရှည်များဖြင့် သပ်ရပ်စွာဝတ်ဆင်ထားသည့် ဗိုလ်ကပြားမကလေးသုံးယောက်တို့သည် ဆရာအင်းဂလစ်စ်အား ကပျာကယာဆီးကြိုနှုတ်ဆက်ကာ အူယားဖားယားစကားပြောကြလေရာ ကျွန်ုပ်မှာ အလွန်အံ့သြလျက်ရှိသည့်အထဲမှပင် ဗျိုင်းသုံးကောင်နှင့် ကျီးတစ်ကောင်တွေ့ကြသည်ဟု သတိရ၍ ပြုံးမိပါသည်။ ဗိုလ်ကပြားမကလေးသုံးယောက်မှာ ဤမျှလောက် ဖြူလှသောကြောင့်မဟုတ်။ ကျွန်ုပ်တို့၏ ဆရာက မည်းလှသောကြောင့်ဖြစ်ပါသည်။ ဆရာ အင်းဂလစ်စ်ကား ကျွန်ုပ်မြင်ဖူးသည့်လူများတွင် အနက်ဆုံးတစ်ယောက် ဖြစ်ပေသည်။ အသားမည်းသလောက် တောက်ပြောင်သည့် အဆင်းအရောင်ရှိသည့်အဝတ်မျိုးကို အလဲလဲဝတ်ဆင်တတ်သူဖြစ်၍ မန္တလေးမြို့တွင် လူမျိုးကွဲများအထဲ၌ (အမြင်အားဖြင့်) အထင်ရှားဆုံးပုဂ္ဂိုလ်တစ်ဦးဖြစ်ချေ၏။ ဆရာအင်းဂလစ်စ်သည် ကပြားမသုံးယောက်အနက်မှ အချောဆုံးတစ်ယောက်ကိုရွေး၍ တွဲခေါ်ကာ စားပွဲခန်းသို့ ဝင်ကြပြီးလျှင် ထိပ်မှထိုင်လေရာ ကျွန်ုပ်နှင့် မောင်ရီတို့လည်း (ယောကျာ်းသုံးယောက်၊ မိန်းမသုံးယောက်ရှိသည်နှင့် တစ်ယောက်ခြားစီ ထိုင်ကြရသဖြင့်) လက်ဝဲနှင့် လက်ယာတွင် ကပြားမတစ်ယောက်စီရှိနေကြလေ၏။ မောင်ရီမှာ ဤကိစ္စမျိုးတွင် ကျွန်ုပ်ထက် 'အဝါးဝ' ပုံရ၍ ဟန်မပျက်လှသော်လည်း ကျွန်ုပ်မှုကား ဖင်နှင့်ကုလားထိုင် ထိသည်မထင်ရ။ ရင်တဆတ်ဆတ်ခုန်လျက်ရှိ၏။ ထို့နောက် နံနက်စာစားစဉ်အတွင်း၌လည်းကောင်း၊ စားပြီးသောအခါ၌လည်းကောင်း ကျွန်ုပ်တို့၏ ဆရာအင်းဂလစ်စ် အင်္ဂလိပ်စကားပြောလိုက်ပုံမှာ တရွှီးရွှီး တရွှတ်ရွှတ်နှင့် ရေပက်မဝင်အောင်ရှိတော့ရာ ကပြားမကလေးသုံးယောက်မှာလည်း တဟီးဟီးတဟားဟား၊ တဝါးဝါး၊ တသောသော ရယ်မောလျက်ရှိကြလေတော့၏။ ဆရာပြောသည့်အထဲတွင် အင်္ဂလိပ် 'ဗန်းစကား' များ ရောညှပ်ပါရှိသောကြောင့် ကျွန်ုပ်တို့နှစ်ယောက်မှာ ပြည့်စုံအောင်နားမလည်ကြစေကာမူ ကိုယ်ဟန်၊ လက်ဟန်နှင့် ဆရာ၏ မျက်နှာထားတို့ကြောင့် အတော်အတန်ရိပ်မိကြ၍ ရောနှောကာ ရယ်မောနိုင်ကြလေသည်။ ဆရာအင်းဂလစ်စ်သည် ကျောင်းခန်းထဲတွင် ကျောင်းအုပ်ကြီးနှင့် ဝန်ထောက်ကြီးအား အစွမ်းပြဖူးသကဲ့သို့ သူ၏ အချစ်တော်ကလေးများဖြစ်သည့် မောင်ရီနှင့် ကျွန်ုပ်တို့အပေါ်တွင် အစွမ်းပြချင်၍ တမင်စီစဉ်ထားခြင်းဖြစ်သည်ဟု ကျွန်ုပ်တို့ ရိပ်မိကြသော်လည်း ကျွန်ုပ်တို့အဖို့ရာတွင်မူ တစ်သက်တွင် အရယ်ရဆုံးသော နံနက်စာစားပွဲတစ်ခုအနေဖြင့် မှတ်တမ်းတင်ထားမိပါသည်။ အင်္ဂလိပ်စကားပြောခြင်းအလုပ်တွင် အဟုတ်တကယ်တော်သည့် ပုဂ္ဂိုလ်တစ်ဦးပါပေ။

### ကျောင်းအုပ်ကြီး၏ ဝေဖန်ချက်

ကျွန်ုပ်စကားထစ်တတ်ခြင်းကို ဆရာအင်းဂလစ်စ်က သိသော်လည်း အင်္ဂလိပ်စကားပြောတတ်ဖို့ အစွမ်းအစရှိသည်ဟု ယူဆသည့် လက္ခဏာနှင့် ကျောင်းကွန်းဆတ် (Concert) ၌ လည်းကောင်း၊ စကားရည်လုပွဲများ၌လည်းကောင်း ဆရာအင်းဂလစ်စ်သည် မောင်ရီနှင့် ကျွန်ုပ်အား အမြဲတမ်းရွေးချယ်ထည့်သွင်း၍ အင်္ဂလိပ်လို ပြောပုံဆိုနည်းများ သင်ပြပေး၏။ ကျွန်ုပ်လည်း ကြိုးစားပါသည်။ 'ကွန်းဆတ်'များ၌ မောင်ရီနှင့် ကျွန်ုပ် ကျက်၍ပြောရသည့် ရယ်ရွှင်ဖွယ် အပြန်အလှန်စကားမျိုး (Dialogues) ပြောရာတွင် ဝေဖန်ဖို့မလိုသဖြင့် ဝေဖန်ခြင်းမခံရသော်လည်း တစ်နေ့သ၌ အင်္ဂလိပ်လို စကားရည်လုပွဲတစ်ခုအဆုံးတွင် ကျောင်းအုပ်ကြီးက စကားပြောသူများအကြောင်းကို ဝေဖန်ပါသည်။ စင်စစ်မှာ ကျွန်ုပ်သည် မိမိ၏ ချွတ်ယွင်းချက်ကိုသိ၍ ငြင်းသော်လည်း ဆရာအင်းဂလစ်စ်၏ အားပေးမှုကြောင့် ပါဝင်ခြင်းဖြစ်ပါသည်။

ကျောင်းအုပ်ကြီးသည် ကျွန်ုပ်၏အကြောင်းကိုဝေဖန်ရာ 'ဖေသိန်းက အသံထွက်တော့ကောင်းပါရဲ့၊ သို့သော်လည်း သူ့လျှာက အာခေါင်မှာ တစ်ချက်တစ်ချက် ကပ်ကပ်နေတတ်တယ်'ဟု ပြောလေသည်။ ကျွန်ုပ်သည် ထိုနေ့မှစ၍ စကားရည်လုပွဲများတွင် အပါအဝင်မလုပ်တော့ဘဲနေခဲ့ရာ ဆရာအင်းဂလစ်စ်ကမူ ကျောင်းအုပ်ကြီးအပေါ်၌ စိတ်ဆိုးပုံရသည်။ ကျွန်ုပ်သည် ကံမကောင်းသဖြင့် အင်္ဂါမစုံဘဲ မွေးခဲ့လျှင် ရှက်ဖွယ်ရာဟု ယူဆလိမ့်မည်မဟုတ်သကဲ့သို့ စကားထစ်ခြင်းအတွက် ရှက်စရာဟူ၍မယူဆပေ။ သို့ရာတွင် မိမိ၏ချွတ်ယွင်းချက်ကို သိလျက်နှင့် နေရာတကာတိုင်း စကားပြောချင်သည်ဟု အထင်ခံရမည်ကိုကား ရှက်တတ်ဖို့ နားလည်ပါသည်။

ဆက်လက်ဖော်ပြပါမည်။

## ကျိုက်ထိုမြို့နယ်၌ ၂၀၂၅ ခုနှစ် စဉ်ဆက်မပြတ်ပညာရေးလုပ်ငန်း ခရိုင်အဆင့်နည်းပြနှင့်ကြီးကြပ်ရေးသင်တန်းဖွင့်ပွဲကျင်းပ

ကျိုက်ထို ဇန်နဝါရီ ၂၈

မွန်ပြည်နယ် ကျိုက်ထိုခရိုင် ကျိုက်ထိုမြို့နယ်အတွင်း စဉ်ဆက်မပြတ် ပညာရေးလုပ်ငန်း ခရိုင်အဆင့် နည်းပြနှင့် ကြီးကြပ်ရေးသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီလ ၂၇ ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရာပြည့်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျိုက်ထိုခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးဇေယျာဦးက မွန်ပြည်နယ်အတွင်း စာတတ်မြောက်ရေးလုပ်ငန်း ဆောင်ရွက်ပြီးနောက် ကျေးလက်နေပြည်သူများ၊ တိုင်းရင်းသားပြည်သူများအတွက် စဉ်ဆက်မပြတ် ပညာရေးလုပ်ငန်း ဆောင်ရွက်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးနှင့် ပညာရေး၊ ကျန်းမာရေးနှင့်လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့က ခွင့်ပြုခဲ့ပြီး ဗဟိုအဆင့်နည်းပြသင်တန်းကိုလည်း ဖွင့်လှစ်ပြီးဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ယင်းသင်တန်းတွင် ပြည်နယ်ပညာရေးမှူးရုံးမှ သင်တန်းကြီးကြပ်ရေးမှူး ဆရာမကြီး ဒေါ်သိင်္ဂီစိုးမြင့်နှင့် ကြီးကြပ်သုံးဦးတို့က သင်တန်းတက်ရောက်သူနည်းပြ ၃၀ ဦးအား ငါးရက်ကြာသင်တန်းပို့ချပေးလျက်ရှိပြီး တက်ရောက်လာသည့် နည်းပြများကလည်း စဉ်ဆက်မပြတ်ပညာရေးလုပ်ငန်းကို ဖေဖော်ဝါရီလ ၁ ရက်မှ မတ်လ ၃၁ ရက်အထိ သင်တန်းသား ၃၀၀ အား ဆက်လက်သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

ချမ်းမြေ့



# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

# မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ သတ္တမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ




**နေပြည်တော် ဇန်နဝါရီ ၂၈**

မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ သတ္တမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်နှင့် အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားအဆင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ အတွင်းရေးမှူးအဖွဲ့ အဖွဲ့ဝင်ညွှန်ကြားရေးမှူးချုပ်များ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး အမျိုးသားကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ အလုပ်ရှင်အဖွဲ့အစည်းနှင့် လူမှုအဖွဲ့အစည်းများက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သဖြင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာလုပ်ငန်းစဉ်များအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အကြောင်းအမျိုးမျိုးကြောင့် နှောင့်နှေးကြန့်ကြာမှုများ၊ အခက်အခဲများ၊ အားနည်းချက်များရှိသော်လည်း ကလေးအလုပ်သမားလျော့နည်းပပျောက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်သတ်မှတ်ကာ စီမံချက်ပါ အညွှန်းကိန်းများ ရရှိအောင် ရေရှည်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အမျိုးသားအဆင့် လုပ်ငန်းကော်မတီ(၈)ရပ်အနေဖြင့် လုပ်ငန်းစီမံချက် (၂၀၂၄-၂၀၂၈ ခုနှစ်)ပါ အညွှန်းကိန်းများကို ရရှိအောင် အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း။

ကလေးအလုပ်သမားအများစုသည် ဆင်းရဲနွမ်းပါးမှု၊ ပညာသင်ယူခွင့်အားနည်းမှုနှင့် မိသားစုစားဝတ်နေရေးအတွက် ဝင်ငွေရအလုပ်အကိုင်များကို မဖြစ်မနေလုပ်ကိုင်ရန် ဖိအားများကြုံတွေ့နေရသဖြင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာကိစ္စရပ်များကို အရှိန်အဟုန်မပျက် ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်နှင့် အမျိုးသားကော်မတီဝင်များ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌများနှင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌများ၊ အရပ်ဘက် အဖွဲ့အစည်းများအနေဖြင့် ကလေးအလုပ်သမားပပျောက်ရေးကို အထိရောက်ဆုံး အောင်မြင်အောင် ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အားနည်းချက်၊ အားသာချက်များကို ပွင့်လင်းစွာဆွေးနွေးတင်ပြသွားစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်က မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ဆွေးနွေးတင်ပြပြီး ဒုတိယဝန်ကြီး ဦးဝင်းရှိန်က ဆဋ္ဌမအကြိမ် အမျိုးသားကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် လုပ်ငန်းကော်မတီ(၈)ရပ်၏ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီအဖွဲ့ဝင်ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် ဒုတိယငါးနှစ်လုပ်ငန်းစီမံချက်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြပြီး အမျိုးသားကော်မတီ တွဲဖက်အတွင်းရေးမှူးက သတ္တမအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များကို ဖတ်ကြားတင်ပြကာ အတည်ပြုချက်ရယူသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ဆွေးနွေးတင်ပြမှုများနှင့်ပတ်သက်၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်မှ **"ပြည်သူကို နည်းမျိုးစုံနဲ့ဒုက္ခပေးလျက် အကြမ်းဖက် PDF"** ခေါင်းစဉ်ဖြင့် ၂၉-၁-၂၀၂၅ ရက် **(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"နိုင်ငံရပ်ခြားတွင် အခြေကျနေကုန်သော တော်လှန်ရေးဗန်းပြသူများ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| မြို့ | အနိမ့်ဆုံး | / အမြင့်ဆုံးအပူချိန် |
|---|---|---|
| နေပြည်တော် | ၁၅°C | / ၃၂°C |
| ရန်ကုန် | ၁၈°C | / ၃၄°C |
| မန္တလေး | ၁၇°C | / ၃၃°C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ဘားအံမြို့နယ် ရဲသာတူးမြောင်းမှ ကမော့ကစင်ကျေးရွာအထိ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

ဘားအံ ဇန်နဝါရီ ၂၈

ကရင်ပြည်နယ် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒေသထုတ်ကုန်များ ဈေးကွက်သို့ လွယ်ကူချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်စေရန်ရည်ရွယ်၍ ရဲသာတူးမြောင်းမှ ကမော့ကစင်ကျေးရွာအထိ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဇန်နဝါရီလ ၂၈ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်ခင်ဇာဝင့်၊ ခရိုင်/မြို့နယ်မှတာဝန်ရှိသူများနှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာဝန်ထမ်းများက ကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ)က လုပ်ငန်းများ စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်သွားရန်နှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် မှာကြားသည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်းသည် အရှည် ၂ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ထု ၃ ပေ ၉ လက်မရှိပြီး ယင်းလမ်းပေါ်၌ အရှည် ၅ ပေ၊ အကျယ်၂၄ ပေ၊ အမြင့် ၅ ပေရှိ Box Culvert တစ်စင်း၊ အရှည် ပေ ၃၀၊ အကျယ် ၁၄ ပေ၊ ထု ၈ လက်မရှိ ကွန်ကရစ်တံတားတစ်စင်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရခွင့်ပြုငွေ ငွေကျပ် ၁၀၇ ဒသမ ၂၄ သန်းဖြင့် ဒေါနကြယ်စင်ကုမ္ပဏီမှ ၂၀၂၄ ခုနှစ် ဇွန်လ ဒုတိယပတ်က စတင်တာဝန်ယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကိုသက်



# ပွင့်ဖြူမြို့နယ်၌ အရပ်ရပ်အခွင့်အရေးလိုင်စင် ၅၀ အနက် သားသတ်လုပ်ငန်းလိုင်စင်လေးခုအား ဈေးပြိုင်စနစ်ဖြင့် လေလံရောင်းချပေးခဲ့

ပွင့်ဖြူ ဇန်နဝါရီ ၂၈

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် ဈေးပြိုင်စနစ်ဖြင့် ရောင်းချရန်ရှိသည့် အရပ်ရပ်အခွင့်အရေးလိုင်စင် ၅၀ အနက် သားသတ်လုပ်ငန်းလိုင်စင်လေးခုအား ဈေးပြိုင်စနစ်ဖြင့် လေလံရောင်းချပေးခြင်းကို ဇန်နဝါရီ ၂၇ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အရပ်ရပ်အခွင့်အရေးလိုင်စင်များ လေလံရောင်းချမှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလင်းလင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလင်းမင်းညွန့်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် ဈေးပြိုင်စနစ်ဖြင့်ရောင်းချမည့် အရပ်ရပ်အခွင့်အရေးလိုင်စင်များနှင့် သားသတ်လုပ်ငန်းလိုင်စင်အမျိုးအစားအလိုက် ဝယ်ယူရမည့် လိုင်စင်စည်းကမ်းချက်များ၊ ရည်ညွှန်းအသားဈေးနှုန်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်အရပ်ရပ်အခွင့်အရေးလိုင်စင်များ လေလံရောင်းချမှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရောင်းချရန်ရှိသည့် အရပ်ရပ်အခွင့်အရေးလိုင်စင် ၅၀ အနက် သားသတ်လုပ်ငန်းလိုင်စင်လေးခုအား ရည်ညွှန်းကြမ်းခင်းဈေးနှုန်းများသတ်မှတ်၍ ဈေးပြိုင်စနစ်ဖြင့် လေလံရောင်းချပေးရာ ဝယ်ယူလုပ်ကိုင်လိုသော စီးပွားရေးလုပ်ငန်းရှင်များက အပြိုင်ဝယ်ယူကြသဖြင့် အောင်မြင်စွာလေလံရောင်းချပေးနိုင်ခဲ့ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

# မုဒုံမြို့၌ အခြေခံအိတ်ချုပ်နည်းပညာသင်တန်းဆင်းပွဲကျင်းပ

မုဒုံ ဇန်နဝါရီ ၂၈


မွန်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း (မုဒုံ)၌ အခြေခံ အိတ်ချုပ်နည်းပညာသင်တန်းဆင်းပွဲကို ဇန်နဝါရီလ ၂၇ ရက်က မုဒုံမြို့ရှိ အဆိုပါသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နွယ်နွယ်သန်းက သင်တန်းကျောင်းအနေဖြင့် ကျေးလက်နေအမျိုးသမီးငယ်များ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်၊ တစ်နိုင်တစ်ပိုင်လုပ်ငန်းများထူထောင်ပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်အတွက် ရက်ကန်းကျွမ်းကျင်မှုဆိုင်ရာ ပညာရပ်များအပြင် တခြားနည်းပညာပေး သင်တန်းများကို ဖွင့်လှစ်လျက်ရှိကြောင်း အမှာစကားပြောကြားပြီး သင်တန်းသူများအား သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မွန်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိက သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ဆုချီးမြှင့်၍ ကျောင်းအုပ်ဆရာမကြီးက သင်တန်းသူများ၏ သင်တန်းထုတ်ကုန်ပစ္စည်းများကို ပေးအပ်သည်။

အဆိုပါသင်တန်းတွင် သင်တန်းသူ ၂၀ ဦးတက်ရောက်ခဲ့ပြီး အိတ်ချုပ်နည်းခြောက်မျိုးကို ၁၅ ရက်ကြာ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

အောင်မျိုးသူ(ပြန်/ဆက်)




# ဆီထွက်သီးနှံစိုက်ပျိုးသည့် သမဝါယမအသင်းသားတောင်သူ ၇၅ ဦးအား နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများ ထုတ်ချေးပေး

ကျောက်ဆည် ဇန်နဝါရီ ၂၈

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇန်နဝါရီလ ၂၇ ရက်က ဒေသတွင်းစားသုံးဆီဖူလုံစေရန်နှင့် တောင်သူတစ်ဦးချင်း ဝင်ငွေတိုးပွားစေရန်ရည်ရွယ်၍ ဆီထွက်သီးနှံစိုက်ပျိုးသည့် သမဝါယမအသင်းသား တောင်သူ ၇၅ ဦးအား နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများ ထုတ်ချေးပေးကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်စီမံကိန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လင်းထွန်းက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ၂၀၂၄ ခုနှစ်တွင် နှမ်းစပါးစိုက်ပျိုးရေးအတွက် သမဝါယမအသင်းလေးသင်းမှစိုက်ပျိုးသည့် နှမ်းစပါး ၄၁၈ ဧကအတွက် ငွေကျပ် ၈၃ ဒသမ ၆ သန်း ထုတ်ချေးပေးခဲ့ပြီး ချေးငွေသက်တမ်းပြည့်ချိန်တွင် အတိုး၊ အရင်းများ ပြန်လည်ပေးဆပ်နိုင်ခဲ့၍ ဝါစိုက်ပျိုးရေးစီမံကိန်းအတွက် သမဝါယမအသင်းနှစ်သင်းမှ စိုက်ပျိုးသည့် ဝါဧက ၁၁၃၀ အတွက် ငွေကျပ် ၂၂၆ သန်း ထုတ်ချေးပေးခဲ့ပြီးဖြစ်ကြောင်းနှင့် ဆီထွက်သီးနှံစိုက်ပျိုးသည့် ကျီးအိပ်နှင့် ရွာတော်ကျေးရွာတို့ရှိ သမဝါယမအသင်းနှစ်သင်းမှ အသင်းသား ၇၅ ဦးအား နေကြာဧက ၂၄၀ အတွက် ရန်ပုံငွေ ငွေကျပ် ၄၈ သန်း ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားကာ ကျီးအိပ်ကျေးရွာနှင့် ရွာတော်ကျေးရွာ အခြေခံသမဝါယမအသင်း ဥက္ကဋ္ဌတို့ထံ ရန်ပုံငွေများပေးအပ်ခဲ့ပြီး နှစ်ဦးနှစ်ဖက်သဘောတူစာချုပ်များ ချုပ်ဆိုခဲ့ကြောင်း သိရသည်။

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများဖြင့် ကျီးအိပ်ကျေးရွာရှိ အခြေခံသမဝါယမအသင်းသားတောင်သူ ၄၀ ဦးက မြေဧက ၁၂၀၊ ရွာတော်ကျေးရွာရှိ အခြေခံသမဝါယမအသင်းသား ၃၅ ဦးက မြေဧက ၁၂၀ စုစုပေါင်းမြေဧက ၂၄၀ တွင် ဒေသရေမြေနှင့်ကိုက်ညီပြီး အထွက်တိုးသည့် ရေဆင်းနေကြာမျိုးများ စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

နေကြာစိုက်ပျိုးခြင်းဖြင့် ပြည်သူများ ကျန်းမာရေးနှင့်ညီညွတ်သော စားသုံးဆီများ စားသုံးနိုင်မည့်အပြင် ဒေသတွင်း စားသုံးဆီဖူလုံမှုလည်း ရှိလာမည်ဖြစ်ကြောင်း သိရသည်။

သက်မောင်(ကျောက်ဆည်)

◆ **အသည်းအစားထိုးမှု**

ယခုအခါ အဋ္ဌမအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှုအား လူနာသုံးဦးဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ပထမနေ့ အသည်းအစားထိုးခွဲစိတ်ကုသမှုကို ယနေ့တွင် မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး(ခုတင် ၁၀၀၀)၊ အထူးကုသမှုစင်တာ၌ ပြုလုပ်ခဲ့သည်။

အဆိုပါ အသည်းအစားထိုးခွဲစိတ်ကုသမှုကို တပ်မတော်မှ အသည်းအစားထိုးခွဲစိတ်ကုသမှုအဖွဲ့နှင့် အိန္ဒိယနိုင်ငံမှ အသည်းအစားထိုးခွဲစိတ်ကုသမှုအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး လူနာဖြစ်သူ တပ်ကြပ်ကြီး နေလင်းဦးနှင့် အသည်းအလှူရှင် ဆရာတော် ဦးမာနိတတို့ကို ခွဲစိတ်ကုသခဲ့ခြင်းဖြစ်သည်။

အသည်းအစားထိုး ခွဲစိတ်ကုသမှု ဆောင်ရွက်ရာတွင် အသည်းအလှူရှင်ထံမှ အသည်းထုတ်ယူခြင်းကို နံနက် ၉ နာရီခွဲ အချိန်တွင်စတင်ခဲ့ပြီး ထုတ်ယူရရှိသော အသည်းကို ညနေ ၅ နာရီအချိန်ခန့်တွင် အသည်းလက်ခံလူနာထံသို့ အစားထိုးခွဲစိတ်ကုသခြင်းဆောင်ရွက်ခဲ့ကာ စုစုပေါင်း ခွဲစိတ်ချိန် ၁၁ နာရီခန့် ကြာမြင့်ခဲ့သည်။ အသည်းအလှူရှင်နှင့် အသည်းလက်ခံလူနာများ၏ ခွဲစိတ်ပြီးနောက်ပိုင်း ကျန်းမာရေးအခြေအနေမှာကောင်းမွန်လျက်ရှိပြီး အထူးကြပ်မတ်ကုသခန်း၌ လိုအပ်သော ပြုစုကုသမှုများကို သက်ဆိုင်ရာပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြု/ ကျွမ်းကျင်သူများက ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

အသည်းအစားထိုးခွဲစိတ်ကုသမှုကို တပ်မတော်မှ တာဝန်ရှိသူအရာရှိကြီးများက ကြည့်ရှုအားပေးခဲ့ပြီး ဇန်နဝါရီလ ၂၉ ရက်နှင့် ၃၀ ရက်များတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

# စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး စာအုပ်များပေးအပ်လှူဒါန်း



**မော်လမြိုင် ဇန်နဝါရီ ၂၈**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်နိုင်ရေးအတွက် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ အခြေခံပညာအထက်တန်းကျောင်း(ရွှေနတ်တောင်)၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် စာကြည့်တိုက်သို့ စာအုပ်များပေးအပ်လှူဒါန်းခြင်းဆောင်ရွက်သည်။

ရှေးဦးစွာ မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျောင်းသားကျောင်းသူများ၏စကားပုံဆက်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် အရုပ်ဆက်ပြိုင်ပွဲယှဉ်ပြိုင်နေမှုတို့ကို ကြည့်ရှုအားပေးပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများ၏ စာပေစကားဝိုင်းဆွေးနွေးနေမှုနှင့် သုတ၊ ရသ စာအုပ်စာစောင်များ ခင်းကျင်းပြသထားရှိမှုများကို ကြည့်ရှုအားပေးသည်။ ယင်းနောက်ပြည်နယ်ဝန်ကြီးချုပ်က ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များပေးအပ်လှူဒါန်းရာ ကျောင်းတာဝန်ရှိသူတစ်ဦးကလက်ခံရယူသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကြာအင်းကျေးရွာ ကြယ်စင်အလင်းဥယျာဉ်စာကြည့်တိုက်ရှိ စာအုပ်စာစောင်များထားရှိမှု၊ စာပေလေ့လာဖတ်ရှုနိုင်ရေးစီစဉ်ဆောင်ရွက်ထားရှိမှုများ၊ စာကြည့်တိုက်အတွင်း လေဝင်လေထွက်ကောင်းမွန်မှု၊ စာဖတ်စားပွဲနှင့် ပရိဘောဂပစ္စည်းများ ပြည့်စုံလုံလောက်မှုအခြေအနေများကိုကြည့်ရှု၍ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပြီး စာကြည့်တိုက်၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**



# ရွှေကျင်မြို့၌ စာအုပ်စာစောင်ပြပွဲကျင်းပ

**ရွှေကျင် ဇန်နဝါရီ ၂၈**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ကျွဲတဲရပ်ကွက် အခြေခံပညာမူလတန်း(လွန်)ကျောင်း၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့် စာအုပ်စာစောင်ပြပွဲကို ယနေ့တွင် ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စုမြတ်စန်းက အဖွင့်အမှာစကားပြောကြားပြီး ရွှေကျင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမျိုးမြင့်မိုးက စာပေဖတ်ရှုခြင်း၏ အကျိုးကျေးဇူးအကြောင်းနှင့် လူကုန်ကူးမှုအန္တရာယ်ခေါင်းစဉ်ဖြင့် ဟောပြောသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူလေးများက သိရှိလိုသည့်မေးမြန်းချက်များကိုမေးမြန်းရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမျိုးမြင့်မိုးက ပြန်လည်ဖြေကြားပေးပြီး နယ်လှည့်စာကြည့်တိုက်လှုပ်ရှားမှုအနေဖြင့် သိကောင်းစရာအသိပညာပေး သုတ၊ ရသစာအုပ်စာစောင်များကိုပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုကြကြောင်း သိရသည်။ **ထွန်းထွန်းဇော်(ပြန်/ဆက်)**

# မြောင်းမြမြို့၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် ပြပွဲများကျင်းပ

**မြောင်းမြ ဇန်နဝါရီ ၂၈**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် ပြပွဲများကို ယနေ့တွင် ကျင်းပသည်။



အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးစန္ဒာသင်းက အမှာစကားပြောကြားပြီး မြောင်းမြခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာကြည်က စာပေဟောပြောပွဲနှင့် ပြပွဲများပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြောင်းမြမြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဆရာကြီးဦးကျင်စိုး(မော်လိုင်းသစ်-ချစ်စရာမြေ) က "ကျေးဇူးတရားထွန်းကားရာမြေ" ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် နံရံကပ်စာစောင်များနှင့် စာအုပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာကြသည်။

မြောင်းမြခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည်ပြည်သူများ၊ လူငယ်များ၊ ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှုနှိမြင့်မားလာပြီး အသိပညာဗဟုသုတကြွယ်ဝလာစေရန် အသိပညာပေး Talk Show ပွဲများ၊ စာဖတ်ဝိုင်း၊ ဆွေးနွေးပွဲများ၊ ဟောပြောပွဲများ၊ စာအုပ်စာစောင်နှင့် နံရံကပ်စာစောင်ပြပွဲများကို လစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ဇေယျာ(မြောင်းမြ)**

# မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်

**ကဝ ဇန်နဝါရီ ၂၈**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်မီးသတ်ဦးစီးဌာနက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် နှိုးဆော်ခြင်းကို ယနေ့နံနက်ပိုင်းတွင် စတင်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ကဝမြို့နယ် မီးသတ်ဦးစီးတာဝန်ရှိသူများက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလိုက်လံနှိုးဆော်ရာတွင် မီးကိုပေါ့ဆစွာ အသုံးပြုသူတစ်ဦးတစ်ယောက်၏ ပေါ့ဆမှုကြောင့် မီးဘေးအန္တရာယ်ဆိုးနှင့် မကြုံတွေ့ရစေရန် မီးသတ်တပ်ဖွဲ့ဥပဒေအရ ထုတ်ပြန်ထားသော မီးဘေးသတိမူရေးနှိုးဆော်ချက်များအားလိုက်နာဆောင်ရွက်ကြရန်နှင့် ရုံးဌာန အဆောက်အအုံများနှင့် အိမ်တိုင်းတွင် မီးချိတ်မီးကပ်၊ ရေပုံး၊ သဲပုံး၊ ရေအိုး၊ ရေကန်၊ ရေပီပါများ ရေအပြည့်ထားရှိရန်၊ မီးဖိုနှင့်ထရံကြားတွင် မီးမလောင်နိုင်သော သွပ်ပြား၊ သံပြားများ ကာရံထားရန်၊ မီးဖိုနှင့် အမိုးကို အနည်းဆုံး ၅ ပေ အကွာတွင်သာထားရှိရန်၊ ဟောင်းနွမ်းဆွေးမြည့်နေသော လျှပ်စစ်ဝိုင်ယာကြိုးများကို အသုံးမပြုကြရန် လိုက်လံနှိုးဆော်ပေးသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက တစ်အိမ်တက်ဆင်း စစ်ဆေးခြင်း၊ မီးဘေးအန္တရာယ် စိုးရိမ်ရသော လုပ်ငန်းများကို စစ်ဆေးခြင်းနှင့် သရုပ်ပြခြင်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (၄၁၀)

❒ **စလင်းမြို့နယ်မှ**

စလင်းမြို့နယ်အတွင်းရှိ တောင်သူများ ဒေသနှင့်ကိုက်ညီသည့် ကုလားပဲမျိုးများကို စိုက်ပျိုးရာတွင် မျိုးကောင်း မျိုးသန့်များ ရရှိရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသနှင့်ကိုက်ညီသည့် ရေဆင်းကုလားပဲမျိုးများကိုပြောင်းလဲ၍ သိပ္ပံနည်းကျစိုက် နည်းစနစ်များဖြင့် လည်းကောင်း၊ ကြုံကြိုက်၍လည်းကောင်းသင့်လျော်သည့်မြေအနေအထားနှင့်မိုးစပါးရိတ်သိမ်းပြီးချိန်တွင် လယ်မြေများ၌ ထွန်ယက်၍လည်းကောင်းစိုက်ပျိုးကြကြောင်း၊ ယခုအခါ ကုလားပဲစိုက်ခင်းများအောင်မြင်ဖြစ်ထွန်း၍ ယခင်နှစ်ကထက် အဖူး၊ အပွင့်များ ပိုမိုထွက်ရှိလာပြီး အသီးများကောင်းမွန်ကြောင်းသိရသည်။

စလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းရှိ ကုလားပဲစိုက်ပျိုးသူများအတွက် အထွက်နှုန်းကောင်းမွန်၍ လူမှုစီးပွားဘဝကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် ရေဆင်း(၆)၊ ရေဆင်း(၁၂)၊ ရေဆင်း(၃)၊ ရေဆင်း(၈)၊ ရေဆင်း (၁၀)နှင့် ရေဆင်း(၁၃) ကုလားပဲမျိုးများကို ဖြန့်ဝေပေးခဲ့သည်။ ထို့ပြင် ကုလားပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရေးအတွက် လိုအပ်သည့် နည်းပညာပံ့ပိုးမှုများ၊ ရာသီဥတုကိုလိုက်၍ ပိုးသတ်ဆေးအသုံးပြုပုံနည်းပညာများ ဖြန့်ဝေပေးခဲ့သောကြောင့် ကုလားပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း၊ ယခုဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မြို့နယ်အတွင်း ကုလားပဲ ၃၉၂၈ ဧက စိုက်ပျိုးပြီးစီးကြောင်း သိရသည်။

စလင်းမြို့နယ်၌ ဒေသခံတောင်သူများသည် ကုလားပဲအပါအဝင် ပဲမျိုးစုံကို ဧကများတိုးချဲ့စိုက်ပျိုးလျက်ရှိပြီး သီးနှံအထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက နိုင်ငံတော်အတွက် ပြည်ပသို့ ပဲမျိုးစုံတင်ပို့မှုကို အထောက်အကူပြုနိုင်မည်ဖြစ်ကာ တောင်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းသိရသည်။ **မောင်လွင်(စလင်း)**

# ကျန်းမာရေးအတွက်ကောင်းကျိုးများစေတဲ့ဝဥ





**ဝဥကြာဆံရဲ့ကောင်းကျိုးအဖြာဖြာ**

ဝဥကြာဆံက အစာခြေမှုလုပ်ငန်းစဉ်နှေးကွေးတာကြောင့် အစားပိုစားခြင်းကိုရှောင်ရှားဖို့ ကူညီပေးတဲ့အနေနဲ့ အချိန်ကြာကြာဗိုက်ပြည့်စေပါတယ်။ အူလမ်းကြောင်းမှာရှိတဲ့ ကျန်းမာတဲ့ဗက်တီးရီးယားပိုးတွေက အူလမ်းကြောင်းကျန်းမာရေးကို တိုးတက်ကောင်းမွန်လာစေဖို့ ကူညီပေးနိုင်တဲ့အမျှင်ဓာတ်ကြောင့် အူလမ်းကြောင်းကျန်းမာရေးကို တိုးတက်စေပါတယ်။ ဝဥကြာဆံမှာ သကြားဓာတ်၊ အဆီဓာတ်နဲ့ အာဟာရဓာတ်တွေမပါရှိတာကြောင့် ဗိုက်ဝစေပြီး ကိုယ်တွင်းသကြားဓာတ်ကို လျော့ကျစေပါတယ်။ ဝမ်းချုပ်သူတွေ၊ သွေးတိုး၊ ဆီးချိုရောဂါရှိသူတွေ၊ ကိုယ်အလေးချိန်ထိန်းလိုသူတွေအတွက် အထူးသင့်လျော်တဲ့ ကျန်းမာရေးဓာတ်စာအဖြစ် စားသုံးကြပါတယ်။ ဝဥက ဆီးချိုရောဂါ၊ ဝမ်းရောဂါ၊ သွေးတိုးရောဂါကုသဆေးဝါးတွေ ထုတ်လုပ်တဲ့အခါမှာ ပါဝင်ပစ္စည်းအဖြစ် အသုံးဝင်တဲ့အပင်မျိုးဖြစ်ပါတယ်။

**"မြန်မာလို ဝဥကြာဆံလို့ခေါ်ကြတဲ့ ရှီရာတာကီခေါက်ဆွဲ (Shirataki Noodle) က အမျှင်ဓာတ်များပြီး ကယ်လိုရီနည်းတဲ့ ခေါက်ဆွဲဖြစ်တာကြောင့် အစာခြေစနစ်အပါအဝင် ကျန်းမာရေးအကျိုးကျေးဇူးတွေကို ပေးစွမ်းနိုင်ပါတယ်။ တစ်နည်းအားဖြင့် ဝဥကြာဆံဆိုတာ ဝဥကိုအမှုန့်ပြုလုပ်ပြီး ဆန်ခါစစ်ယူထားတဲ့ ဂလူကိုမန်နန်အမှုန့် (Glucomannan Powder) ကို ရေအဆ ၅၀ ခန့်နဲ့ရောပြီး ကယ်လ်ဆီယမ်ဆားရည်နဲ့ရောစပ်ပြုလုပ်ထားတာဖြစ်ပါတယ်. . ."**

**ဝဥဆန်**

ဝဥဆန်ဆိုတာ ဝဥကြာဆံ၊ ဝဥခေါက်ဆွဲကို ဆန်စေ့ပုံစံသေးသေးလေးတွေဖြစ်အောင် ပြုလုပ်ထားတာဖြစ်ပြီး ဈေးကွက်မှာ အဖြူစွတ်စွတ်အရောင်ကနေ ဆင်စွယ်ရောင်အထိ အမျိုးမျိုးတွေ့ရပါတယ်။ ဝဥဆန် ရေစိမ်ထုပ်နဲ့အခြောက်ထုပ်ဆိုပြီး နှစ်မျိုးရှိပါတယ်။ ရေစိမ်ထုပ်ကိုဖြစ်စေ၊ အခြောက်ထုပ်ကိုဖြစ်စေ ရေဆေးပြီး ရေနွေးပူပူထဲမှာ ၁၀ မိနစ်၊ ၁၅ မိနစ်လောက် ထည့်ပြုတ်ရပါတယ်။ ကျက်ရင်ဆယ်ယူပြီး ထမင်းပူပူလိုမျိုး စားသုံးနိုင်ပါတယ်။ တချို့ ဝဥဆန် ရေစိမ်ထုပ်တွေက ငါးမိနစ်လောက်သာ ပြုတ်ရပါတယ်။

**ဝဥကြာဆံ (Shirataki Noodle)၏ ကောင်းကျိုးများ**

မြန်မာလို ဝဥကြာဆံလို့ခေါ်ကြတဲ့ ရှီရာတာကီခေါက်ဆွဲ (Shirataki Noodle) က အမျှင်ဓာတ်များပြီး ကယ်လိုရီနည်းတဲ့ခေါက်ဆွဲဖြစ်တာကြောင့် အစာခြေစနစ်အပါအဝင် ကျန်းမာရေးအကျိုးကျေးဇူးတွေကို ပေးစွမ်းနိုင်ပါတယ်။ တစ်နည်းအားဖြင့် ဝဥကြာဆံဆိုတာ ဝဥကိုအမှုန့်ပြုလုပ်ပြီး ဆန်ခါစစ်ယူထားတဲ့ ဂလူကိုမန်နန်အမှုန့် (Glucomannan Powder) ကို ရေအဆ ၅၀ ခန့်နဲ့ရောပြီး ကယ်လ်ဆီယမ်ဆားရည်နဲ့ ရောစပ်ပြုလုပ်ထားတာဖြစ်ပါတယ်။ ဂလူကိုမန်နန်မှာ ကျန်းမာရေးအကျိုးကျေးဇူးတွေပေးစွမ်းနိုင်တဲ့ အမျှင်ဓာတ်မြင့်မားစွာပါဝင်တာကြောင့် ဝဥကြာဆံက လွန်ခဲ့တဲ့နှစ်နှစ်ခန့်မှစပြီး ဈေးကွက်အတွင်း ဝယ်ယူစားသုံးမှုများပြားလာတဲ့ စားသောက်ကုန်ပစ္စည်းတစ်မျိုးဖြစ်ပါတယ်။ တောင်ကိုရီးယားနိုင်ငံနဲ့ ဂျပန်နိုင်ငံအပါအဝင် အာရှနိုင်ငံအများစုမှာ ကိုယ်အလေးချိန်ထိန်းနေသူတွေကြား ရေပန်းစားလူကြိုက်များပြီး သုညခေါက်ဆွဲ (Zero Noodle) အမည်နဲ့လည်း ကျော်ကြားပါတယ်။ ဒါကြောင့် ရှီရာတာကီခေါက်ဆွဲက ကယ်လိုရီပမာဏနည်းပါးပေမယ့် အားဖြည့်ပေးတဲ့ ထူးခြားတဲ့အစားအစာတစ်ခုလို့ ဆိုကြပါတယ်။

**ဝဥခေါက်ဆွဲ ခေါ် ဝဥကြာဆံ**

ဝဥကြာဆံကို မိမိတို့နှစ်သက်ရာ အသား၊ အသီးအရွက်တွေနဲ့ ရောကြော်ခြင်း၊ ပြုတ်ခြင်း၊ သုပ်ခြင်းတို့ ပြုလုပ်စားသုံးနိုင်ပါတယ်။ ဝဥခေါက်ဆွဲက သွေးတွင်းသကြားဓာတ်ပမာဏကို ထိန်းညှိပေးတာကြောင့် ကျန်းမာရေးအတွက် အထူးသင့်လျော်ပါတယ်။ ဝဥခေါက်ဆွဲကို ရေနွေးပူပူထဲမှာ အနည်းဆုံး ၁၅ မိနစ်ခန့်ပြုတ်၊ အေးအောင်ရေနဲ့ဆေးချပြီး ကြိုက်နှစ်သက်ရာနဲ့ရောပြီး စားသုံးနိုင်ပါတယ်။ ဝဥခေါက်ဆွဲမှာ ရေဓာတ် ၉၇ ရာခိုင်နှုန်းနဲ့ ဂလူကိုမန်နန်အမျှင် ၃ ရာခိုင်နှုန်းပါဝင်တာကြောင့် ကယ်လိုရီပမာဏ သုညရာခိုင်နှုန်းဖြစ်ပြီး ဝိတ်မတက်စေတာဖြစ်ပါတယ်။

**ဝဥကရတဲ့ ဂလူကိုမန်နန်အမျှင် (Glucomannan Fiber)**

ဂလူကိုမန်နန်အမျှင်က အလွန်ပျစ်သောအမျှင်ဖြစ်ပြီး Gel လေးမျိုးဖြင့် ရေကိုစုပ်ယူနိုင်ပြီး ပျော်ဝင်နိုင်တဲ့အမျှင်အမျိုးအစားဖြစ်ပါတယ်။ ဂလူကိုမန်နန်အမျှင်အပျစ်က Prebiotic အဖြစ်လုပ်ဆောင်ပြီး အစာအိမ်အတွင်းရှိတဲ့ ဗက်တီးရီးယားတွေကို အစာကျွေးတဲ့အလုပ်ကို လုပ်ဆောင်တာကြောင့် အစာအိမ် Flora ဒါမှမဟုတ် Microbiota လို့ခေါ်ပါတယ်။ အဲဒီဗက်တီးရီးယားတွေက အူမကြီးရောင်ရမ်းမှုကို လျှော့ချနိုင်ကာ ကိုယ်ခံအားကိုမြှင့်တင်ပေးပြီး တခြားသော ကျန်းမာရေးအကျိုးကျေးဇူးတွေကို ပေးစွမ်းနိုင်ပါတယ်။ ကာဗိုဟိုက်ဒရိတ်များမစားသုံးမီ ဂလူကိုမန်နန်ကိုသောက်သုံးခြင်းက ဆာလောင်မှုဟော်မုန်းပမာဏကို လျော့ကျစေတယ်လို့ လေ့လာမှုတစ်ခုက ဆိုထားပါတယ်။ ဒါကြောင့် ဂလူကိုမန်နန်က ကယ်လိုရီစားသုံးမှုကိုလျော့ကျစေပြီး ကိုယ်အလေးချိန်ကျစေတဲ့ ပြည့်ဝတဲ့ခံစားချက်ကို မြှင့်တင်ပေးတာသေချာပါတယ်။ ဂလူကိုမန်နန်မှာ ဆီးချိုရောဂါနဲ့ အင်ဆူလင်ခံနိုင်ရည်ရှိသူတွေအတွက် သွေးတွင်းသကြားဓာတ်နဲ့ အင်ဆူလင်ပမာဏကို လျှော့ချပေးနိုင်ကြောင်း ပြသထားပါတယ်။

ပြည်ပကအသေးစားလေ့လာမှုတစ်ခုမှာ ဝဥထုတ်ကုန်တွေ (ဥပမာ-Shirataki Noodle) ကို သုံးလကြာ စားသုံးခြင်းဖြင့် အမျိုးအစား (၂) ဆီးချိုရောဂါရှိသူတွေမှာ အစာရှောင်သောသွေးတွင်းသကြားဓာတ်ပမာဏနဲ့ ဟေမိုဂလိုဘင် A1c တို့ကို သိသိသာသာ လျော့ကျစေတယ်လို့ဆိုထားပါတယ်။ တခြားလေ့လာမှုတစ်ခုမှာ ဆန်မှုန့်နဲ့အတူ ဂလူကိုမန်နန်ကို စားသုံးခြင်းက ထိန်းချုပ်မှုအုပ်စုနဲ့နှိုင်းယှဉ်ရင် သွေးတွင်းသကြားဓာတ်နဲ့ အင်ဆူလင်ပမာဏတိုးလာခြင်းကို တားဆီးပေးပါတယ်။ ရှီရာတာကီခေါက်ဆွဲက အစာစားပြီးနောက်မှာ သွေးတွင်းသကြားဓာတ်တက်ခြင်းကို တားဆီးပေးနိုင်ပါတယ်။ လေ့လာမှုတွေအရ ဂလူကိုမန်နန်က ကိုလက်စထရောအဆင့်ကို လျှော့ချနိုင်ပါတယ်။ ဂလူကိုမန်နန်က ဝမ်းထဲမှာစွန့်ထုတ်တဲ့ ကိုလက်စထရောပမာဏကိုတိုးစေပြီး သွေးကြောထဲသို့ ပြန်လည်စုပ်ယူမှုနည်းသွားစေနိုင်ကြောင်း သုတေသီတွေက ဖော်ထုတ်ထားပါတယ်။ တစ်နေ့ကို ဂလူကိုမန်နန် ၃ ဂရမ်သောက်ခြင်းဖြင့် LDL ကိုလက်စထရောအဆင့်ကို ၁၀ ရာခိုင်နှုန်းနဲ့ Non-HDL ကိုလက်စထရောအဆင့်ကို ၇ ရာခိုင်နှုန်း လျော့နည်းစေကြောင်း Meta-analysis မှာ တွေ့ရှိခဲ့ပါတယ်။ ဝမ်းချုပ်တာကို သက်သာစေနိုင်ပါတယ်။

**ဂလူကိုမန်နန်ဖြည့်စွက်စာ**

ဂလူကိုမန်နန်ဖြည့်စွက်စာက ဝမ်းချုပ်တဲ့ကလေးတွေအတွက် ဝမ်းသွားတဲ့အကြိမ်ရေကိုတိုးမြှင့်စေနိုင်တယ်လို့ တွေ့ရပေမယ့် ဝမ်းချုပ်ခြင်း ဒါမှမဟုတ် ဝမ်းချုပ်ခြင်းကို အောင်မြင်စွာကုသရာမှာ သိသာတဲ့ အကျိုးသက်ရောက်မှုမရှိပါဘူး။ တချို့သော သုတေသနပြုချက်တွေအရ ဂလူကိုမန်နန်က ကလေးနဲ့ လူကြီးတွေ ဝမ်းချုပ်ခြင်းအတွက် ထိရောက်တဲ့ကုသမှုတစ်ခုဖြစ်တယ်လို့ဆိုကြပါတယ်။ ဂလူကိုမန်နန်ရဲ့ ဝမ်းနှုတ်ဆေးအာနိသင်နဲ့ အူလမ်းကြောင်းကျန်းမာရေးအတွက် အကျိုးကျေးဇူးတွေကြောင့် ကလေးတွေနဲ့ လူကြီးတွေရဲ့ဝမ်းချုပ်တာကို ထိရောက်စွာကုသနိုင်ပါတယ်။

**ဝဥခေါက်ဆွဲရဲ့ ဖြစ်နိုင်ခြေရှိသော ဘေးထွက်ဆိုးကျိုးများ**

ဝဥက ကျန်းမာရေးအတွက် ကောင်းကျိုးများပေမယ့် အစာခြေစနစ်ပြဿနာရှိသူတွေ၊ ရောဂါအခံရှိသူတွေ၊ ကိုယ်ဝန်ဆောင်တွေ၊ နို့တိုက်မိခင်တွေအနေနဲ့ ဝဥကိုစားသုံးမယ်ဆိုရင် ဆရာဝန်နဲ့တိုင်ပင်ပြီးမှ စားသင့်ပါတယ်။ သာမန်လူတွေအနေနဲ့လည်း အလွန်အကျွံစားတာကိုရှောင်ကြဉ်သင့်ပါတယ်။ ဝဥခေါက်ဆွဲက လူအများစုအတွက် ဘေးကင်းတယ်လို့ယူဆထားကြပြီး ဖြစ်နိုင်ခြေရှိတဲ့ဘေးထွက်ဆိုးကျိုးအများကြီးမရှိပေမယ့် လိုတာထက်ပိုစားရင်တော့ အသက်ရှူရခက်ခြင်း၊ ဝမ်းပျက်ခြင်း၊ ဝမ်းသွားခြင်း၊ အစာအိမ်အောင့်ခြင်း၊ ဝမ်းဗိုက်အောင့်ခြင်း၊ ဖောရောင်ခြင်းကဲ့သို့သော အစာခြေလမ်းကြောင်းဆိုင်ရာ ပြဿနာများ၊ အရေပြားနီမြန်းခြင်းနှင့် ရောင်ရမ်းခြင်းစတဲ့ ဘေးထွက်ဆိုးကျိုးတွေကို ဖြစ်ပေါ်စေနိုင်ပါတယ်။

သွေးတွင်းသကြားဓာတ်ထိန်းပေးနိုင်တာကြောင့် ဝဥခေါက်ဆွဲမှာ ကယ်လိုရီနဲ့ ကာဗိုဟိုက်ဒရိတ်အနည်းငယ်ပါရှိတဲ့ အံ့ဖွယ်ရာဖွေတွေ့ရှိမှုတစ်ခုလို့ ထင်ရပေမယ့် တခြားအစားအစာတွေလိုပဲ ယင်းတို့ကို အသင့်အတင့်စားသုံးဖို့ သတိပေးလိုပါတယ်။ Better than Noodles အတွက် Amazon စာရင်းမှာပါဝင်တဲ့ ပျော်ဝင်ဖိုင်ဘာပမာဏကြောင့် ဝဥခေါက်ဆွဲကို စားတဲ့အခါမှာ ရေများများသောက်ဖို့လိုပါတယ်။ ဩစတြေးလျနိုင်ငံမှာ ဝဥခေါက်ဆွဲကို စားသုံးဖို့ခွင့်ပြုခဲ့သော်လည်း အစာအိမ်နဲ့ဝမ်းသွားမှုကို အန္တရာယ်ဖြစ်စေနိုင်တာကြောင့် ၁၉၈၆ ခုနှစ်မှာ ယင်းကို ဖြည့်စွက်စာအဖြစ်စားသုံးဖို့ တားမြစ်ခဲ့တာရှိပါတယ်။

အချုပ်အားဖြင့်ဆိုရသော် Zero Noodle ဖြစ်တဲ့ ဝဥကြာဆံ (ခေါ်) ရှီရာတာကီခေါက်ဆွဲ (ခေါ်) ဝဥခေါက်ဆွဲက ကယ်လိုရီပါဝင်မှု အလွန်နည်းတဲ့အပြင် အမျှင်ဓာတ်အများကြီးပါလို့ နည်းနည်းစားရုံနဲ့ဗိုက်ပြည့်ပြီး အစာစားချင်စိတ်ကိုထိန်းပေးတာကြောင့် ကိုယ်အလေးချိန်ထိန်းလိုသူတွေနဲ့ အထူးသင့်လျော်ပါတယ်။ ကိုယ်အလေးချိန်ကျခြင်းအတွက်လည်း အကျိုးရှိစေပါတယ်။ သွေးတွင်းသကြားဓာတ်နဲ့ အင်ဆူလင်ကိုလျှော့ချပေးလို့ ဆီးချိုသမားတွေ ထမင်းအစားထိုးစားနိုင်ပါတယ်။ ဒါတင်မကဘဲ သွေးတွင်းသကြားဓာတ်ကိုထိန်းညှိပေးပြီး ကိုလက်စထရောပမာဏနဲ့ အစာခြေကျန်းမာရေးအတွက် အကျိုးကျေးဇူးတွေရှိပါတယ်။ ကိုလက်စထရောပမာဏကိုနည်းစေလို့ နှလုံးရောဂါနဲ့ လေဖြတ်တာတွေကို ကာကွယ်နိုင်ပါတယ်။ အသားအရေကိုလှပစေပြီး လက်သည်းတွေအတွက်လည်း ကောင်းပါတယ်။ ကိုယ်ခံအားကိုတိုးမြှင့်ပေးလို့ လူကြီးတွေ စားသုံးဖို့သင့်တော်ပါတယ်။ အများစုက ဝဥကြာဆံကို စားသုံးတဲ့အခါ ဘေးကင်းသော်လည်း တချို့သူများအတွက် အစာချေဖျက်မှုပြဿနာအနည်းငယ်ရှိနိုင်သလို တချို့သောဆေးဝါးများရဲ့စုပ်ယူမှုကို လျှော့ချနိုင်တဲ့ ဘေးထွက်ဆိုးကျိုးအနည်းငယ်ရှိပါတယ်။

ဝဥပင်က ပန်းခိုင်ကရရှိတဲ့ မျိုးဥတွေကိုဖြစ်စေ၊ မြေအောက်မှာရှိတဲ့ ဥပွားတွေကိုခွဲယူ၍ဖြစ်စေ၊ တစ်ပိဿာခန့်ရှိတဲ့ဥတွေကို ခွဲခြမ်း၍ဖြစ်စေ၊ အရွက်ကသီးတဲ့မျိုးဥသီးတွေကိုဖြစ်စေ နည်းအမျိုးမျိုးနဲ့စိုက်ပျိုးနိုင်ပြီး စိုက်ပျိုးချိန်ကနေ တူးဖော်တဲ့အချိန်ထိ ခြောက်လခန့်သာကြာမြင့်တဲ့ ကာလတိုအပင်မျိုးဖြစ်ပါတယ်။ မိသားစုအပိုဝင်ငွေအနေနဲ့ တစ်ဖက်တစ်လမ်းက အထောက်အကူပြုတဲ့အပင်ဖြစ်ပြီး စနစ်တကျစိုက်ပျိုးရင် အကျိုးဖြစ်ထွန်းမှုများပြားတာဖြစ်လို့ တစ်နိုင်တစ်ပိုင်စိုက်ပျိုးတာကနေ စီးပွားဖြစ်အများအပြားစိုက်ပျိုးသင့်ပါတယ်။ ကျန်းမာရေးအာနိသင်များတဲ့ စက်မှုကုန်ကြမ်းသီးနှံအဖြစ် ဘက်စုံအသုံးဝင်တဲ့ ဝဥပင်ကို အခုထက်ပိုမိုစိုက်ပျိုးပြီး အစို၊ အခြောက်အမျိုးမျိုးထုတ်လုပ်၍ MSME တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ဈေးကွက်ချဲ့ထွင်တာမျိုးတွေ ပြုလုပ်သင့်ပါကြောင်း ရေးသားလိုက်ရပါတယ်။

ဒေါက်တာလပြည့်ခင်

# မဲခေါင်-လန်ချန်းအစီအစဉ်ဖြင့် စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးသင်တန်းဖွင့်



မင်းဘူး ဇန်နဝါရီ ၂၈

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန သိမ်ကုန်းနည်းပညာပြန့်ပွားရေးစင်တာဝင်းအတွင်းရှိစိုက်ပျိုးပညာပေးရေးနှင့် ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ မဲခေါင်-လန်ချန်းအစီအစဉ်ဖြင့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးသင်တန်းကို ဇန်နဝါရီလ ၂၇ ရက် နံနက် ၁၀ နာရီခွဲတွင်ဖွင့်လှစ်သင်ကြားပို့ချပေးကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းဇော်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး စီမံကိန်းဦးစီးဌာနဒုတိယညွှန်ကြားရေးမှူး ဦးဇော်ကိုကိုဖြိုးက မြန်မာနိုင်ငံအပူပိုင်းဇုန်တွင် မဲခေါင်-လန်ချန်းအစီအစဉ်ဖြင့် ပူးပေါင်းဆောင်ရွက်သည့် စီမံကိန်းအကျဉ်းချုပ်နှင့် သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် မင်းဘူး (စကု)မြို့နယ်၊ ပွင့်ဖြူမြို့နယ်၊ စလင်းမြို့နယ်နှင့် အောင်လံမြို့နယ်တို့မှ သင်တန်းသားတောင်သူ စုစုပေါင်း ၁၂၀ တက်ရောက်သည်။ အဆိုပါသင်တန်းတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် သီးနှံများပျက်စီးဆုံးရှုံးမှုလျော့နည်းစေရန် ဆောင်ရွက်ရမည့်အချက်များ၊ ရာသီဥတုဖောက်ပြန်မှုကြောင့် ပိုးမွှားရောဂါကျရောက်ပြီး စိုက်ပျိုးသီးနှံများပျက်စီးဆုံးရှုံးမှုမရှိစေရေး ဆောင်ရွက်ရမည့် ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းရေးနည်းလမ်းများ၊ တစ်နိုင်တစ်ပိုင် မျိုးသန့်ထိန်းသိမ်းနည်းစနစ်များ၊ လွယ်ကူစွာပြုလုပ်နိုင်သော သဘာဝမြေဩဇာများ စသည့်အကြောင်းအရာများကို ဘာသာရပ်အလိုက် ကျွမ်းကျင်နည်းပြများက စာတွေ့၊ လက်တွေ့ဖြင့် ရက်တိုသင်တန်းဖွင့်လှစ်သင်ကြားပို့ချပေးကြောင်းသိရသည်။

မောင်မောင်(မင်းဘူး)

# သဘာဝဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲ စာအုပ်စာစောင်နှင့် နံရံကပ်စာစောင်ပြပွဲကျင်းပ

ကျောက်ဆည် ဇန်နဝါရီ ၂၈

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်လူထုအခြေပြုဗဟိုဌာန၌ ဇန်နဝါရီလ ၂၇ ရက်တွင် သဘာဝဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် စာအုပ်စာစောင်နှင့် နံရံကပ်စာစောင်ပြပွဲကျင်းပကြောင်း သိရသည်။

အသိပညာပေးဟောပြောပွဲတွင် ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက မုန်တိုင်းအတွက်ကြိုတင်ပြင်ဆင်ရန်အချက်များ၊ မုန်တိုင်းသတိပေးချက်ရလျှင်ဆောင်ရွက်ရန်အချက်များ၊ မုန်တိုင်းဖြစ်ပေါ်နေစဉ်တွင် လိုက်နာရန်အချက်များ၊ ရှောင်ရှားသင့်သည့်အချက်များ၊ ပြုလုပ်ရမည့်အချက်များနှင့် မုန်တိုင်းဖြစ်ပေါ်ပြီးချိန်တွင်ပြုလုပ်ရန်အချက်များကို ရှင်းလင်းပြောကြားသည်။



ထို့နောက် ပွဲသို့တက်ရောက်သူများက ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော သုတ၊ ရသစာအုပ်စာစောင်များနှင့်အရွယ်မရောက်သေးသောကလေးသူငယ်များ စစ်မှုထမ်းခြင်းမှကာကွယ်ခြင်း၊ ကလေးအလုပ်သမားပပျောက်ရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးနံရံကပ်စာစောင်များကို ကြည့်ရှုလေ့လာကြောင်း သိရသည်။

စုစုအေး(ကျောက်ဆည်)

# အိမ်မဲမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေး သင်တန်းပို့ချ

အိမ်မဲ ဇန်နဝါရီ ၂၈

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်အတွင်းရှိ တက္ကသိုလ်ဝင်တန်းဖြေဆိုမည့်ကျောင်းသား၊ ကျောင်းသူများ အောင်ချက်မြင့်မားစေရန်ရည်ရွယ်၍ ပုသိမ်တက္ကသိုလ်မှ ဆရာ၊ ဆရာမကြီးများက ဇန်နဝါရီလ ၂၇ ရက် နံနက်ပိုင်းမှစတင်က နေရာသုံးနေရာခွဲ၍ သင်တန်းပို့ချပေးကြောင်းသိရသည်။

ထိုသို့သင်ကြားပို့ချရာတွင် အိမ်မဲမြို့နယ်အတွင်းမှ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများ အောင်ချက်မြင့်မားစေရေးအတွက်ပုသိမ်တက္ကသိုလ်မှ ဆရာ၊ ဆရာမကြီး ၁၁ ဦးက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေပြည်တန်ခန်းမ၌ ဓာတုဗေဒဘာသာရပ်ကိုလည်းကောင်း၊ အခြေခံပညာအထက်တန်းကျောင်း အမှတ်(၁) ရွှေညီလာခန်းမ၌ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဘောဂဗေဒဘာသာရပ်တို့ကိုလည်းကောင်း၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ ပထဝီသမိုင်းဘာသာရပ်တို့ကိုလည်းကောင်း နေရာသုံးနေရာခွဲ၍ နံနက် ၉ နာရီမှ ညနေ ၄ နာရီထိ ပို့ချသည်။

အဆိုပါသင်ကြားပို့ချမှုများသို့ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများ၊ တက္ကသိုလ်ဝင်စာမေးပွဲသင်ကြားပေးသောဆရာ၊ ဆရာမများ စုစုပေါင်း ၁၁၈၉ ဦး တက်ရောက်ကြကြောင်း သိရသည်။

ချစ်သက်လယ်(အိမ်မဲ၊ ပြန်/ဆက်)

## ရာသီသာမည် မြန်မာတို့တိုင်းပြည်

* အနေခက်ခက်၊ နွေရှိန်တက်ကာ
နွေရက်ပူပြင်း၊ လေပူနင်း၍
ရင်တွင်းနွမ်းလျ၊ ပင်ပန်းစွတည့်
သောကအပူ ကဲသည်မို့။

* အခြေပျက်သည်၊ မိုးရက်ထန်ပြင်း
လွန်ကဲခြင်းကြောင့်၊ ပြိုဆင်းရေလျှံ
ညှဉ်းသည့်ဒဏ်တို့ လွှမ်းသည်မို့။

* အအိပ်ခက်သည်၊ နှိပ်စက်မာန်တင်း
ဆောင်းဒဏ်ပြင်းသည်၊ ရင်တွင်းကိုရောက်
နှင်းမိုးဖြောက်ဖြောက် ကျသည်မို့။

* သုံးရာသီလုံး၊ မုန်းမာန်သုံးသော်
ညှိုးချုံးသည့်သူ၊ ဘယ်သို့ကူအံ့
တွေးပူမိလည်း၊ ခေတ္တပဲလေ
အမြဲရှင်သန်၊ တို့အားမာန်ဖြင့်
မြန်မာစိတ်တို့ ဖြစ်သည်မို့။

* ရာသီကိုလင့်၊ ခါကိုချင့်၍
အခွင့်သာတုန်း၊ မုန်းရိပ်မပျိုး
ငြိုးရိပ်မသန်း၊ စိတ်မှာလန်းပြီ
ငြိမ်းချမ်းစေချင် ပါဘိသည်။

* လောကအသက်၊ ရာသီစက်တို့
မပျက်မယွင်း၊ ပေးအပ်လျှင်းမှ
ပန်းမင်းဝေစည်၊ တို့တိုင်းပြည်သည်
လေပြည်လာ၍ မွှေးပေလိမ့်။
ရေကြည်သာ၍ အေးပေလိမ့်။
နေခြည်ဖြာ၍ နွေးပေလိမ့်။ ။

ချမ်းမြဆောင်း(ကလော)

## မြဝတီရုပ်မြင်သံကြားအစီအစဉ် ၂၉-၁-၂၀၂၅ (ဗုဒ္ဓဟူးနေ့)

၁။ ၀၆:၀၀ တရားတော်
၂။ ၀၈:၀၀ မောင်မယ်လေးများ သိစေချင်
၃။ ၀၉:၀၀ မြဝတီနေ့စဉ်သတင်း
၄။ ၁၀:၀၀ နိုင်ငံတကာသတင်း
၅။ ၁၁:၀၀ သီချင်းလက်ဆောင်
၆။ ၁၂:၀၀ ပန်းတို့၏အလှတရား
၇။ ၁၃:၀၀ သာယာသီကြွေး ခေတ်ဆန်းတေး
၈။ ၁၄:၀၀ Sharing Knowledge
၉။ ၁၅:၀၀ ဆောင်းပါးပေါ်မှ စာစုများ
၁၀။ ၁၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၁၁။ ၁၈:၃၀ ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ
၁၂။ **၁၉:၂၀ (၃၈)ဖြာမင်္ဂလာ သမထနဲ့ဝိပဿနာ**
၁၃။ ၂၀:၀၀ မြဝတီရုပ်မြင်သံကြားသတင်း

# တောမီးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ

## တောမီးကြိုကြိုခံနိုင်ခြင်း၊ ဒေသခံများ၏ လူမှုစီးပွားနှင့်ဈေးကွက်ချိတ်ဆက်ခြင်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်းစီမံကိန်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ



မြန်မာနိုင်ငံ၏ တောမီးလောင်ကျွမ်းမှုနှင့် တောမီးစီမံအုပ်ချုပ်မှုဆိုင်ရာ အခြေအနေများ၊ စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၀)

နေပြည်တော် ဇန်နဝါရီ ၂၈

တောမီးကြိုကြိုခံနိုင်ခြင်း၊ ဒေသခံများ၏ လူမှုစီးပွားနှင့် ဈေးကွက်ချိတ်ဆက်ခြင်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်းစီမံကိန်း၏ ကနဦးအလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိသစ်တောဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဆက်စပ်ဌာနများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက သစ်တောများ ပျက်စီးပြုန်းတီးစေသည့် အကြောင်းရင်းများအနက် တောမီးလောင်ကျွမ်းမှုသည် ကြီးမားသောပျက်စီးဆုံးရှုံးမှုကို ဖြစ်ပေါ်စေပြီး ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများကို ပျက်စီးစေသည့်အပြင် မီးခိုးမြူငွေ့များကြောင့် လူသားများ၏ ကျန်းမာရေးကိုလည်း ထိခိုက်စေနိုင်ကြောင်း၊ နိုင်ငံအဆင့် နယ်စပ်ဖြတ်ကျော်တောမီးနှင့်မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်နိုင်ရေးအတွက် မြန်မာနိုင်ငံအနေဖြင့် ထိုင်း၊ လာအို၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ တောမီးလောင်ကျွမ်းမှုမရှိစေရေးနှင့် ထိန်းချုပ်မှုများဆောင်ရွက်နိုင်ရေး၊ တောမီးကာကွယ်ရေးလုပ်ငန်းများတွင် ဆက်စပ်ဌာနများနှင့် ဒေသခံများ ပူးပေါင်းပါဝင်နိုင်ရေးအတွက်အသိပညာပေးလုပ်ငန်းများ၊ စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို အစီအစဉ်အတိုင်းဆက်လက်ကျင်းပရာ တက်ရောက်လာသူများက မြန်မာနိုင်ငံအတွင်း Fire Hotspots ဖြစ်ပေါ်မှုလျှော့ချရေးနှင့် နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ထိန်းချုပ်ရေး၊ မြန်မာနိုင်ငံ၏ တောမီးလောင်ကျွမ်းမှုနှင့် တောမီးစီမံအုပ်ချုပ်မှုဆိုင်ရာ အခြေအနေများ၊ စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၀)

## ပဲခူးတိုင်းဒေသကြီး မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဝင်များအား ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများရှင်းလင်းမှာကြား



နေပြည်တော် ဇန်နဝါရီ ၂၈

မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ပဲခူးတိုင်းဒေသကြီး မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်အတူ ယနေ့နံနက် ၉ နာရီခွဲတွင် ပဲခူးမြို့ရှိ သီရိဟံသာခန်းမ၌ကျင်းပသည့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ပဲခူးတိုင်းဒေသကြီး မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဝင်များ၊ ပဲခူးခရိုင်နှင့်မြို့နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဝင်များနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ပြည်လုံးကျွတ်သန်းခေါင်စာရင်း၏ ရွှေ့ပြောင်းလူဦးရေစာရင်းထုတ်ပြန်ပြီးစီးမှုနှင့် ယင်းအချက်အလက်များကို မြေပြင်ကွင်းဆင်းစာရင်းကောက်ယူခဲ့သည့် အချက်အလက်များနှင့် နှိုင်းယှဉ်သုံးသပ်ဆောင်ရွက်နိုင်မှု၊ မဲပေးပိုင်ခွင့်ရှိသူနိုင်ငံသားတိုင်း ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေးအတွက် ပန်းခင်းစီမံချက်များဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ ပဲခူးတိုင်းဒေသကြီးအနေဖြင့် ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၃၁ ရက်အထိ ပန်းခင်းစီမံချက်အဆင့်(၃) ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားသုံးသောင်းကျော်ထုတ်ပေးရန်လျာထားမှုနှင့် လျာထားချက်ပြီးစီးအောင်မြင်ရေးအတွက် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီအဆင့်ဆင့်က ပူးပေါင်းကူညီဆောင်ရွက်ပေးနိုင်ရေးနှင့် မဲဆန္ဒရှင်စာရင်းပြည့်စုံမှန်ကန်ရေးနှင့် မဲပေးပိုင်ခွင့်ရှိသူတိုင်း ကိုင်ဆောင်ကတ်ပြား တစ်မျိုးမျိုးကိုင်ဆောင်မဲပေးနိုင်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်အဖြစ်ခံယူကာ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးနိုင်ရေးတို့ကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပဲခူးတိုင်းဒေသကြီးအတွင်း မြေပြင်ကွင်းဆင်းစာရင်းကောက်ယူခဲ့သည့်လူဦးရေစာရင်းအချက်အလက်များ ပြည့်စုံမှန်ကန်ရေးအတွက်ကြီးကြပ်မှုကော်မတီအဆင့်ဆင့်က စိစစ်ပြင်ဆင်အတည်ပြုဆောင်ရွက်နေမှုနှင့် ပန်းခင်းစီမံချက်အဆင့်(၃) လျာထားချက်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့်အစီအစဉ်ကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး ကြီးကြပ်မှုကော်မတီဝင်များက လုပ်ငန်းကဏ္ဍအလိုက် ပံ့ပိုးကူညီဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး လုပ်ငန်းများ အောင်မြင်ရေးအတွက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ပဲခူးမြို့နယ်ဦးစီးမှူးရုံးမှဝန်ထမ်းများက အဆိုပါကျောင်းရှိ အသက်ပြည့်မီသည့်ကျောင်းသား၊ ကျောင်းသူများအား ပန်းခင်းစီမံချက်အဆင့်(၃) ဖြင့် လုပ်ငန်းစဉ်အဆင့်အလိုက် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးနေမှုနှင့် နိုင်ငံသားကတ်ပြားရရှိပြီးသည့် ကျောင်းသား၊ ကျောင်းသူများကို e-ID စနစ်ဖြင့် Biographic/Biometric ကောက်ယူကာ ဂဏန်း(၁၀)လုံးပါ Unique ID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းကို One Stop Service ဖြင့် တစ်ပါတည်းဆောင်ရွက်ပေးနေမှုတို့ကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ယနေ့တွင် ကျောင်းသား၊ ကျောင်းသူ ၂၅၈ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြား စိစစ်ထုတ်ပေးပြီး Biometric ကောက်ယူကာ Unique ID နံပါတ် တစ်ပါတည်းထုတ်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ သတ္တမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းများဖွင့်လှစ်

နေပြည်တော် ဇန်နဝါရီ ၂၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည်ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရွှာင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်းများကို သင်တန်းတစ်ခုလျှင် ရက်သတ္တ ၆ ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်း ၈ ခုကို နိုင်ငံပိုင်သတင်းစာများတွင်ကြော်ငြာ၍ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ထို့ပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်နှင့် ပုသိမ်မြို့တို့ရှိ ကျောင်းများတွင် စနေ၊ တနင်္ဂနွေနေ့ အထူးသင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် သတ္တမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းများကို ဇန်နဝါရီလ ၆ ရက်မှ ဖေဖော်ဝါရီလ ၁၄ ရက်အထိ ဖွင့်လှစ်လျက်ရှိရာ အဆိုပါကျောင်း ၁၀ ကျောင်းတွင် သင်တန်းသား ၁၅ ဦး၊ သင်တန်းသူ ၃၀၉ ဦး စုစုပေါင်းသင်တန်းသား၊ သင်တန်းသူ ၃၂၄ ဦး တက်ရောက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



## ထူးခြားသည့်ညအပူချိန်များ

၂၈-၁-၂၀၂၅

| | |
|---|---|
| ဟားခါး | -၁ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် |
| နမ့်စန် | ၄ ဒသမ ၂ ဒီဂရီဆဲလ်စီးယက် |
| (ရှမ်းပြည်နယ်တောင်ပိုင်း) | |
| လွိုင်လင် | ၄ ဒသမ ၅ ဒီဂရီဆဲလ်စီးယက် |
| တီးတိန် | ၅ ဒသမ ၈ ဒီဂရီဆဲလ်စီးယက် |
| ပြင်ဦးလွင် | ၆ ဒသမ ၃ ဒီဂရီဆဲလ်စီးယက် |
| ဟဲဟိုး | ၇ ဒသမ ၂ ဒီဂရီဆဲလ်စီးယက် |
| မြစ်ကြီးနား | ၈ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် |
| မိုင်းယန်း | ၈ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် |
| စစ်တွေ | ၉ ဒသမ ၁ ဒီဂရီဆဲလ်စီးယက် |

# တရုတ်ရိုးရာမြွေနှစ်မှာ မြန်မာ-တရုတ်ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့်တင်ပြီး အိမ်နီးချင်းမိတ်ဆွေကောင်းများအဖြစ် ဆက်လက်ရပ်တည်နေမည်

**ထက်မြတ်**

တရုတ်နှစ်သစ်ကူးဆိုတာက တရုတ်လူမျိုးများအတွက် တကယ့်ကိုအရေးကြီးတဲ့ပွဲတော်တစ်ခုဖြစ်ပါတယ်။ ဒီလိုမျိုးနှစ်သစ်ကူးအခါသမယမှာ တစ်နယ်တစ်ကျေးစီသွားရောက်အလုပ်လုပ်ကိုင်နေကြတဲ့သူတွေက ကိုယ့်မိသားစုရှိရာအိမ်လေးဆီအပြေးရောက်လာပြီး မိသားစုနဲ့အတူနှစ်သစ်ကူးအချိန်အခါကို ဖြတ်သန်းကြတာပေါ့။ ဒါကြောင့် တရုတ်နှစ်သစ်ကူးဆိုတာ တရုတ်ရိုးရာအရ အဓိပ္ပာယ်ပြည့်ဝရုံသာမကဘဲ မိသားစုဘဝတွေအတွက်လည်း တကယ့်ကိုအနှစ်သာရရှိတဲ့ အချိန်အခါလို့ ပြောရင်မမှားပါဘူး။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၂၀၂၅)ခုနှစ် မြွေနှစ် တရုတ်နှစ်သစ်ကူးပွဲတော် နှစ်သစ်ဆုမွန်ကောင်းစကား ပြောကြားစဉ်။

တရုတ်ရိုးရာအရ နှစ်တစ်နှစ်စီကို တိရစ္ဆာန် အကောင် တစ် ကောင် စီ နဲ့ ကိုယ်စားပြုထားတယ်ဆိုတာ အားလုံး အသိပါ။ အဲဒီအကောင်တစ်ကောင်စီမှာလည်း ကိုယ်စီစွမ်းဆောင်ရည်များရှိတယ်လို့ဆိုပါတယ်။ အခုကုန်ဆုံးသွားတဲ့နှစ်က နဂါးနှစ်ဖြစ်ပြီး ကူးပြောင်းရောက်ရှိလာတဲ့နှစ်က မြွေနှစ်ပါ။ လက်ရှိကမ္ဘာသုံးပြက္ခဒိန်အရ ဒီနေ့ ဇန်နဝါရီလ ၂၉ ရက်ဟာ နဂါးနှစ်မှသည် မြွေနှစ်ဆီကူးပြောင်းတဲ့ အချိန်ဖြစ်ပါတယ်။

မြွေတွေရဲ့သဘာဝမှာ အရေခွံလဲတဲ့ အချိန်ဆိုတာရှိပါတယ်။ တစ်နည်းပြောရရင် အဟောင်းတွေခွာချပြီး အသစ်တွေဖြစ်ပေါ်လာတဲ့အချိန်အခါလိုမျိုးပေါ့။ ဒါကြောင့် မြွေနှစ်ဆိုတာ ပြောင်းလဲမှုတွေဖြစ်ပေါ်တဲ့ အချိန်၊ ပြန်လည်မွေးဖွားရှင်သန်တဲ့အချိန်၊ မိမိကိုယ်မိမိ ပြန်လည်ရှာဖွေတွေ့ရှိတဲ့အချိန်လို့သတ်မှတ်ထားသလို အတိတ်ကိုမေ့ပစ်ပြီး အနာဂတ်အခွင့်အလမ်းအသစ်များကို ဖော်ထုတ်ပိုင်ဆိုင်နိုင်မယ့်အချိန်လို့လည်း သတ်မှတ်ထားတာတွေ့ရှိရပါတယ်။

မြွေဟာ ဉာဏ်ပညာရှိမှု၊ ဗဟုသုတကြွယ်ဝမှု၊ ဉာဏ်ရည်ဉာဏ်သွေးကောင်းမွန်မှု၊ သိမြင်နိုင်စွမ်းအားကောင်းမှု၊ တီထွင်ဖန်တီးနိုင်စွမ်းရှိမှုတို့ကို ကိုယ်စားပြုသလို ကံကောင်းခြင်း၊ ချမ်းသာကြွယ်ဝခြင်း၊ အသက်ရှည်ခြင်းတို့နဲ့လည်း ဆက်စပ်နေတယ်လို့ ဆိုကြပြန်ပါတယ်။ ဒါကြောင့် မြွေနှစ်မှာမွေးဖွားသူတွေဟာ အထက်မှာပြောခဲ့တဲ့စွမ်းရည်တွေကို ပိုင်ဆိုင်ထားတယ်လို့ဆိုနိုင်ပါတယ်။

မြွေနှစ်မှာ မွေးဖွားသူများအနက် ထင်ရှားကျော်ကြားသူတွေကိုကြည့်လိုက်ရင် အမေရိကန်သမ္မတ ဂျွန်အက်(ဖ်)ကနေဒီ၊ သိပ္ပံပညာရှင် စတီဖင်ဟော့ကင်း၊ ဟယ်ရီပေါ်တာပုံ့ကိုင်ရှင် ဂျေကေရိုးလင်း၊ မသိသူမရှိတဲ့အဆိုတော် တေလာဆွစ်အစရှိသူတွေကိုတွေ့ရပါတယ်။ ထူးထူးခြားခြားတစ်ခုက တရုတ်သမ္မတ ရှီကျင့်ဖျင်ကိုယ်တိုင်ကလည်း မြွေနှစ်မှာမွေးဖွားသူဖြစ်နေပြန်ပါတယ်။

သူတို့အားလုံးဟာ ဘဝမှာမတူညီတဲ့ကြိုးစားရုန်းကန်မှုတွေရှိကြပေမယ့် တူညီတဲ့အချက်တစ်ချက်ကတော့ ရလာတဲ့အခွင့်အရေးကို အခွင့်အလမ်းအဖြစ်ပြောင်းလဲနိုင်ခဲ့ကြသူတွေချည်းပါပဲ။ ဒါဟာ မြွေနှစ်ဖွားသူများရဲ့ အားသာချက်တစ်ခုလို့တောင် ပြောလို့ရပါတယ်။

ဒီနှစ်မြွေနှစ်ဟာ သာမန်မြွေနှစ်မဟုတ်ပါဘူး။ သစ်သားမြွေနှစ်ဖြစ်ပါတယ်။ အခုလိုမျိုးသစ်သားမြွေနှစ်ကျရောက်မှုက နှစ်ပေါင်း ၆၀ မှာမှတစ်ကြိမ်သာကျရောက်တာဖြစ်ပါတယ်။ ဒါကြောင့် ရှားပါးတဲ့နှစ်တစ်နှစ်လို့လည်းဆိုနိုင်ပါတယ်။ သစ်သားမြွေနှစ်ဖြစ်တဲ့အတွက် မြွေနှစ်ရဲ့အနှစ်သာရများအပြင် သစ်သားရဲ့အမှတ်သင်္ကေတများဖြစ်တဲ့ ကြီးထွားဖွံ့ဖြိုးခြင်း၊ တည်ငြိမ်ခြင်းနဲ့ဖန်တီးနိုင်စွမ်းရှိခြင်းတို့ကိုလည်း ပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ၂၀၂၅ ခုနှစ်ဟာ တရုတ်လူမျိုးများအတွက် တစ်မူထူးခြားတဲ့နှစ်တစ်နှစ်ဖြစ်သလို မြန်မာနိုင်ငံနဲ့တရုတ်နိုင်ငံတို့ကြားမှာလည်း ထူးခြားတဲ့နှစ်တစ်နှစ်၊ နှစ်နိုင်ငံဆက်ဆံရေးတွေ ပိုမိုထွန်းပလာတဲ့နှစ်တစ်နှစ်ဖြစ်လာမယ်လို့ မျှော်မှန်းရပါတယ်။ အကြောင်းရင်းကတော့ မြန်မာနိုင်ငံနဲ့တရုတ်နိုင်ငံတို့ဆိုတာ ညီရင်းအစ်ကိုဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို ပိုင်ဆိုင်ပြီး ခိုင်မာအောင်တည်ဆောက်ထားကြလို့ပါပဲ။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ(၂၀၂၅)ခုနှစ် မြွေနှစ် တရုတ်နှစ်သစ်ကူးပွဲတော် အခမ်းအနားသို့ တက်ရောက်စဉ်။

မြန်မာနိုင်ငံနဲ့တရုတ်နိုင်ငံတို့ဟာ ရှည်လျားလှတဲ့နယ်နိမိတ်နဲ့ထိစပ်နေကြတဲ့ အိမ်နီးချင်းနိုင်ငံများဖြစ်သလို ယဉ်ကျေးမှုဖလှယ်မှုကြောင့်လည်း တစ်နိုင်ငံရဲ့ယဉ်ကျေးမှုဟာ တစ်နိုင်ငံမှာစီးဆင်းနေတာတွေ့ရပါတယ်။ ဥပမာအားဖြင့် မြန်မာနိုင်ငံမှာကျင်းပတဲ့ ရေသဘင်ပွဲတော်တစ်ဖြစ်လဲ ယူနက်စကိုရဲ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ်သတ်မှတ်ခံထားရတဲ့ အတာသင်္ကြန်ပွဲတော်ကို တရုတ်နိုင်ငံတောင်ပိုင်း ယူနန်ပြည်နယ်မှာနှစ်စဉ်ကျင်းပလေ့ရှိပါတယ်။

အလားတူပဲ မြန်မာနိုင်ငံအတွင်းရှိ မြန်မာပြည်ဖွား တရုတ်လူမျိုးများက တရုတ်နှစ်သစ်ကူးပွဲတော်ကဲ့သို့သော ရိုးရာပွဲတော်တွေကို နိုင်ငံအတွင်းမှာ နှစ်စဉ်ကျင်းပလေ့ရှိသလို ဒီပွဲတော်တွေမှာ မြန်မာပြည်သူများကလည်း ပျော်ရွှင်စွာပါဝင်ဆင်နွှဲလေ့ရှိပါတယ်။

မြန်မာနိုင်ငံအစိုးရအဆက်ဆက်ကလည်း တစ်နိုင်ငံနဲ့တစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးမှုပိုမိုခိုင်မာစေရေးကိုရှေးရှုပြီး အဲဒီလိုပွဲတော်တွေကိုကျင်းပခွင့်ပြုထားသလို အခုဆိုရင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကိုယ်တိုင်ဦးစီးပြီး အစိုးရတာဝန်ရှိသူများကလည်း ထိုပွဲတော်တွေမှာ ကိုယ်တိုင်ကိုယ်ကျတက်ရောက်အားပေးမှုတွေရှိနေတာအားလုံးအသိပါ။ ဒါဟာ မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံတို့ကြား ချစ်ကြည်ရင်းနှီးမှုနဲ့အတူ တစ်ဦးကိုတစ်ဦး အပြန်အလှန်ယုံကြည်မှုရှိစွာ အတူလက်တွဲနေထိုင်နေကြတဲ့လက္ခဏာတွေပဲ မဟုတ်ပါလား။

ပြီးခဲ့တဲ့ဇန်နဝါရီလ ၂၅ ရက်ညနေပိုင်းက ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏမှာကျင်းပတဲ့ (၂၀၂၅)ခုနှစ် မြွေနှစ်တရုတ်နှစ်သစ်ကူးပွဲတော်အခမ်းအနားကို **စာမျက်နှာ ၁၂ သို့ ▸▸**

▸▸ စာမျက်နှာ ၁၁ မှအဆက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီးဒေါ်ကြူကြူလှတို့ တက်ရောက်ချီးမြှင့်ခဲ့တာတွေ့ရပါတယ်။ အဲဒီအခမ်းအနားမှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နှစ်သစ်ဆုမွန်ကောင်းစကားပြောပါတယ်။ ထိုစကားများသည်လည်း နှစ်နိုင်ငံဆက်ဆံရေးပိုမိုတိုးတက်ခိုင်မာစေဖို့ကို ဦးတည်နေတာတွေ့ရပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နှစ်နိုင်ငံဆက်ဆံရေးနဲ့နှစ်နိုင်ငံပြည်သူများကြား ရင်းနှီးချစ်ကြည်ရေးကိုပိုမိုတိုးတက်ခိုင်မာအောင် အလေးအနက်ထားဆောင်ရွက်သွားမယ်ဆိုတဲ့အကြောင်း၊ တရုတ်နိုင်ငံရဲ့ ငြိမ်းချမ်းစွာဖွံ့ဖြိုးတိုးတက်ရေးနဲ့ အပြန်အလှန်အကျိုးရှိစေရေး ပူးပေါင်းဆောင်ရွက်မှုများကို မြန်မာနိုင်ငံက အလေးထားတယ်ဆိုတဲ့အကြောင်း၊ မြန်မာနိုင်ငံက တရုတ်နိုင်ငံနဲ့ပူးပေါင်းဆောင်ရွက်နေတဲ့စီမံကိန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်မယ့် အခင်းအကျင်းကိုဖော်ဆောင်ပြီး မြန်မာနိုင်ငံအနေနဲ့ တရုတ်နိုင်ငံက ယုံကြည်စိတ်ချရတဲ့ အိမ်နီးချင်းမိတ်ဆွေကောင်းနိုင်ငံအဖြစ်ဆက်လက်ရပ်တည်သွားမယ့်အကြောင်း တို့ကို ပြောခဲ့ပါတယ်။

ဒီလိုပြောစကားတွေကိုပြန်ကြည့်ရင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အနေနဲ့ မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံတို့ကြား နှစ်နိုင်ငံဆက်ဆံရေး အခွန့်ရှည်တည်မြဲရေး၊ နှစ်နိုင်ငံအပြန်အလှန်ဖွံ့ဖြိုးတိုးတက်ရေး၊ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ အပြန်အလှန်ယုံကြည်မှု တိုးတက်ခိုင်မာရေးနဲ့ မြန်မာနိုင်ငံက တရုတ်နိုင်ငံအတွက် ယုံကြည်စိတ်ချရတဲ့ အိမ်နီးချင်းမိတ်ဆွေကောင်းနိုင်ငံအဖြစ်တည်ရှိရေးတို့ကို ထပ်လောင်းကတိပြုလိုက်သလိုမျိုးပါပဲ။ ဒါ့အပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌအနေနဲ့ နှစ်နိုင်ငံကြားဆက်ဆံရေးတိုးတက်ခိုင်မာစေဖို့နဲ့ မြန်မာနိုင်ငံမှာရင်းနှီးမြှုပ်နှံမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေ ပေါ်ထွန်းလာစေဖို့ ယခင်ကတည်းက လုပ်ဆောင်ခဲ့တဲ့ လုပ်ဆောင်မှုတချို့ကိုလည်း တင်ပြလိုပါတယ်။

ယမန်နှစ်နိုဝင်ဘာလမှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရရဲ့ ဖိတ်ကြားချက်အရ တရုတ်နိုင်ငံကိုချစ်ကြည်ရေးခရီးသွားရောက်ပြီး တရုတ်နိုင်ငံဝန်ကြီးချုပ်အပါအဝင် တာဝန်ရှိသူများနဲ့တွေ့ဆုံကာ နှစ်နိုင်ငံဆက်ဆံရေးတိုးတက်ခိုင်မာစေဖို့အတွက် ဆွေးနွေးမှုတွေလုပ်ဆောင်ခဲ့ပါတယ်။ အဲဒါအပြင် တရုတ်နိုင်ငံမှစီးပွားရေးလုပ်ငန်းရှင်များနဲ့လည်းတွေ့ဆုံပြီး မြန်မာနိုင်ငံအတွင်းလာရောက်ရင်းနှီးမြှုပ်နှံကြဖို့ ဖိတ်ခေါ်တိုက်တွန်းခဲ့ပါသေးတယ်။

ဒီလိုဖိတ်ခေါ်ရာမှာလည်း ကဏ္ဍတစ်ခုတည်းအတွက်သာ ရင်းနှီးမြှုပ်နှံဖို့ဖိတ်ခေါ်တာမဟုတ်ပါဘူး။ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အခြေခံစက်မှုကုန်ကြမ်းထုတ်လုပ်ရေးလုပ်ငန်း၊ ဘိလပ်မြေထုတ်လုပ်ရေးလုပ်ငန်း၊ လျှပ်စစ်ဓာတ်အားပေးလုပ်ငန်း၊ လျှပ်စစ်ကားလုပ်ငန်း၊ ဆေးဝါးနဲ့ဆေးပစ္စည်းကိရိယာများထုတ်လုပ်ရေးလုပ်ငန်း၊ စားသုံးဆီထုတ်လုပ်ရေးလုပ်ငန်းအစရှိတဲ့နယ်ပယ်စုံကဏ္ဍစုံမှာ ရင်းနှီးမြှုပ်နှံမှုတွေလုပ်ဆောင်ဖို့အတွက် ဖိတ်ခေါ်ခဲ့တာပါ။

အဲဒီလိုမျိုးတွေဖိတ်ခေါ်ခြင်းဟာ နှစ်ဦးနှစ်ဖက်အကျိုးရှိတဲ့ ရင်းနှီးမြှုပ်နှံမှုအတွက်ဆိုတာ တရုတ်စီးပွားရေးလုပ်ငန်းရှင်များကလည်း သိပါတယ်။ ဒါကြောင့်ပဲ သူတို့အနေနဲ့ မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုတွေလုပ်ဖို့ လေ့လာစူးစမ်းစုံစမ်းမေးမြန်းမှုတွေလုပ်နေတာကိုလည်း တွေ့ရပါတယ်။ ဒါဟာ ကောင်းတဲ့လက္ခဏာတစ်ရပ်ပါ။ တစ်နည်းအားဖြင့်ပြောရရင် နှစ်နိုင်ငံဆက်ဆံရေးနဲ့အတူ နှစ်နိုင်ငံအကျိုးစီးပွားဖွံ့ဖြိုးတိုးတက်စေမယ့် အခွင့်အလမ်းတွေပါပဲ။

နှစ်နိုင်ငံကြားမှာ နိုင်ငံရေးအရဆက်ဆံရေးကိုကြည့်ပြန်ရင်လည်း တရုတ်နိုင်ငံဆိုတာ မြန်မာနိုင်ငံအတွက်သာမက မြန်မာနိုင်ငံကလည်း တရုတ်နိုင်ငံအတွက်ပါ အရေးပါနေတာကို တွေ့ရပါတယ်။ တစ်နည်းဆိုရရင် ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ သဘောမျိုးပေ့ါ။ တစ်ဦးရဲ့အရေးက ကျန်တစ်ဦးရဲ့အရေးကဲ့သို့ဖြစ်နေတာပါ။ လက်ရှိအချိန်မှာ နှစ်နိုင်ငံကြား နိုင်ငံရေးအရ ဆက်ဆံရေးက ကောင်းမွန်တဲ့အနေအထားတစ်ခုကို ပိုင်ဆိုင်ထားတယ်လို့ဆိုနိုင်ပါတယ်။ တစ်ဦးနဲ့တစ်ဦး အပြန်အလှန်ယုံကြည်မှုရှိရှိနဲ့ပေ့ါ။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တရုတ်ပြည်သူ့သမ္မတနိုင်ငံခရီးစဉ်အတွင်း တရုတ်နိုင်ငံဝန်ကြီးချုပ်မစ္စတာလီကျန်းနဲ့တွေ့ဆုံရာမှာ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံအနေနဲ့ တရုတ်နိုင်ငံနဲ့ဆက်လက် လက်တွဲဆောင်ရွက်သွားမယ့်ကိစ္စရပ်များကိုသာမက မြန်မာနိုင်ငံမှာဖြစ်ပေါ်နေတဲ့ နိုင်ငံရေးအခြေအနေများနဲ့ပတ်သက်ပြီး ဘယ်လိုမျိုးစီမံဆောင်ရွက်မှုတွေ လုပ်နေတယ်ဆိုတာကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ပါသေးတယ်။

အဲဒီဆွေးနွေးမှုမှာတော့ တရုတ်နိုင်ငံဘက်ကနေ အသိအမှတ်ပြုမှုများနဲ့ ကတိပြုမှုများကိုရရှိခဲ့တာ တွေ့ရပါတယ်။ တရုတ်နိုင်ငံဝန်ကြီးချုပ်က မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးတည်ငြိမ်အေးချမ်းရေးကို အပြည့်အဝထောက်ခံအားပေးသွားမယ်လို့ဆိုပါတယ်။ ဒါ့အပြင် လက်နက်ကိုင်ပဋိပက္ခများနဲ့ပတ်သက်ပြီး အကြမ်းဖက်တဲ့နည်းလမ်းနဲ့မတုံ့ပြန်ဘဲ ငြိမ်းချမ်းရေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ China Town တရုတ်ရိုးရာယဉ်ကျေးမှုပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

ဖိတ်ခေါ်ပြီး ဖြေရှင်းနိုင်ရေးကြိုးပမ်းတဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို တရုတ်ဝန်ကြီးချုပ်က ချီးကျူးကြောင်း ပြောပါတယ်။

ဒါ့အပြင် တရုတ်နိုင်ငံဝန်ကြီးချုပ်က မြန်မာနိုင်ငံအနေနဲ့ ချမှတ်အကောင်အထည်ဖော်နေတဲ့ ရှေ့လုပ်ငန်းစဉ်(၅)ရပ်ကို ထောက်ခံကြောင်း၊ မြန်မာနိုင်ငံရဲ့ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကူညီပေးမှာဖြစ်ကြောင်း၊ မြန်မာနိုင်ငံရဲ့အချုပ်အခြာအာဏာနဲ့နယ်မြေပိုင်ဆိုင်မှုတို့ကို ထပ်လောင်းအသိအမှတ်ပြုကြောင်းနဲ့ တရုတ်နိုင်ငံအတွင်းအခြေပြုပြီး မြန်မာနိုင်ငံရဲ့ အကျိုးပျက်စီးအောင်ဆောင်ရွက်နေမှုများကို လက်ခံမည်မဟုတ်ကြောင်း၊ မြန်မာနိုင်ငံရဲ့အရေးကိစ္စက တရုတ်နိုင်ငံရဲ့အိမ်နီးချင်းနိုင်ငံအရေးပင်ဖြစ်တဲ့အတွက် နိုင်ငံတကာစာမျက်နှာမှာလည်း တရုတ်နိုင်ငံက မြန်မာနိုင်ငံအပေါ်ရပ်တည်ဆောင်ရွက်သွားမယ့်အကြောင်းတို့ကို အလေးပေးပြီး ပြောခဲ့တာတွေ့ရပါတယ်။

ဒါ့အပြင်ပြီးခဲ့တဲ့နှစ် ဩဂုတ်လ ၁၄ ရက်တုန်းကလည်း တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နဲ့ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိဦးဆောင်တဲ့ကိုယ်စားလှယ်အဖွဲ့က မြန်မာနိုင်ငံကိုလာရောက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နဲ့ မြန်မာအစိုးရအဖွဲ့တာဝန်ရှိသူများကိုတွေ့ဆုံကာ နှစ်နိုင်ငံကြားဆွေးနွေးမှုတွေလုပ်ဆောင်ခဲ့တာရှိပါတယ်။

ဒီလိုတွေ့ဆုံစဉ် တရုတ်တာဝန်ရှိသူများကမြန်မာနိုင်ငံအနေနဲ့ တရုတ်တစ်နိုင်ငံတည်းမူဝါဒကို အစဉ်တစိုက်ရပ်တည်ထောက်ခံပေးနေမှုအပေါ် တန်ဖိုးထားကြောင်း၊ နိုင်ငံတကာစာမျက်နှာမှာလည်း တရုတ်နိုင်ငံက မြန်မာနိုင်ငံအပေါ်အမြဲရပ်တည်ပေးနေကြောင်း၊ မြန်မာနိုင်ငံမှာကျင်းပမယ့် ရွေးကောက်ပွဲနဲ့ပတ်သက်လို့ လိုအပ်တာတွေကို ကူညီပေးသွားမယ့်အကြောင်း အစရှိတာတွေကို ဆွေးနွေးပြောကြားခဲ့ပါတယ်။

တစ်ဦးနဲ့တစ်ဦး အပြန်အလှန်ယုံကြည်မှုရှိဖို့ကလည်း နှစ်နိုင်ငံဆက်ဆံရေးမှာ သိပ်ကိုလိုအပ်တဲ့အရာပါ။ ဒီလိုမျိုးယုံကြည်မှုရှိဖို့ဆိုရာမှာတော့ တစ်ဦးအနေနဲ့ တခြားတစ်ဦးယုံကြည်လာစေဖို့ အပြောနဲ့တင်မဟုတ်ဘဲ အလုပ်နဲ့ပါသက်သေပြပေးရမှာဖြစ်ပါတယ်။ ဒါမှလည်း အပြန်အလှန်ယုံကြည်မှုဆိုတာ တိုးတက်လာမှာမဟုတ်ပါလား။ လက်ရှိမှာဆိုရင် မြန်မာနိုင်ငံနယ်စပ်ဒေသအရေးနဲ့ပတ်သက်ပြီး တရုတ်နိုင်ငံက မြန်မာအစိုးရဘက်က ခိုင်ခိုင်မာမာရပ်တည်ကာ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းအောင် အားပေးထောက်ကူဖော်ဆောင်ပေးနေတာတွေကို တွေ့ရပါတယ်။

မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံတို့ကြားက ဆက်ဆံရေးကတော့ အထူးဆိုဖွယ်ရာမရှိလောက်အောင်ကို ကောင်းမွန်နေတာပါ။ လိုအပ်ချက်ဆိုလို့ အခုထက်ပိုတဲ့ခိုင်မာမှုနဲ့ နှစ်နိုင်ငံအစိုးရများကြား ရင်းနှီးချစ်ကြည်စွာအတူလက်တွဲဆောင်ရွက်မှုဖြစ်မယ်လို့ယူဆပါတယ်။ ဒီလိုမျိုးလက်တွဲဆောင်ရွက်မှုကယခုကျရောက်လာပြီဖြစ်တဲ့သစ်သားမြွေနှစ်မှာ ဧကန်မုချပေါ်ပေါက်လာလိမ့်မယ်လို့ယုံကြည်ပါတယ်။

နှစ်နိုင်ငံကြား ဆက်ဆံရေးတိုးတက်ခိုင်မာစေရေးအတွက် နောက်ထပ်အခွင့်အလမ်းတစ်ခုကလည်း ရှိနေပါသေးတယ်။ အဲဒါကတော့ ဒီနှစ် ဇွန်လ ၈ ရက်ဟာ မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံတို့ကြား တရားဝင်သံတမန်ဆက်ဆံရေးထူထောင်တဲ့ (၇၅)နှစ်မြောက်နေ့ဖြစ်တာဖြစ်ပါတယ်။ နှစ်နိုင်ငံကြား ဆက်ဆံရေးတစ်ရပ်က စိန်ရတုတိုင်သည်အထိ တည်တံ့ခိုင်မြဲဖို့ဆိုတာ သိပ်မလွယ်ကူတဲ့ကိစ္စပါ။ ဒါပေမဲ့လည်း မလွယ်ကူတာကိုဖြစ်အောင်လုပ်နိုင်ခြင်းဖြင့် နှစ်နိုင်ငံကြားချစ်ကြည်ရင်းနှီးမှုကို နှစ်နိုင်ငံစလုံးက သက်သေပြသလိုက်နိုင်ပါပြီ။

အထက်မှာပြောခဲ့သလိုမျိုးပဲ တရုတ်နှစ်သစ်ကူးအခါသမယဆိုတာ တရုတ်အမျိုးသားထုကြီးတစ်ခုလုံး နှစ်သက်မြတ်နိုးရတဲ့အချိန်အခါ ဖြစ်ပါတယ်။ ပြောင်းလဲလာတဲ့နှစ်သစ်ကလည်း မြွေနှစ်ဖြစ်တာနဲ့အညီ ပေါ်ပေါက်လာမယ့်အရာတွေက အခွင့်အလမ်းတွေဖြစ်လာမှာအသေအချာပါပဲ။ ဒီအခွင့်အလမ်းတွေကို ခိုင်ခိုင်မြဲမြဲဆုပ်ကိုင်ကာ အခွင့်အရေးအဖြစ်ပြောင်းလဲနိုင်ကြပါစေလို့ တရုတ်နိုင်ငံသားများအတွက်နှစ်သစ်ကူးဆုတောင်းပေးသလို မြန်မာနိုင်ငံနဲ့တရုတ်နိုင်ငံတို့ကြား အရပ်ရပ်နှစ်နိုင်ငံဆက်ဆံရေးမှာလည်း ကောင်းမွန်သော ပြောင်းလဲမှုများစွာအတွက် အခွင့်အလမ်းအသစ်တွေနဲ့အတူ အခွင့်အရေးတွေကို ဆုပ်ကိုင်နိုင်တဲ့နှစ်တစ်နှစ်ဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းကာ **တရုတ်ရိုးရာမြွေနှစ်မှာ မြန်မာ–တရုတ်ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့်တင်ပြီး မြန်မာနိုင်ငံက တရုတ်နိုင်ငံအတွက် အိမ်နီးချင်းမိတ်ဆွေကောင်းအဖြစ် ဆက်လက်ရပ်တည်နေမှာဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။** ။

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ဖေဖော်ဝါရီလ ၁၀ ရက်မှ ၁၄ ရက်အထိ စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ပြပွဲပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ MSME ထုတ်ကုန်များ၊ ဒေသထွက်ကုန်ပစ္စည်းများ၊ လယ်ယာလုပ်ငန်းနှင့် စက်မှုလုပ်ငန်းများ၊ ရိုးရာအစားအစာများ ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်သည့်အပြင် ဂီတဖျော်ဖြေပွဲများလည်း ပါဝင်မည်ဖြစ်သည်။

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ၌ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှပါဝင်ကြမည့် MSME လုပ်ငန်းရှင်များအနေဖြင့် ပြိုင်ပွဲအမျိုးအစားခြောက်မျိုး ပါဝင်ယှဉ်ပြိုင်သွားကြမည်ဖြစ်ပြီး အဆိုပါ ပြိုင်ပွဲများကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်မှုအခြေအနေနှင့်စပ်လျဉ်း၍ အသေးစားစက်မှုလက်မှုလုပ်ငန်းဆုရွေးချယ်ရေးနှင့် ချီးမြှင့်ရေးဆပ်ကော်မတီအတွင်းရေးမှူး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ငြိမ်းအေးနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို စုစည်းဖော်ပြလိုက်ရပါသည်-

**မေး။ MSME ထုတ်ကုန်ပြပွဲ/ပြိုင်ပွဲမှာ ဘယ်လို MSME လုပ်ငန်းအမျိုးအစားတွေ ပါဝင်ယှဉ်ပြိုင်နိုင်တယ်ဆိုတာ အရင်ဆုံး ဖြေကြားပေးစေလိုပါတယ်။**

ဖြေ။ MSME ထုတ်ကုန်ပြပွဲ/ပြိုင်ပွဲမှာ ပြိုင်ပွဲအမျိုးအစားခြောက်မျိုးပါဝင်ယှဉ်ပြိုင်သွားရမှာဖြစ်ပါတယ်။ အမျိုးအစားတွေကတော့ အသေးစားထုတ်ကုန်တွေ(Micro Enterprises)၊ အငယ်စားထုတ်ကုန်တွေ (Small Enterprises)၊ အလတ်စားထုတ်ကုန်တွေ (Medium Enterprises)၊ စားသောက်ကုန်၊ လူသုံးကုန်၊ ရက်ကန်း၊ လက်မှုထည်စတဲ့ အသေးစားစက်မှုလက်မှုလုပ်ငန်းထုတ်ကုန်တွေ၊ ကုန်ထုတ်သမဝါယမအသင်းစွမ်းဆောင်ရည်နဲ့ ပြည်နယ်/တိုင်းဒေသကြီး ၁၅ ခုက ဒေသတစ်ခုထုတ်ကုန်တစ်ခု (OROP)ထုတ်ကုန်တွေဆိုပြီးတော့ ပါဝင်မှာဖြစ်ပါတယ်။

**မေး။ ဆုတွေကို ဘယ်လိုချီးမြှင့်သွားမယ်ဆိုတာ သိပါရစေ။**

ဖြေ။ အသေးစား(Micro) ထုတ်ကုန်ဆု၊ အငယ်စား (Small)ထုတ်ကုန်ဆု၊ အလတ်စား (Medium) ထုတ်ကုန်ဆု၊ ကုန်ထုတ်သမဝါယမအသင်းတွေရဲ့ စွမ်းဆောင်ရည်ဆုတွေ ချီးမြှင့်သွားမှာဖြစ်ပါတယ်။ ပထမ၊ ဒုတိယ၊ တတိယဆိုပြီး ချီးမြှင့်သွားမှာဖြစ်ပါတယ်။ ပထမဆု ငွေကျပ်သိန်း ၃၀၊ ဒုတိယဆု ငွေကျပ်သိန်း ၂၀၊ တတိယဆု ငွေကျပ် ၁၀ သိန်း သတ်မှတ်ထားပါတယ်။ အသေးစားစက်မှုလက်မှုလုပ်ငန်းထုတ်ကုန်ဆုမှာတော့ စားသောက်ကုန် စံပြထုတ်ကုန်ဆု၊ လူသုံးကုန်စံပြထုတ်ကုန်ဆု၊ ရက်ကန်းစံပြထုတ်ကုန်ဆု၊ လက်မှုထည်စံပြထုတ်ကုန်ဆုဆိုပြီး လေးမျိုးသတ်မှတ်ထားပြီးတော့ တစ်မျိုးကို ငွေကျပ် ၁၅ သိန်းချီးမြှင့်ပေးသွားမှာဖြစ်ပါတယ်၊ နေပြည်တော်ကောင်စီနယ်မြေနဲ့ တိုင်းဒေသကြီး၊ပြည်နယ်တစ်ခုစီအတွက် ဒေသတစ်ခု ထုတ်ကုန်တစ်ခု (OROP) တစ်ဆုစီ ရွေးချယ်သတ်မှတ်



ပေးမှာဖြစ်ပြီးတော့ ငွေကျပ်သိန်း ၃၀ စီ ချီးမြှင့်သွားမှာဖြစ်ပါတယ်။ စုစုပေါင်းဆု ၃၁ ဆုကို ချီးမြှင့်သွားမှာဖြစ်ပါတယ်။

ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ၁၄ ရက်မှာ ကျင်းပသွားမှာဖြစ်ပြီး ဆုလက်မှတ်၊ ဆုတံဆိပ် Trophy ပေးအပ်ချီးမြှင့်သွားမှာဖြစ်ပါတယ်။ ဆုချီးမြှင့်ငွေတွေကို Digital Payment နဲ့ ချီးမြှင့်နိုင်ဖို့အတွက် Application ကို သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနက ရေးဆွဲပေးလျက်ရှိပါတယ်။

**မေး။ ဒီလိုဆုတွေ ချီးမြှင့်ပေးနိုင်ဖို့ ဆုရွေးချယ်ရေးအဖွဲ့တွေ ဘယ်လိုဖွဲ့စည်းဆောင်ရွက်နေတယ်ဆိုတာသိပါရစေ။**

ဖြေ။ ပြိုင်ပွဲကျင်းပရေး၊ ဆုရွေးချယ်ရေးနဲ့ ဆုချီးမြှင့်ရေးဆပ်ကော်မတီကို အဖွဲ့ဝင် ၁၁ ဦးနဲ့ ဖွဲ့စည်းဆောင်ရွက်ထားပါတယ်။ ဒီအဖွဲ့မှာ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးက ဥက္ကဋ္ဌအဖြစ်တာဝန်ယူပြီးတော့ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာန၊ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ စက်မှုဝန်ကြီးဌာနတို့က အဖွဲ့ဝင်တွေအဖြစ် ပါဝင်ဆောင်ရွက်ပါမယ်။ ဒါ့အပြင် ဒိုင်ချုပ်တစ်ဖွဲ့နဲ့ ပြိုင်ပွဲအမျိုးအစားခြောက်မျိုးအတွက် အကဲဖြတ်ဒိုင်ခြောက်ဖွဲ့ ဖွဲ့စည်းထားပါတယ်။ အစိုးရဌာနဆိုင်ရာတွေက ဘာသာရပ်ကျွမ်းကျင်သူတွေ ပါဝင်သလို ပုဂ္ဂလိကကဏ္ဍက MSME စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ကျွမ်းကျင်ပညာရှင်တွေပါဝင်တဲ့ ဒိုင်အဖွဲ့ခြောက်ဖွဲ့နဲ့ ဖွဲ့စည်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး။ ဆုရွေးချယ်မှုနဲ့ ပတ်သက်ပြီးတော့လည်း ပြောကြားပေးစေလိုပါတယ်။**

ဖြေ။ ဆုရွေးချယ်မှုအနေနဲ့ကုန်ထုတ်လုပ်မှု Supply Chain တစ်လျှောက် ပြည်တွင်းကကုန်ကြမ်းတွေအသုံးပြုခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးနိုင်ခြင်း၊ ဆန်းသစ်တီထွင်နိုင်ခြင်းနဲ့ တန်ဖိုးမြှင့်ထုတ်ကုန်အမယ်တွေ ထုတ်လုပ်နိုင်ခြင်း၊ ထုတ်ကုန်ရဲ့ အရည်အသွေးမှန်ကန်ခြင်း၊ သန့်ရှင်းသပ်ရပ်ခြင်း၊ အမှတ်တံဆိပ်နဲ့ ထုပ်ပိုးမှုကောင်းမွန်ခြင်း၊ ဈေးကွက်လိုအပ်ချက်ကိုက်ညီတဲ့ ပြည်ပသွင်းကုန်အစားထိုး ပြည်တွင်းထုတ်ကုန်တွေ ထုတ်လုပ်နိုင်ခြင်းနဲ့ နိုင်ငံခြားငွေသုံးစွဲမှုလျှော့ချနိုင်ခြင်း စတဲ့ စံသတ်မှတ်ချက်တွေနဲ့ ရွေးချယ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး။ ဒီလိုပြိုင်ပွဲတွေ ကျင်းပခြင်းအားဖြင့် MSME ဖွံ့ဖြိုးတိုးတက်ရေးကို ဘယ်လိုအထောက်အကူပြုနိုင်တယ်ဆိုတာသိပါရစေ။**

ဖြေ။ ဒီလိုပြိုင်ပွဲတွေ ကျင်းပခြင်းအားဖြင့် ဒေသတွင်း MSME လုပ်ငန်းတွေရဲ့ ထုတ်ကုန်နဲ့ ဝန်ဆောင်မှုတွေကို စဉ်ဆက်မပြတ်မြှင့်တင်နိုင်စေဖို့၊ တန်ဖိုးမြှင့်ထုတ်ကုန်အမယ်အသစ်တွေကို ပြည်တွင်းမှာ ပိုမိုသုံးစွဲနိုင်ဖို့၊ ပြည်ပသို့ ဈေးကွက်ချဲ့ထွင်နိုင်စေဖို့၊ ဒေသအလိုက် ဒေသတစ်ခုထုတ်ကုန်တစ်ခု (OROP)အောင်မြင်ရေးအတွက် အားပေးမြှင့်တင်ဖို့၊ MSMEတွေနဲ့ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူတွေ ပိုမိုချိတ်ဆက်ပူးပေါင်းဆောင်ရွက်လာစေဖို့၊ ပြည်ထောင်စုအဆင့် အသိအမှတ်ပြု MSME စံပြထုတ်ကုန်ဆုတွေ ပေးအပ်နိုင်စေဖို့နဲ့ MSME လုပ်ငန်းတွေ ရေရှည်ရပ်တည်နိုင်စေဖို့ များစွာအထောက်အကူပြုစေမှာဖြစ်ပါတယ်။

**မေး။ ပြည်သူတွေ သိရှိစေဖို့ ဖြည့်စွက်ပြောကြားချင်တာရှိရင်လည်း ပြောကြားပေးပါ။**

ဖြေ။ နိုင်ငံတကာမှာ MSME လုပ်ငန်းတွေက နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခန်းကဏ္ဍကပါဝင်နေပါတယ်။ MSME လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာရင် နိုင်ငံ့စီးပွားရေးလည်း အရှိန်အဟုန်နဲ့ တိုးတက်လာမှာဖြစ်ပါတယ်။

ဒါကြောင့် MSME ထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲကနေ ဒေသအသီးသီးက လုပ်ငန်းရှင်အချင်းချင်းချစ်ခင်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှု၊ ရိုင်းပင်းကူညီမှု၊ ဈေးကွက်ပိုမိုချိတ်ဆက်နိုင်မှုတွေရရှိလာမှာဖြစ်ပြီး MSME လုပ်ငန်းတွေ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေမှာ ဖြစ်ပါတယ်။ ပြည်သူတွေအနေနဲ့ ပြည်နယ်၊တိုင်းဒေသကြီးအသီးသီးရဲ့ ရိုးရာလေ့ယဉ်ကျေးမှုတွေ၊ ဒေသဆိုင်ရာဗဟုသုတတွေ၊ အဆင့်မြင့်ထုတ်လုပ်လာတဲ့ ပြည်တွင်းတန်ဖိုးမြှင့်ထုတ်ကုန်တွေကို လာရောက်လေ့လာအားပေးကြပါလို့ ဖိတ်ခေါ်ချင်ပါတယ်။

**ဝင်းဝင်းမင်း**
**ဓာတ်ပုံ- ပြည့်စုံ**

# မြန်မာနိုင်ငံရှိ မျိုးတုံးပျောက်ကွယ်လုနီးပါးဖြစ်သော မိကျောင်းမျိုးစိတ်များကို ထိန်းသိမ်းလျက်ရှိ



နေပြည်တော် ဇန်နဝါရီ ၂၈

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး သာကေတမိကျောင်းမွေးမြူရေးစခန်းတွင် မွေးမြူထားသည့်မိကျောင်းများနှင့် မိကျောင်းသားပေါက်များကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက်ဒုတိယဝန်ကြီးသည်အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ မျိုးတုံးပျောက်ကွယ်တော့မည့် ရေငန်မိကျောင်းများ မျိုးထိန်းသိမ်းခြင်းလုပ်ငန်းများကို အများပြည်သူများ စိတ်ပါဝင်စားပြီး ပူးပေါင်းဆောင်ရွက်လာစေရေး အသိပညာဗဟုသုတဖြန့်ဝေခြင်းတို့ကို ကျယ်ကျယ်ပြန့်ပြန့်စီမံဆောင်ရွက်ရန်၊ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက ဆုံးရှုံးနိုင်ခြေရှိသည်များကို ကြိုတင်တွက်ဆ၍ အစီအမံများ ကြိုတင်စီမံဆောင်ရွက်ရန်၊ မိကျောင်းကောင်ရေတိုးပွားရေးနှင့် စီးပွားဖြစ်ရောင်းချနိုင်ရေး၊ မျိုးရိုးစဉ်ဆက်မှတ်တမ်းထားရှိဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ရေအရည်အသွေးစစ်ဆေးရေးနှင့် ရေချိုသုတေသနဌာနစု၏ လုပ်ငန်းဆောင်ရွက်မှုနှင့် ငါးပုစွန်သားလောင်းငယ်များအတွက် အဓိကအရေးပါသည့် အခြေခံအစာဖြစ်သော သက်ရှိအစာမျိုးထိန်းမွေးမြူခြင်း ဓာတ်ခွဲခန်းတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ပြောင်းလဲလျက်ရှိသည့် မြစ်ရေ၊ ချောင်းရေများ၏ ရေအရည်အသွေးပြောင်းလဲမှုများအား အချိန်နှင့်တစ်ပြေးညီစစ်ဆေးရန်၊ ငါးပုစွန်သားလောင်းငယ်များအတွက် အဓိကအရေးပါသော အခြေခံအစာဖြစ်သည့် သက်ရှိအစာမျိုးထိန်းမွေးမြူခြင်းအပြင် သုတေသနလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် သာကေတစက်မှုဇုန်ရှိ မြန်မာရွှေဇာမဏီစက်မှုကုမ္ပဏီလီမိတက်သို့ရောက်ရှိပြီး ပြည်ပပို့ကုန် ငါးအေးခဲပြုပြင်ထုပ်ပိုးမှုအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးပြီး ပို့ကုန်များအား နိုင်ငံတကာသတ်မှတ်စံချိန်စံညွှန်းများနှင့်အညီဖြစ်စေရေးနှင့် ပို့ကုန်ကဏ္ဍမြှင့်တင်နိုင်ရေးဆိုင်ရာများကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ငါးလုပ်ငန်းဦးစီးဌာနဖွံ့ဖြိုးရေးနှင့်သုတေသနဌာနခွဲအဏုစိတ်သရုပ်ခွဲခြင်းဆိုင်ရာ ဓာတ်ခွဲခန်းများဌာနစိတ်သို့ရောက်ရှိပြီး နိုင်ငံတကာတရားဝင်အသိအမှတ်ပြု ဓာတ်ခွဲခန်းထောက်ခံချက် (ISO/IEC 17025:2017) လက်မှတ် ဆဋ္ဌမအကြိမ်ရရှိထားသည့် ပဋိဇီဝဓာတ်ကြွင်းနှင့် ဗိုင်းရပ်ပိုးစစ်ဆေးရေး ဓာတ်ခွဲခန်းလုပ်ငန်းများ၊ စစ်ဆေးရေးနှင့် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး မြန်မာ့မွေးမြူရေး ရေထွက်ကုန်များအတွက် ဓာတုဓာတ်ကြွင်းများစောင့်ကြည့်စစ်ဆေးမှုအမျိုးသားအဆင့်စီမံချက် (National Residue Monitoring Plan-NRMP)နှင့်အညီ ဆောင်ရွက်ရန်ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကိုအားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# တောင်ကြီးမြို့၌ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပ

တောင်ကြီး ဇန်နဝါရီ ၂၈

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရန်၊ ကျောင်းသား၊ ကျောင်းသူများ စာအုပ်စာပေလေ့လာဖတ်ရှုနိုင်ရန်နှင့် စာပေလေ့လာဖတ်ရှုခြင်းမှရရှိသော အသိပညာ ဗဟုသုတများကို ပြန်လည်အသုံးချမျှဝေနိုင်ရန် ရည်ရွယ်၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်တို့ တက်ရောက်အားပေးကြသည်။



ရှေးဦးစွာ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်မုခ်ဦးကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးသန်းလွင်ဦး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိန်ဝင်း၊ လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဘင်ခရာအဖွဲ့၊ ပန်းဖွားအဖွဲ့၊ မြန်မာ့သိုင်းသရုပ်ပြအဖွဲ့၊ Fitness Dance အဖွဲ့၊ ဦးရွှေရိုးဒေါ်မိုးအကအဖွဲ့နှင့် ကိန္နရီကိန္နရာအကအဖွဲ့တို့အား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကြသည်။

ထို့နောက် ကာယ၊ ဉာဏ ပြိုင်ပွဲများဖြစ်သည့် ရုပ်ပုံဆက်၊ စကားပုံဆက်၊ မြားပစ်၊ စက်ဝိုင်းလှည့်၊ ဂုန်နီအိတ်စွပ်၊ ဆန်ကောရွက်၊ ခုံဖိနပ်စီး၊ ခွက်နင်း၊ ခါးလှည့်ပြိုင်ပွဲများနှင့် စာအုပ်အရောင်းဆိုင်တို့ကို လှည့်လည်ကြည့်ရှုပြီး ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ကျောင်းသား၊ ကျောင်းသူများအား အာဟာရဒါနများပေးဝေငှကာ ကလေးငယ်များအား အမှတ်တရအရုပ်လက်ဆောင်များ ပေးအပ်၍ ပညာ့ဗိမာန်ကျောင်းစာကြည့်တိုက်ကိုကြည့်ရှုအားပေးသည်။

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို အဆိုပါကျောင်း မြသီရိခန်းမ၌ကျင်းပရာ တောင်ကြီးမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက “အလှဆုံးပန်းများပွင့်ကြပြီ” သီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးပြီး “နိုင်ငံ့အကျိုးအတွက် မှန်းမျှော်ရည်ခိုင်မာတိုးတက်စေရမည်”၊ “အားကစားမြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်ပါသည်” Video Clip တို့ကို ပြသသည်။

ထို့နောက် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အကြီးအကဲက စာပေလေ့လာဖတ်ရှုရန်၊ စာပေမှရရှိသော အသိပညာများကိုမှတ်သားရန်နှင့် အခြားသူများကိုလည်း ပြန်လည်ဆွေးနွေးမျှဝေကြရန် မှာကြားထားကြောင်း၊ စာကြည့်တိုက်များကို အသိပညာများ သိုလှောင်ထားသည့် ပညာဘဏ်တိုက်များအဖြစ် ရှုမြင်ပြီး တန်ဖိုးထားကြစေလိုကြောင်း၊ စာအုပ်စာစောင် အပေါင်းများကို မဖတ်ရသေးပါက အသစ်ဟုသဘောထား၍ ဖတ်မှတ်လေ့လာကြရန် လိုအပ်ကြောင်း၊ စာမတတ်သူသည် ထိုင်နေသည့်လူနှင့်တူပြီး စာတတ်ပြီး စာမဖတ်သူမှာ ရပ်နေသည့်လူနှင့်တူကြောင်း၊ စာတတ်ပြီး စာပေလေ့လာဖတ်ရှုသူဖြစ်မှသာ လမ်းလျှောက်နေသည့်လူနှင့်တူသည်ဟု နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ထားသည့်အတွက် ကျောင်းသားလူငယ်များအနေဖြင့် စာလည်းတတ်၊ စာလည်းဖတ်ပြီး အသိဉာဏ်ပညာပြည့်ဝစွာ အနာဂတ်ကို လျှောက်လှမ်းနေကြရမည်ဖြစ်ကြောင်း၊ စာပေလေ့လာဖတ်ရှု၍ ရရှိလာသည့် အသိပညာများဖြင့် မိမိအကျိုး၊ ဒေသအကျိုး၊ နိုင်ငံ့အကျိုးကိုဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ရှမ်းပြည်နယ်အစိုးရအဖွဲ့အတွက် DTH စလောင်း အစုံ ၁၀၀ နှင့် DVB T2 Set Top Box အလုံး ၁၀၀ အား ပေးအပ်လှူဒါန်းရာ လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်ကလည်းကောင်း၊တပ်နယ်များအတွက် DTH စလောင်း အစုံ ၅၀ နှင့် DVB T2 Set Top Box အလုံး ၁၀၀ အား ပေးအပ်လှူဒါန်းရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးနိုင်လင်းကလည်းကောင်း၊ တောင်ကြီးမြို့ပေါ်ရှိ အခြေခံပညာကျောင်းများအတွက် DTH စလောင်း ၁၅ လုံးအား ပေးအပ်လှူဒါန်းရာ ပြည်နယ်ပညာရေးမှူးတို့က လည်းကောင်း လက်ခံရယူသည်။

ထို့နောက် ရှမ်းပြည်နယ် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီနာယက ပြည်နယ်ဝန်ကြီးချုပ်က စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုများကို နိုင်ငံတော်က အားပေးဆောင်ရွက်လျက်ရှိသကဲ့သို့ စာကြည့်တိုက်အသစ်များ တည်ဆောက်ပေးလျက်ရှိကြောင်း၊ ရှမ်းပြည်နယ်တွင် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များ ကျင်းပလျက်ရှိရာ ယခုပွဲတော်သည် (၁၃)ကြိမ်မြောက် ကျင်းပခြင်းဖြစ်ပြီး ခရိုင်နှင့် မြို့နယ်များတွင် စဉ်ဆက်မပြတ် ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း ပြောကြားကာ ကျောင်းစာကြည့်တိုက်များအတွက် သုတ၊ ရသစာအုပ်စာစောင်များ လှူဒါန်းပေးအပ်သည်။

ယင်းနောက် လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်နှင့် ကျောင်းအုပ်ဆရာမကြီးတို့က အလှူရှင်များထံမှ စာအုပ်စာစောင်များနှင့် အလှူငွေများ လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ တောင်ကြီးမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက “ရှမ်းတိုင်းရင်းသားအက” ဖြင့် လည်းကောင်း၊ “ပအိုဝ်းတိုင်းရင်းသားအက” ဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်ကြကာ အကအဖွဲ့များကို ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် ခင်းကျင်းပြသထားသော စာအုပ်နှင့်ဓာတ်ပုံပြပွဲ၊ သိပ္ပံပြခန်း၊ မူးယစ်ဆေးဝါး အသိပညာပေးပြခန်း၊ စာစီစာကုံးပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည်တောင်ကြီးတက္ကသိုလ်၌ ကျောင်းသား၊ ကျောင်းသူများနှင့်တွေ့ဆုံသည်။

ရှေးဦးစွာ “တားဆီးကာကွယ်မီဒီယာအဆိပ်သင့်အန္တရာယ်” နှင့် “အားကစားမြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်ပါသည်” Video Clip တို့ကိုပြသသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မသမာသူများက သတင်းတု၊ သတင်းမှားများ ထုတ်လွှင့်၍ ပြည်သူများအား အတွေးအမြင်လွဲမှားအောင် ဆောင်ရွက်နေကြကြောင်း၊ လူငယ်များအနေဖြင့် သတင်းမှားများကို မယုံကြည်ဘဲ မှန်ကန်စွာ ဝေဖန်ပိုင်းခြားတတ်ရန် လိုအပ်ကြောင်း၊ လူငယ်များသည် နိုင်ငံတော်၏ အနာဂတ်အတွက် အားကိုးအားထားရသည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်သဖြင့် စာပေဖတ်ရှုလေ့လာ၍ အသိအမြင်တိုးပွားအောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တောင်ကြီးမြို့ပေါ်ရှိ တက္ကသိုလ်များအတွက် DTH စလောင်း ၁၀ စုံ ပေးအပ်လှူဒါန်းရာ တောင်ကြီးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာကေသီသင်က လက်ခံရယူပြီး ကျောင်းသား၊ ကျောင်းသူများအား DTH စလောင်း ၁၀ စုံနှင့် DVB T2 Set Top Box ၁၀ လုံးအား ကံစမ်းမဲဖောက်၍ လက်ဆောင်ပေးအပ်ကာ တောင်ကြီးတက္ကသိုလ်ပါမောက္ခချုပ် ဆရာမကြီးဒေါက်တာကေသီသင်က ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ဆက်လက်၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့ ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ခန်းမ၌ ပြုလုပ်သည့် MRTV DTH စလောင်းနှင့် DVB T2 Set Top Box ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်ပြီး ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ယနေ့အချိန်တွင်မီဒီယာကို ကိုယ်ကျိုးစီးပွားအတွက် မလျော်မကန် အသုံးပြုနေကြကြောင်း၊ မီဒီယာများပေါ်တွင် အမှန်တရားနှင့်ကင်းလွတ်သည့် သတင်းများနှင့် ကိုယ်ကျိုးအတ္တကို ရှေ့တန်းတင်ဖော်ပြမှုများကြောင့် အကျိုးယုတ်လျက်ရှိကြောင်း၊ သတင်းတု၊ သတင်းမှားများ ချေဖျက်ရန်နှင့် သတင်းမှန်များ မှန်ကန်စွာ စီးဆင်းရန်အတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖွံ့ဖြိုးရေးအတွက် DTH စလောင်း အစုံ ၁၀၀ နှင့် DVB T2 Set Top Box အလုံး ၅၀ တို့အား ပေးအပ်လှူဒါန်းရာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေးကလည်းကောင်း၊ ပအိုဝ်းအမျိုးသားအသွင်ပြောင်းပြည်သူ့စစ်(ဌာနေ)အတွက် DTH စလောင်း အစုံ ၃၀ အား ပေးအပ်လှူဒါန်းရာ ကိုယ်စားလှယ်တစ်ဦးကလည်းကောင်း လက်ခံရယူသည်။

ထို့နောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကိုလည်းကောင်း၊ ပအိုဝ်းအမျိုးသားအသွင်ပြောင်းပြည်သူ့စစ်(ဌာနေ)မှ ကိုယ်စားလှယ်တစ်ဦးက DTH စလောင်းများ ပေးအပ်ခြင်းအတွက်လည်းကောင်း ကျေးဇူးတင်စကားများ ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်နှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးခွန်ရဲထွေးတို့နှင့်အတူ အောင်သာယာကျေးရွာတွင် တည်ဆောက်ပြီးစီးနေသည့်အောင်သာယာစာကြည့်တိုက် အဆောက်အအုံကို သွားရောက်ကြည့်ရှုကာ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခဲ့သည်။ (၅၀၀)

# EV သုတေသနဖွံ့ဖြိုးရေးနှင့် နည်းပညာပြန့်ပွားရေးလုပ်ငန်းကော်မတီအစည်းအဝေး(၁ / ၂၀၂၅)ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၈

EV သုတေသနဖွံ့ဖြိုးရေးနှင့် နည်းပညာပြန့်ပွားရေး လုပ်ငန်းကော်မတီအစည်းအဝေး (၁/၂၀၂၅)ကို ယနေ့ညနေပိုင်းတွင် Hybrid စနစ်ဖြင့်ကျင်းပရာ လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများသုတေသနဖွံ့ဖြိုးရေးနှင့် နည်းပညာပြန့်ပွားရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက နိုင်ငံအတွက် ရေရှည်အကျိုးပြုမည့် EV သုတေသနဖွံ့ဖြိုးရေးနှင့် နည်းပညာပြန့်ပွားရေးလုပ်ငန်းများကို အမြင်ကျယ်ကျယ်ဖြင့် ပြည့်စုံအောင် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားရန်၊ ပြည်သူများ EV ကို အဆင်ပြေစွာ သုံးစွဲနိုင်အောင် လက်တွေ့ကျကျ အထောက်အကူပြုမည့် IT Application များ ဖွံ့ဖြိုးရေးအလေးပေးဆောင်ရွက်ရန်၊ အိမ်စီး EV များအပြင် နှစ်ဘီး၊ သုံးဘီး EV များနှင့် လယ်ယာစိုက်ပျိုးရေးသုံး EV များ၊ ဆိုလာသုံး EV အားသွင်းစနစ်များ၊ EV Metro-logy နှင့် EV ဘက်ထရီသုတေသနများကို ပိုမိုထိရောက်ပီပြင်စွာဆောင်ရွက်ရန်၊ EV သင်တန်းများ၌ နည်းပညာလိုအပ်ချက်များနှင့်ကိုက်ညီအောင်နှင့် စံနှုန်းများအတိုင်း ကျွမ်းကျင်တတ်မြောက်အောင် လေ့ကျင့်ပေးရန်၊ EV စံချိန်စံညွှန်းနှင့် မူဝါဒများ သတ်မှတ်နိုင်ရေးအတွက် ဦးဆောင်ကော်မတီသို့ တင်ပြနိုင်ရေး ဆက်စပ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားရန်၊ EV ဘေးအန္တရာယ်ကင်းရှင်းစွာ သက်တမ်းပြည့်သုံးစွဲနိုင်ရေး နည်းပညာများနှင့် စွန့်ပစ်ဘက်ထရီစီမံခန့်ခွဲမှုဆိုင်ရာ အသိပညာများကို ပြည်သူများအပါအဝင် EV Stake-holders များ၏ လက်ဝယ်အရောက် ထိရောက်ကျယ်ပြန့်စွာ ဖြန့်ဝေပေးနိုင်ရေး အလေးထားဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားသည်။ ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကိုပေါင်းစပ်ညှိနှိုင်းပေး၍ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၄။ Myawady Webportal
https://myawady.net.mm

၅။ Myanmar National Portal
https://myanmar.gov.mm

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးတက္ကသိုလ်(၁)ရန်ကုန်၊ ဟော်မုန်းဗေဒ ဆေးကုဌာနမှ ပါမောက္ခ/ဌာနမှူး ပါမောက္ခ ဒေါက်တာမိုးဝင့်အောင်ကို ဆေးတက္ကသိုလ်(၂) ရန်ကုန်ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

**○ ကျောဖုံးမှအဆက်**

လေးသင်းအနက် ရှမ်းယူနိုက်တက်၊ ရန်ကုန်ယူနိုက်တက်နှင့် ဒဂုံစတားယူနိုက်တက်အသင်းတို့ နိုင်ပွဲရယူထားသဖြင့် ဒုတိယနေရာမှ ဟံသာဝတီယူနိုက်တက်အသင်းမှာလည်း အမှားအယွင်းမရှိ နိုင်ပွဲရယူနိုင်ခဲ့သည်။

နှစ်သင်းစလုံးအမာခံကစားသမားအများစုဖြင့် ပွဲထွက်ခဲ့ပြီး ပထမပိုင်းတွင် ဟံသာဝတီယူနိုက်တက်အသင်းက ပိုဖိကစားနိုင်ခဲ့ပြီး ဒုတိယပိုင်းတွင် Dagon Port အသင်းက ချေပဂိုးရရန် တောက်လျှောက်ဖိအားပေးနိုင်ရန် ကြိုးပမ်းခဲ့သည်။ ဟံသာဝတီအသင်းသည် ပထမပိုင်းတွင် ဂိုးသွင်းခွင့်များ ဖန်တီးနိုင်ခဲ့ပြီး မိနစ် ၂၀ တွင် ဝိုင်းလု၊ ၃၆ မိနစ်တွင် မောင်မောင်စိုးတို့က ဂိုးများသွင်းယူခဲ့သဖြင့် ပထမပိုင်းအပြီးတွင် နှစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင် Dagon Port အသင်းက ချေပဂိုးရရန် ကစားသမားများပြောင်းလဲကာ တိုက်စစ်မြှင့်ခဲ့သော်လည်း ၈၈ မိနစ်မှသာ ချေပဂိုးတစ်ဂိုးပြန်ရခဲ့သဖြင့် သရေကျခွင့်ဆုံးရှုံးခဲ့ခြင်းဖြစ်သည်။ Dagon Port အသင်းအတွက် ချေပဂိုးကို ၈၈ မိနစ်တွင် မျိုးဆက်ပိုင်က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ဟံသာဝတီယူနိုက်တက်အသင်းမှ ဝိုင်းလုက ရရှိသည်။

ပွဲစဉ် (၁၇) အပြီးတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ၄၉ မှတ်၊ ဟံသာဝတီယူနိုက်တက်အသင်းက ရမှတ် ၄၀၊ ရန်ကုန်ယူနိုက်တက်အသင်းက ၃၈ မှတ်၊ ဒဂုံစတားယူနိုက်တက်အသင်းက ၃၆ မှတ်၊ အား/ကာသိပ္ပံအသင်းက ၂၇ မှတ်၊ ရတနာပုံအသင်းက ၂၅ မှတ်၊ မဟာယူနိုက်တက်အသင်းက ၂၃ မှတ်၊ Dagon Port အသင်းက ၁၅ မှတ်၊ သစ္စာအားမာန်အသင်းက ၁၄ မှတ်၊ ရောဝတီယူနိုက်တက်အသင်းက ၁၁ မှတ်၊ ရခိုင်ယူနိုက်တက်အသင်းက ခြောက်မှတ်၊ မြဝတီအသင်းက ငါးမှတ် ရရှိထားသည်။

**သတင်း-ရဲရင့်လွင်**
**ဓာတ်ပုံ-MNL**

# တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ ရောဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နယ်၊ ကျုံမငဲ့ကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၈**

ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွား ဆေးရုံ ရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နယ်၊ ကျုံမငဲ့ကျေးရွာသို့ ရောက်ရှိကြရာ နယ်မြေခံတပ်မှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါနယ်လှည့်ဆေးကုသရေးအဖွဲ့သည် ကျိုက်လတ်မြို့နယ်၊ ကျုံမငဲ့ကျေးရွာ၊ အခြေခံပညာအလယ်တန်းကျောင်း၌ အခြေပြု၍ အဆိုပါကျေးရွာနှင့်အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၂၁၆ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင်ဆေးကုသမှုဆိုင်ရာရောဂါ ၆၁ ဦး၊ ခွဲစိတ်ရောဂါ ၁၃ ဦး၊ သားဖွား/မီးယပ်ရောဂါ ၃ ဦး၊ ကလေးရောဂါ ၁၈ ဦး၊ အရိုးရောဂါ ၂၈ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၇ ဦး၊ မျက်စိရောဂါ ၆၂ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၂၄ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် ဓာတ်မှန်ရိုက်လူနာ ၉ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၁၃ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၁ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၁၃ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာ ၄ ဦးတို့ကို နီးစပ်ရာ တပ်မတော်ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။





ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲကြားသိခဲ့ရပါတယ်-

"ကျိုက်လတ်မြို့နယ် ကျုံမငဲ့ကျေးရွာ အုပ်စု ကုလားမကျေးရွာကနေလာပြီး တော့ပြတာပါ။ အတက်ရောဂါနဲ့အာရုံကြောအားနည်းလို့လာပြတာပါ။ အိပ်ရေးပျက်ပါများတယ်။ အလုပ်လုပ်တာပင်ပန်း/ဖုန်းတွေကြည့်တာများရင်ဖြစ်တယ်။ ခဏခဏတော့မဖြစ်ပါဘူး။ တစ်လတစ်ကြိမ်လောက်ဖြစ်တယ်။ တစ်ကြိမ်ဖြစ်ရင်လည်း သုံးလေးခါလောက်ဖြစ်တယ်။ ဒီမှာတော့ အခကြေးငွေမကုန်ဘူးပေါ့။ အခြားဆေးရုံ/ဆေးခန်းတွေသွားပြရင်တော့ အနည်းဆုံး နှစ်သောင်း/သုံးသောင်းလောက်ကုန်တယ်။ ဒီမှာတော့ တစ်ပြားမှမကုန်ဘဲလာပြရတာဆိုတော့ အကုန်လုံးကို ကျေးဇူးတင်ပါတယ်။ အများအကျိုးအတွက်လာပြီး ကူညီဆောင်ရွက်ပေးတဲ့အတွက် အားလုံးကို ကျေးဇူးတင်ကြောင်းပြောချင်ပါတယ်" ဟု ပြောသည်။

"သွေးဝမ်းသွားတာလေးငါးခြောက်လ၊ ခုနစ်လလောက်ရှိပြီ။ ဗိုက်ထဲမှာလည်း အလုံးပေါ်လာတယ်။ ငွေရေးကြေးရေး အခက်အခဲရှိတာပေါ့။ မောင်နှမသုံးယောက် အပျိုကြီး/လူပျိုကြီးတွေဆိုတော့ တော်ရုံတန်ရုံဆေးရုံ/ဆေးခန်းမရောက်ဘူးပေါ့။ ဆင်းလည်းဆင်းရဲတော့ မပြနိုင်ဘူးပေါ့။ အခုလိုအခမဲ့လာပြီးကုသပေးလို့ ဝမ်းသာပီတိဖြစ်မိပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ အာထရာဆောင်းလည်းရိုက်ပေးပါတယ်။ တကယ်စိတ်ရှည်လက်ရှည်နဲ့ လုပ်ပေးရှာပါတယ်။ ဝန်ထမ်းအားလုံးနဲ့ ဆရာ၊ ဆရာမအားလုံးကိုလည်းကျေးဇူးတင်ပါတယ်" ဟု ပြောသည်။ (၁၀၀)





တပ်မတော်မြစ်တွင်းသွားဆေးရုံ ရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ဆေးမှူးများ၊သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့က ကျိုက်လတ်မြို့နယ်၊ ကျုံမငဲ့ကျေးရွာနှင့်ပတ်ဝန်းကျင် ကျေးရွာများမှ သံဃာတော်များနှင့်ဒေသခံပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။






# အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ (၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက်အမှာစကားပြောကြား



နေပြည်တော် ဇန်နဝါရီ ၂၈

အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ (၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ကျင်းပရာ အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ကောင်စီအတွင်းရေးမှူးနှင့် ကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများ၊ ပြင်ပကျွမ်းကျင်ပညာရှင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက အမျိုးသားပို့ကုန် မဟာဗျူဟာ ၂၀၂၀-၂၀၂၅ အကောင်အထည်ဖော်မှုကို ကြီးကြပ်ဆောင်ရွက်ရန်၊ အစိုးရ-ပုဂ္ဂလိက ပို့ကုန်မြှင့်တင်ရေးကော်မတီ၏ ပို့ကုန်ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ အစီရင်ခံတင်ပြမှုများအပေါ် လေ့လာသုံးသပ်ပြီး မူဝါဒဆိုင်ရာလမ်းညွှန်မှုပေးရန်နှင့် ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းဗျူဟာများ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ထိန်းကျောင်းလမ်းညွှန်မှုပြုပေးရန်အတွက် "အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ" ကိုဖွဲ့စည်းထားပြီး ကောင်စီ၏အစည်းအဝေးများကို ယခုကဲ့သို့ကျင်းပနေခြင်းဖြစ်ကြောင်း။

အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် သက်ဆိုင်ရာဌာနများနှင့် အသင်းအဖွဲ့များက အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တရားမဝင်လမ်းကြောင်းများမှ ကုန်သွယ်မှုမပြုနိုင်ရေး တားဆီးဆောင်ရွက်ရန်အရေးကြီးသကဲ့သို့ ပို့ကုန်တိုးမြှင့် တင်ပို့နိုင်ရေးအတွက် အမယ်သစ်ထုတ်ကုန်များကို ဖော်ထုတ်ပြီး ဈေးကွက်ရှာဖွေတင်ပို့နိုင်ရေး ဆောင်ရွက်ရန်လည်းလိုကြောင်း၊ ကုန်သွယ်မှုဆိုင်ရာတွင် ပို့ကုန်နှင့် သွင်းကုန်လုပ်ငန်းနှစ်ရပ်လုံး ပါဝင်ကြောင်း၊ နိုင်ငံ၏ ကုန်သွယ်မှုပမာဏ တိုးတက်ရန်အတွက် ပို့ကုန်ကိုတိုးမြှင့်ဆောင်ရွက်သွားရန်လိုအပ်သကဲ့သို့ ပို့ကုန်မြှင့်တင်ရေးလုပ်ငန်းများကို အထောက်အကူဖြစ်စေသည့် သွင်းအားစုများ တင်သွင်းခြင်းဖြင့် ကုန်သွယ်မှုအားမျှခြေဖြစ်ရန်လည်း လိုအပ်ကြောင်း။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် အတွက် ကုန်သွယ်မှုပမာဏလျာထားချက်ကို ပြည့်မီအောင်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒများနှင့်အညီ သက်ဆိုင်ရာဌာနများနှင့် ပုဂ္ဂလိကအသင်းအဖွဲ့များက ပူးပေါင်းပြီး တွန်းအားပေးဆောင်ရွက်ရန် အထူးလိုအပ်ကြောင်း၊ ယနေ့အစည်းအဝေးမှ ဆွေးနွေးရရှိမှုများအပေါ် ကဏ္ဍများအလိုက် ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်သွယ်မှုမြှင့်တင်ရေးကိုရှေးရှုပြီး လိုအပ်သည့် လမ်းညွှန်မှုများကို ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ အဖွဲ့ဝင်များကလည်း မိမိတို့နှင့် သက်ဆိုင်သည့် ကဏ္ဍများ၏ အခက်အခဲများကို ဖြေရှင်းနိုင်ရေးအတွက် ပံ့ပိုးပူးပေါင်းဆောင်ရွက်ပေးကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က အမျိုးသားပို့ကုန် မဟာဗျူဟာ ၂၀၂၀-၂၀၂၅ ကို အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ကောင်စီအတွင်းရေးမှူး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက်အစည်းအဝေးသို့ တက်ရောက်လာကြသူများက အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးဆောင်ရွက်ထားရှိမှုများ၊ ပံ့ပိုးဆောင်ရွက်သွားမည့် အခြေအနေများကို ဆွေးနွေးရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ (သတင်းစဉ်)

# ပြည်ပနိုင်ငံများတွင် အလုပ်လုပ်ကိုင်နေသည့် မြန်မာအလုပ်သမားများနှင့်စပ်လျဉ်း၍ ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်များ ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၈

ပြည်ပနိုင်ငံများတွင် အလုပ်လုပ်ကိုင်နေသည့် မြန်မာအလုပ်သမားများနှင့်စပ်လျဉ်း၍ ပြည်ပတွင်အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်များ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် အလုပ်သမားဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ပတွင်အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ ကော်မတီဒုတိယဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်က အဖွင့်အမှာစကားပြောကြားပြီး ပြည်ပတွင် ရောက်ရှိအလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာအလုပ်သမားများအား သက်ဆိုင်ရာ နိုင်ငံများမှ ထုတ်ပြန်ထားသည့် ဥပဒေများနှင့်အညီ ကာကွယ်စောင့်ရှောက်မှုများရရှိစေရေး၊ ပြည်ပနိုင်ငံများမှ မိသားစုလွှဲပို့ငွေများ စနစ်တကျလွှဲပြောင်းပေးပို့ဆောင်ရွက်နိုင်ရေးနှင့် တရားမဝင်သွားရောက်အလုပ်လုပ်ကိုင်သည့် မြန်မာအလုပ်သမားများအား တရားဝင် အလုပ်သမားများအဖြစ် အသိအမှတ်ပြုဆောင်ရွက်ပေးနိုင်ရေးအတွက် နှစ်နိုင်ငံညှိနှိုင်းဆွေးနွေးဆောင်ရွက်ရမည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



# အားကစားနှင့် လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ကွင်းဆင်းဆောင်ရွက်



နေပြည်တော် ဇန်နဝါရီ ၂၈

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌တွေ့ဆုံ၍ အားကစားနှင့်လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးပြီး တိုင်းဒေသကြီးကိုယ်စားပြု မျိုးဆက်သစ်အားကစားသမားများစွာ မွေးထုတ်ပေးနိုင်စေရေးအတွက် တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ လိုအပ်သည့် အားကစားအထောက်အကူပြုပစ္စည်းများပေးအပ်သည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီး မိုးလုံလေလုံအားကစားခန်းမနှင့် အားကစားကွင်းတို့ကိုလည်းကောင်း၊ ရွှေဝယ်သီရိရင်ပြင်ရှိ ဖူဆယ်အားကစားခန်းမနှင့် ရွှေဝယ်သီရိအားကစားခန်းမတို့ကိုလည်းကောင်း၊ ကာယဗလအားကစားရုံနှင့် ဂျူဒိုလေ့ကျင့်ရေး အားကစားရုံတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရွှေဝယ်သီရိအားကစားခန်းမ၌ လေ့ကျင့်လျက်ရှိသည့် ဘော်လီဘောမျိုးဆက်သစ် အားကစားသမားများနှင့်တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

ယင်းနောက် ရွှေဝယ်သီရိစားပွဲတင်တင်းနစ်အသင်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လိုအပ်ချက်များနှင့်ပတ်သက်ပြီး ထောက်ပံ့ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အခြေအနေများကို ဆွေးနွေးပြောကြားပြီး ထားဝယ်ခရိုင်နှင့် ထားဝယ်မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနရုံး ဝန်ထမ်းများနှင့်တွေ့ဆုံအမှာစကားပြောကြားကာ ဝန်ထမ်းများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၁/၂၀၂၅)သို့ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး တက်ရောက်အမှာစကားပြောကြား



နေပြည်တော် ဇန်နဝါရီ ၂၈

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၁/၂၀၂၅)ကို ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဒုတိယ ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ အတွင်းရေးမှူး စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦး၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များဖြစ်သည့် ပြည်ထောင်စုဝန်ကြီး များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီး နှင့် ပြည်နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး အဖွဲ့ ဥက္ကဋ္ဌများဖြစ်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Online ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးချုပ် နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးက ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ် ခြင်းနှင့်ပတ်သက်၍ ပြည်သူလူထု အကြား သတင်းမှန်၊ သတင်းမှား မြောက် မြားစွာဖြစ်ပေါ်လျက်ရှိနေကြောင်း၊ ရပ်ကွက်၊ ကျေးရွာအဆင့်မှစ၍ မြို့နယ်၊ ခရိုင်စသည့် အဆင့်ဆင့်၏ အားနည်းချက်များကို မီဒီယာ များသာမက ပုဂ္ဂလိကတစ်ဦးချင်းကပါ ထောက်ပြပြောဆိုမှုများရှိကြောင်း၊ အများစု သည် သတင်းမှန် အနည်းငယ်ကိုအခြေခံပြီး ပြည်သူလူထု အထင်အမြင်မှားစေရန်၊ စစ်မှုထမ်းဆင့်ခေါ်မှုပုံရိပ် ထိခိုက်ကျဆင်း စေရန် ပုံကြီးချဲ့ဆောင်ရွက်ခြင်းသာဖြစ် ကြောင်း၊ တာဝန်ရှိသူများအနေဖြင့် ပြည်သူ့ စစ်မှုထမ်းဥပဒေအပေါ် မမှန်မကန်ဆောင် ရွက်မှုများရှိကြောင်းတွေ့ရှိပါက ထိရောက် စွာအရေးယူသွားရန်လိုအပ်မည်ဖြစ်ကြောင်း၊ မတရားပြုလုပ်ကြောင်း မှန်ကန်သည့် အတွက် ထိရောက်စွာအရေးယူသွားရန်၊ အရေးယူပြီး၊ အရေးယူဆဲအမှုများလည်း ရှိနေကြောင်း၊ အလားတူ ပြည်သူ့စစ်မှုထမ်း ရန်ကိစ္စနှင့်ပတ်သက်၍ မှန်ကန်မှုမရှိဘဲ လုပ်ကြံပြောဆိုဝါဒဖြန့်ခြင်း မမှန်မကန် တိုင်ကြားခြင်းများရှိပါက တိကျစွာဖော် ထုတ်၍ အရေးယူသွားရန်လိုအပ်မည်ဖြစ် ကြောင်း။

ပြည်သူနှင့်တိုက်ရိုက်ထိတွေ့ဆက်ဆံရ သည့် ရပ်၊ကျေးအုပ်ချုပ်ရေးအဖွဲ့များ၊ မြို့နယ် အဖွဲ့များအနေဖြင့် ပြည်သူနှင့်ဆက်ဆံရေး ကောင်းမွန်စေရန်၊ ငွေကြေးဆိုင်ရာမသမာမှု များမရှိစေရန်၊ သတ်မှတ်လုပ်ထုံးလုပ်နည်း များနှင့်အညီ ဆောင်ရွက်မှုရှိစေရန်တို့ အတွက် တာဝန်ရှိသူအဆင့်ဆင့်က စိစစ် ကြပ်မတ်ရန်လိုကြောင်း၊ ပြည်သူ့စစ်မှုထမ်း ဗဟိုအဖွဲ့အနေဖြင့် ပြည်သူများတင်ပြလာ သည့် ကင်းလွတ်၊ လျှော့ပေါ့၊ ရွှေ့ဆိုင်းခွင့် များနှင့်စပ်လျဉ်း၍ စိစစ်ခွင့်ပြုပေးလျက်ရှိ ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးအတွက် နိုင်ငံသားတိုင်းတွင်တာဝန်ရှိပြီး ဥပဒေအရ သတ်မှတ်ထားသော အသက်ကန့်သတ် ချက်အတွင်းရှိသူများ သတ်မှတ်ကာလ အလိုက် အဆင်ပြေချောမွေ့စွာ တာဝန်ထမ်း ဆောင်နိုင်ရေးဆောင်ရွက်သွားရန် လိုမည် ဖြစ်ကြောင်း၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ် ရေးဗဟိုအဖွဲ့အနေဖြင့် စာရင်းဇယားမှန်ကန် ရန်နှင့် ရေရှည်တွင် မှတ်တမ်းထည့်သွင်းမှု လွယ်ကူစေရန်အတွက် ပြည်သူ့စစ်မှုထမ်း ကိုယ်ရေးအချက်အလက်စီမံခန့်ခွဲမှုစနစ် (National Service Information Management System–NSIMS)ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ အစည်းအဝေး တက်ရောက်လာသူများအနေဖြင့် ပြည်သူ့ စစ်မှုထမ်းဆင့်ခေါ်ရေးနှင့်စပ်လျဉ်း၍ တွေ့ကြုံ ခဲ့ရသည့်အခက်အခဲများ၊ အားသာချက်၊ အားနည်းချက်များအပေါ် အကြံပြုဆွေးနွေး ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊လေ) ဒုတိယဗိုလ်ချုပ်ကြီးကျော်စွာလင်း က ဒေသအလိုက် ပြည်သူ့စစ်မှုထမ်းများ စုဆောင်းရာတွင် သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်သူ့စစ်မှု ထမ်းဆင့်ခေါ်ရေးလုပ်ငန်းစဉ်များကို မြေပြင် တွင် အမှန်တကယ်ဆောင်ရွက်နေသည့် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအလိုက် တာဝန်ရှိ သူများကို စနစ်တကျကြပ်မတ်ဆောင်ရွက် ရန် လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ် ရေးဗဟိုအဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့စစ်မှု ထမ်းဆင့်ခေါ်ရေးဥက္ကဋ္ဌများနှင့် တာဝန်ရှိသူ များက ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် ဝိုင်းဝန်းအကြံပြုဆွေးနွေး ကြရာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟို အဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်အလိုက် ပြည်သူ့ စစ်မှုထမ်းဥပဒေပါ သတ်မှတ်အကျုံးဝင်သည့် အရေအတွက်ကို စနစ်တကျမှန်ကန်အောင် ကြိုတင်ပြုစုထားပြီး သက်ဆိုင်သူများ သိရှိ ရေး ဆောင်ရွက်ထားရန်လိုအပ်ကြောင်း၊ သို့မှသာ အမှန်တကယ်စုဆောင်းသည့်အခါ တွင် မသမာမှုများမပြုလုပ်နိုင်ဘဲ အများက လက်ခံယုံကြည်နိုင်သည့် အနေအထား တစ်ရပ်ကို ရရှိမည်ဖြစ်ကြောင်း၊ ပြည်သူ့ စစ်မှုထမ်းဆင့်ခေါ်ခြင်းသည် ရေရှည်ဆောင် ရွက်ရမည့် လုပ်ငန်းစဉ်တစ်ခုဖြစ်သည့်အတွက် စီမံခန့်ခွဲမှုကောင်းကောင်းဖြင့် စည်းကမ်း စနစ်တကျ လုပ်ဆောင်ရမည့်ကိစ္စဖြစ်ကြောင်း၊ ပြည်သူ့စစ်မှုထမ်းတစ်ဦးအဖြစ် ကိုယ်တိုင်က နိုင်ငံသားကောင်းပီသစွာ တာဝန်ထမ်းဆောင် နိုင်ရေး ကြိုးစားလုပ်ဆောင်သွားရန်လိုအပ် မည်ဖြစ်ကြောင်း၊ အတင်းအဓမ္မ ဖိအားပေး စုဆောင်းခြင်းမျိုးမဖြစ်စေဘဲ ပြည်သူ့စစ်မှု ထမ်းဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း တို့နှင့်အညီ စနစ်တကျကြိုးစား စုဆောင်းကြ စေရေး အလေးထားဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သတင်းရရှိ သည်။ (သတင်းစဉ်)

# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဥပဒေအသိပညာပြန့်ပွားရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၈

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီး ဌာန ဥပဒေအသိပညာပြန့်ပွားရေးနှင့် စာဖတ်ရှိန် မြှင့်တင်ရေးအခမ်းအနားကို အဆိုပါဝန်ကြီးဌာနရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးဇော် အေးမောင် အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ညွှန်ကြားရေးမှူးရုံးများမှ အရာ ထမ်း၊ အမှုထမ်းများက Online ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံ့ ဝန်ထမ်းတစ်ဦးအနေဖြင့် မသိမဖြစ်သိရှိရ မည့် ဥပဒေ၊ နည်းဥပဒေများကို လေ့လာ မှတ်သားရမည်ဖြစ်ပြီး မိမိတို့ဝန်ကြီးဌာနက ကျင့်သုံးလျက်ရှိသော ဥပဒေ၊ နည်းဥပဒေ များအပြင် ဆက်စပ်ဆောင်ရွက်ရသည့် အခြားသောဝန်ကြီးဌာနများ၏ ဥပဒေ၊ နည်းဥပဒေများကိုလည်း သိရှိလေ့လာရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတို့ဆောင်ရွက်ရသည့် လုပ်ငန်းများကို စည်းမျဉ်းစည်းကမ်းများနှင့် ဥပဒေဘောင် အတွင်းမှ ဆောင်ရွက်ရန်၊ ပွင့်လင်းမြင်သာ မှုရှိရန်၊ ရာထူး၊ နေရာအလိုက် စီမံခန့်ခွဲ တတ်စေရန်နှင့် ပူးပေါင်းဆောင်ရွက်တတ် စေရန်လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက အမှာစကားပြောကြားပြီး လက်ထောက် အတွင်းဝန် ဦးကီးလိန်းက “ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေ ၂၀၀၈ ခုနှစ်” ကိုလည်းကောင်း၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီး ဌာန ညွှန်ကြားရေးမှူး ဒေါ်တင်တင်နွယ်က “တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များနှင့် တိုင်းရင်းသား ရေးရာဆိုင်ရာ ပြဋ္ဌာန်းချက်များ”ကိုလည်း ကောင်း၊ တိုင်းရင်းသားအခွင့်အရေးများ



ကာကွယ်စောင့်ရှောက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်မိုးမိုးသန်းက “တိုင်းရင်း သားလူမျိုးများ၏ အခွင့်အရေးကာကွယ် စောင့်ရှောက်သည့် ဥပဒေပါအခွင့်အရေး များနှင့် နည်းဥပဒေများ” ကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက အထွေထွေ ဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၀)

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Prawns drive growing demand in local and foreign markets



NAY PYI TAW January 28

Myanmar is exporting more prawns to both domestic and international markets during this year's fishing season, according to U Aung Than Oo, Vice Chairman of the Myanmar Fisheries Federation (MFF).

In the past, domestic consumption for saltwater prawns was low and they were mainly exported, but now the market has changed and domestic consumption has increased by 10 percent.

"During this year's fishing season, the capture of prawns is increasing and sales are also increasing. In previous years, 90 percent of our prawns production was exported and only 10 percent went to the local market. This year, domestic demand has increased by more than 20 percent. Almost 80 percent are foreign exports. In the past, prawns were expensive so local people didn't eat it much and there was no local demand. Now, the market has changed due to the fact that it is convenient to buy at this price level," he said.

**SK**

# Onion from Seikpyu marketable in Mandalay



MANDALAY January 28

"Onions produced from Seikpyu of Magway Region are in high demand at Mandalay market," said Daw May The Swe, the owner of onion and potato brokerage in Mandalay.

Mandalay market is trading onions from Seikpyu of Magway Region in the last week of June. Moreover, both domestic and international markets offer to purchase onions from Seikpyu.

"Merchants purchase onions from Seikpyu at Mandalay market at present. So, Seikpyu's onion is marketable in Mandalay," she added.

Daw May The Swe continued, "Onion from Seikpyu as well as Taungtha and Pakokku flows into Mandalay market on a daily basis. At present, onion from Seikpyu is top in trading at Mandalay market. Onion from Myingyan and Taungtha are being traded as normalcy."

**SMK**

# Farmers plant more than 1,000 acres of onion in Myaung Township

MYAUNG January 28

Statistics of Sagaing District Agriculture Department stated that a total of 1,757 acres of onion has been planted in Myaung Township of Sagaing Region.

In 2024-2025 cold season, Myaung Township earmarkZed cultivation of 1,853 acres of onion but local farmers have so far planted 1,757 acres of onion against the target cultivation.

Daw Thida Lwin, Head of Sagaing District Agriculture Department commented: "Local farmers planted 1,757 acres of onion against the target of 1,853 acres in Myaung Township this cold season. They are trying to meet the target cultivation of crops. Our department helps local farmers in creation of market linkages to fetch good prices in sales of onions."

Myaung Township Department of Agriculture manages market linkages for local farmers to sell onion at higher prices, store onions in preservation techniques, and grow the crops in GAP system so as to produce quality crops.

Farmers need to cost some Ks-1.8 million per acre of onion and it yields 5,000 viss of onion per acre.

**SK**

# YeU Township cultivates over 6,000 acres of winter lablab beans

YEU January 28

A total of 6,550 acres of lablab beans have been planted in YeU Township, YeU District, Sagaing Region in this winter crops planting season, according to statistics from the Department of Agriculture for YeU District.

During the 2024-2025 winter crops planting season, 6,059 acres of lablab beans are earmarked for cultivation and 6,559 acres of lablab beans have been planted in YeU Township since October last year.

"At present, we can grow more than the designated acres for lablab bean cultivation. We are cooperating with farmers to provide good seeds, inputs, and late-harvest technology for the good yield and quality of lablab beans," said U Zaw Myint Tun, head of the Department of Agriculture for YeU District.

In YeU Township, the Township Department of Agriculture is conducting awareness activities for the bean farmers to be able to expand the acreage of lablab beans, produce good yields, use the GAP method, cultivate pure varieties, and cultivate varieties with good yields.

**SK**

# Farmers plant more than 33,000 acres of groundnut in Taze Township

TAZE January 28

A total of 33,156 acres of groundnut has been grown in Taze Township of Sagaing Region, according to YeU District Agriculture Department.

Township authorities adopted a plan to grow 33,531 acres of groundnut in Taze Township in 2024-2025 cold season but local farmers have so far planted 33,156 acres of groundnut against the target cultivation.

U Zaw Myint Tun, Head of YeU District Agriculture Department explained: "Farmers have grown 33,156 acres of groundnut in Taze Township against the target of 33,531 acres. They are striving for meeting the target cultivation. Groundnut plantations are thriving in the township successfully. Sown acreage of groundnut is on the rise yearly."

Farmers use 1.5 baskets of groundnut seeds per acre and cost more than Ks-200,000 per acre for quality seeds, labour charge, fertilizers and pesticides. Each acre of groundnut yields more than 50 baskets per acre.

**SK**

# Shan State cabbages gain momentum with high demand in Mandalay markets

MANDALAY January 28

Cabbages from the southern and northern areas of Shan State received high demand in the Thiri Malar Green Wholesale market in Aungmyethazan District, Mandalay, according to the cabbage stalls in the market.

"Cabbages from the southern and northern areas of Shan State are currently regularly arriving at the Thiri Malar Green Wholesale Market in Mandalay by 5 to 6 12-wheelers in a day. There is no stock left in the market, and sales are good," said U Aung Moe Naing, the owner of the Aung Wholesale Center in Mandalay.

"Currently, only the mountainous areas where cabbage is grown are entering mostly. The rest of the areas have not produced any cabbage. Number of the growers is reduced due to various reasons. Transaction is also good in the market. Currently, trucks loaded with cabbages enter this market regularly. Therefore, the growers are getting good prices," he said. **SMK**



# Pwintbyu Township plants more than 63,000 acres of pulses and beans

PWINTBYU January 28

"Local farmers planted 63,080 acres of pulses and beans in Pwintbyu Township of Magway Region this cold season," said Daw Moe Moe Wai, Head of Pwintbyu Township Agriculture Department.

Township authorities earmarked cultivation of 41,800 acres of pulses and beans as cold season this year in Pwintbyu Township. However, local farmers have planted 63,080 acres of beans exceeding the target cultivation.

Daw Moe Moe Wai explained: "Local farmers exceeded cultivation of beans more than the target cultivation in Pwintbyu Township. They emphasize cultivation of chick pea, butter bean, black gram, cow pea, rice bean, lablab, lime bean, mung bean, garden pea and others. Our department helped local farmers in selection of quality strains of crops, systematic use of agricultural inputs and other measures."

Pwintbyu Township earmarked cultivation of 41,800 acres of pulses and beans. This year, officials of Agriculture Department and relevant departments join hands in providing necessary assistance such as quality seeds of crops, agricultural inputs and techniques of preventing pests to local farmers to boost per-acre yield of crops. **SK**

# Wetlet Township cultivates over 55,000 acres of winter chickpeas



WETLET January 28

A total of 55,988 acres of chickpeas have been planted in Wetlet Township, Shwebo District, Sagaing Region, according to statistics from the Department of Agriculture for Wetlet Township.

During the 2024-2025 winter crops planting season, 54,327 acres of chickpeas have been earmarked to be planted in Wetlet Township. Till date, 55,988 acres have been planted.

"Chickpea cultivation is improving year by year. We are working with farmers to provide good seeds, inputs, and post-harvest technology to improve yield and quality of chickpeas," said Daw Kyin San, head of the Department of Agriculture for Wetlet Township.

If one acre of chickpeas is grown, it cost more than Ks-300,000.

Sagaing Region is the region that produces the largest number of bean and pulses in the country, and it is possible to grow multiple pulses as the main crop, as well as a subsidiary crop, so farmers are growing it to earn more income. **SMK**

# Plan underway to grow more than 2,000 acres of kenaf this cold season

MYAUNGMYA January 28

"A total of 2,214 acres of kenaf has been planted in Einme Township of Ayeyawady Region," said Daw Khin Htay Myint, Head of Myaungmya District Agriculture Department.

Local authorities earmarked cultivation of 2,500 acres of kenaf in Einme Township as a cold season crop but local farmers have so far planted 2,214 acres of plants against the target cultivation.

Daw Khin Htay Myint clarified: "Kenaf is grown in the township to use it as natural fertilizers in growing monsoon crops in coming season. Using kenaf as natural fertilizers benefits cultivation of paddy. Significantly, the volume of chemical fertilizers used in the croplands will decline due to using kenaf and it helps mitigate damage of fertile soil layers affected by chemical fertilizers. Moreover, the crops planted with the use of kenaf will be minimized chemical residues. As such, farmers prefer to use kenaf as natural fertilizers in the farmlands."

Natural fertilizers made of kenaf can improve capacity of fertile soil, reduce bacteria in fertile soil layers, use of chemical fertilizers, lessen environmental impacts and get three times of nitrogen from that natural fertilizers more than pearl chemical fertilizers. **SK**

# More than 5,000 acres of green gram harvested in Mingin Township

MINGIN January 28

Local farmers have harvested 5,525 acres of green gram planted in monsoon this year in Mingin Township of Sagaing Region, according to Mingin Township Agriculture Department.

Local harvested all cultivated areas of green gram in the township starting from August. It yielded 15.85 baskets per acre.

Daw Hayman Kyaw Win, Head of Mingin Township Agriculture Department, said: "This year, local farmers planted 5,525 acres of monsoon green gram in the township. So far, they have harvested all sown acreage of bean. We raise farmer awareness to grow green gram, to produce high yield of crops and use quality strains of seeds."

This year, officials from the township Agriculture Department provided quality seeds, agricultural techniques, prevention methods of pests and systematic use of fertilizers to local farmers.

Moreover, departmental officials cooperate with local farmers in boosting per-acre yield of crops with use of quality seeds of crops, agricultural inputs and post-harvest technology. **SMK**

# China sees robust increase in electric vehicle charging facilities

BEIJING January 28

China saw a significant surge in electric vehicle charging facilities in 2024, according to the China Association of Automobile Manufacturers.

By the end of last year, the total number of electric vehicle charging poles in the country had reached 12.82 million, marking a 49.1 percent year-on-year increase.

Of these, public charging poles accounted for approximately 3.58 million, while private charging poles neared 9.24 million.

In 2024, China added more than 4.22 million electric vehicle charging poles.

The expansion of charging facilities comes amid surging demand for new energy vehicles (NEVs) in China, with both production and sales surpassing 12 million units in 2024.

China has maintained its position as the world's leading NEV market for 10 consecutive years. **Xinhua**

# Air Busan plane catches fire at South Korea's Busan airport, no casualties



All 169 passengers and seven crew members were evacuated from the Air Busan plane.

SEOUL January 28

An Airbus plane belonging to South Korean carrier Air Busan caught fire on January 28 at Gimhae International Airport in the country's south while preparing for departure to Hong Kong, fire authorities said.

All 169 passengers and seven crew members were evacuated, with one person with a minor injury taken to hospital, fire authorities in Busan said.

The fire started inside the plane, the fire service said.

South Korea's Yonhap news agency said it began in the plane's tail.

It is a month since the deadliest air disaster on South Korean soil when a Jeju Air plane coming from Bangkok crashed on Muan Airport's runway as it made an emergency belly land-ing, killing all but two of the 181 people and crew members on board.

Budget airline Air Busan is part of South Korea's Asiana Airlines, which in December was acquired by Korean Air.

The plane is an Airbus A 321 model, according to Flight Radar 24 tracking data.

Planemaker Airbus said it is aware of reports about the incident and it is liaising with Air Busan. **The Straits Times**

# Türkiye detains 100 IS suspects across 24 provinces

ANKARA January 28

Turkish authorities have detained 100 suspected members of the Islamic State (IS) in the past week, Interior Minister Ali Yerlikaya said Tuesday.


The operations, dubbed "Gurz-41" and "Gurz-42," were carried out across 24 provinces, including the capital, Ankara, and Istanbul, Türkiye's most populated city, the minister said on social media platform X.

The authorities determined that the suspects were carrying out activities within the organization, providing financial aid to the group and making propaganda for the terrorist organization on social media, the minister said.

Yerlikaya said the police seized organizational documents and digital materials during the raids. "With our strategy of destroying terrorism at its source, we continue our struggle with determination, (together) with our police, gendarmerie and intelligence units," he said.

Türkiye designated IS a terrorist organization in 2013, blaming it for a spate of deadly attacks in the country. Ankara has conducted counter-terrorism operations domestically and abroad to crack down on its members and activities. **Xinhua**

# Ukraine loses up to 600 soldiers in battles with Russian Forces - MoD



Ukraine loses up to 600 soldiers in battles with Russian Forces.

MOSCOW Janauary 28

Russia's Battlegroup Tsentr has eliminated up to 600 Ukrainian military personnel over the past 24 hours, the Russian Defence Ministry said on Tuesday.

"The enemy lost up to 600 troops, two tanks, two armored combat vehicles, including a US-made Bradley infantry fighting vehicle, seven vehicles and a field artillery gun," the ministry said in a statement.

Russia's Battlegroup Zapad has eliminated up to 330 Ukrainian soldiers, while Battlegroup Yug has eliminated up to 220 Ukrainian soldiers, the ministry said.

Russia's Battlegroup Zapad has taken control of the Dvurechnaya settlement in the Kharkov region, the ministry added.

Battlegroup Vostok eliminated over 115 Ukrainian soldiers, a tank and four artillery guns, including a Western-made one, the ministry's statement read.

In the Kharkov area, Russia's Battlegroup Sever has eliminated up to 25 Ukrainian soldiers and an armored fighting vehicle, the ministry said. Two field artillery guns and an ammunition depot were neutralized.

Russia's Battlegroup Dnepr has eliminated over 40 Ukrainian soldiers after engaging Ukrainian troops close to Stepnogorsk, Novopokrovka, Rabotino in Zaporozhye region, as well as in Antonovka and in Kherson region. **Sputnik**

# Zambia reports eight new mpox cases

LUSAKA January 28

Zambia has recorded eight new mpox cases, bringing the cumulative total to 15, state media reported on Tuesday.

The eight new cases were reported in Lusaka, the country's capital, according to the Zambia Daily Mail, which quoted Paul Zulu, the mpox incident manager at the Zambia National Public Health Institute, a government agency responsible for major public health concerns in the country.

Zulu said the cases were reported in different residential areas of Lusaka and involved family members.

Health authorities in the capital have been responding to the mpox outbreak since January 13, 2025, and a response mode has been activated, he added.

According to him, the cases recorded in Lusaka involved individuals who had traveled outside the city.

Zambia recorded its first mpox case in October last year, involving a foreign national who was visiting the country. Since then, cases have been reported in Kitwe and Luanshya towns in Copperbelt Province, as well as in Lusaka. **Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Social Media: A Path to Form a Digital Nation



One of the perks of social media is to create the opportunity for like-minded people from any corner of the world to come together and share their common interests through social media groups, forums, and channels. Without a shadow of a doubt, social media is the best thing that has ever happened to freedom of speech. Yet, there is still a long way to come for the utmost version of it.

Social media is serving as a means to help people connect from all over the world where the internet is accessible. They share common agendas and engage in the online activities they believe in. People have been making use of social media to create their own ‘tribes and clans’ virtually. Even though there are some pathetic people out there, deliberately spreading hate speech and all sorts of immoral activities, there are those who are using this opportunity to celebrate diversity and enjoy multiculturalism. These trends are creating new cultures of globalization and freedom of expression.



### Trends of Social Media

Just like any other technological fruit, social media had to go through several changes and evolutions to stand in the position it is today. It has evolved from communicating through mores codes to instant messaging, to multimedia messages, to electronic mailing, and to the real-time internet social media, we are witnessing today.

These days, where the conventional methods of social participation are fading away, Technology has empowered people to satisfy their sense of belonging by allowing them to be part of virtual society. People have been forming and engaging in online groups to discuss and keep in touch with their social, educational, political, entertainment, business, dating, professional and historical issues. According to the report released by stastistica.com, social media usage is one of the most popular online activities. In 2020 over 3.6 billion people were using social media worldwide, this number is expected to rise to nearly 4.41 billion by 2025.

### Features That Make People Stay on Social Media

The ever-increasing human need for a sense of belonging, attention, and appreciation is catalyzing the speedy advancement of social media. Almost all of the platforms on social media have been working to fulfill the rising demand of their users. They usually follow up with their users’ feedback to give the best experience by constantly improving the following features:

- **The Sign-up process:** social media platforms are always looking for an easy, user-friendly, and smooth signup process to save their users from long, boring, and complicated steps.
- **Profile customization:** the freedom to customize of user-profiles is becoming super important for social media users. People feel more comfortable when the authority of customizing their social media profiles is in their hands. It gives them a sense of control, and the right to decide the amount of information that pops into their devices.
- **Web feed:** interactable web feed features seem to interest a lot of social media users as they can allow them to stay updated about matters, they are really concerned about.
- **Chatting alternatives:** people are getting drawn to social media platforms that can provide diversified communication alternatives through text, audio, and video chats.
- **Search alternatives:** diversified means of searching alternatives allow people to search for their acquaintances, favorite media files, and virtual communities of their preference, either through words, photos, or audio search options.
- **Sharing link:** access for sharing content among several social media platforms. This gives people the opportunity to spread their ideas and movements among a multitude of social media platforms to reach many like-minded mates.
- **Privacy policy:** people by nature don’t feel safe when they feel that their privacy is invaded without consent. A transparent privacy policy would allow virtual activities to stay alive and keep people interested.

### Digital Global Nation Is Underway

Social media platforms have been serving as a struggle ground for various social movements. People just use their posts, hashtag, and share buttons to spread a cause. And like-minded people from any corner of the world would join them. Social media allows thoughts and ideas to be shared and spread fast and loud. Usually, such loud voices are not to be ignored due to the probable negative impacts they could impose on authority and business corporations.

So many times, people have come together to face oppressors, demand justice, boycott companies, stand with human rights values, and celebrate diversity. Yet it’s impossible to deny that, few others have joined social media to spread hate speech and polarization. Despite the shortcomings, the fast pace at which humanity is travelling wouldn’t have been possible without the intervention of the internet and social media.

All because of the internet’s accessibility, humans are getting to know each other and learning to adapt to each other’s culture through social media gatherings on various platforms like Facebook, Instagram, Youtube, Tiktok, Twitter, Wechat, Google+. Others are able to start their own digital ‘clans and tribes’ on Telegram, Whatsapp, and Paltalk. Others share their ideas on digital forums like Quora and AskFm.

People are getting used to sitting at the captain position in their own stories and contents. They can be leaders of their circle and can have followers. Likewise, they can follow whoever they feel suits them. Social media is showing us an illusion of a digital community that possibly leads to a digital nation.

**Youth Time Magazine**

## Global Economy and Energy Sector

နိုင်ထူး

# တရုတ်အခြေစိုက် DeepSeek ကုမ္ပဏီ၏ AI assistant အပလီကေးရှင်းကြောင့် ဒေါ်လာ ၁၀၈ ဘီလီယံ ဆုံးရှုံး



တရုတ်အခြေစိုက် DeepSeek ကုမ္ပဏီသည် ၎င်းတို့၏ AI အပလီကေးရှင်းမော်ဒယ်တစ်ခုကို ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက မိတ်ဆက်လိုက်ပြီးနောက် ကမ္ဘာပေါ်ရှိ ငွေကြေးအကြွယ်ဝဆုံးသော လူပုဂ္ဂိုလ် ၅၀၀ ခန့်မှာ ဇန်နဝါရီလ ၂၇ ရက် တစ်ရက်တည်းမှာပင် ဒေါ်လာ ၁၀၈ ဘီလီယံ ဆုံးရှုံးသွားခဲ့ကြောင်း Bloomberg ကဖော်ပြသည်။

DeepSeek ကုမ္ပဏီသည် ၎င်းတို့၏ AI assistant အပလီကေးရှင်းကို စတင်မိတ်ဆက်ခဲ့ပြီး ရက်ပိုင်းအတွင်းမှာပင် အမေရိကန်အခြေပြု OpenAI ၏ ChatGPT ကို ကျော်တက်ပြီး Apple အပလီကေးရှင်းစတိုးတွင် လူကြိုက်အများဆုံးနှင့် လူအများဆုံး download ရယူသည့် အပလီကေးရှင်းဖြစ်လာခဲ့သည်။

DeepSeek ကုမ္ပဏီ၏ AI assistant အပလီကေးရှင်းကြောင့်နည်းပညာကုမ္ပဏီများ အများဆုံးပါဝင်သည့်စတော့ဈေးကွက်မှာ ဂယက်ရိုက်ခတ်မှုခံခဲ့ရပြီး အစုရှယ်ယာများမှာ ဒေါ်လာဘီလီယံနှင့်ချီ၍ ထိုးကျခဲ့ခြင်းဖြစ်သည်။

ကယ်လီဖိုးနီးယားအခြေပြုသည့် Nvidia ကုမ္ပဏီသည် DeepSeek ကုမ္ပဏီ၏ AI assistant အပလီကေးရှင်း၏ရိုက်ခတ်မှုကို အဆိုးရွားဆုံးခံခဲ့ရပြီး ယင်းကုမ္ပဏီ၏ အစုရှယ်ယာဈေးနှုန်းမှာ ၁၇ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့ကြောင်း Bloomberg က ဖော်ပြသည်။

ထို့ပြင် အစုရှယ်ယာဈေးနှုန်းကျဆင်းမှုနှင့် ရင်ဆိုင်ခဲ့ရသည့် နည်းပညာကုမ္ပဏီများတွင် Huang's fortune၊ Oracle၊ Meta နှင့် Dell တို့ပါသည်။

Ref: RT

# တရုတ်ကားဈေးကွက်တွင် BYD က ဘဏ္ဍာငွေ အများဆုံးရှာဖွေပေးနိုင်သည့်ကားအဖြစ်ရပ်တည်


BYD ကုမ္ပဏီထုတ်မော်တော်ကားသည် တရုတ်နိုင်ငံရှိ မော်တော်ကားဈေးကွက်တွင် နာမည်ကြီး ဂျာမနီကားကုမ္ပဏီများကို ကျော်ဖြတ်၍ ဘဏ္ဍာငွေအများဆုံး ရှာဖွေပေးနိုင်သည့်ကားအဖြစ် ရပ်တည်နိုင်ခဲ့ကြောင်း Sina Finance တွင်ဖော်ပြထားသည်။

BYD ကုမ္ပဏီသည်၎င်းတို့ထုတ်လုပ်သည့် မော်တော်ကားများအား ပျမ်းမျှအားဖြင့် တစ်စီးလျှင်ယွမ်၁၂၀၀၀ (ဒေါ်လာ၁၆၇၀၀) ဖြင့်ရောင်းချပေးခဲ့ပြီး တရုတ်ဈေးကွက်အတွင်း နှစ်စဉ်ရောင်းချမှုသည် မော်တော်ကားအစီးပေါင်း ၃ ဒသမ ၄၉ သန်းအထိ မြင့်တက်လာခဲ့ခြင်းကြောင့် တရုတ်နိုင်ငံအတွက်ဘဏ္ဍာငွေအဖြစ်ယွမ် ၄၂၀ ဒသမ ၇ ဘီလီယံ (ဒေါ်လာ ၅၈ ဒသမ ၁ ဘီလီယံ) ရှာဖွေပေးနိုင်ခဲ့သည်။

ဘဏ္ဍာငွေအများဆုံး ရှာဖွေပေးနိုင်သည့်စာရင်းတွင် BYD ကုမ္ပဏီပြီးနောက် နာမည်ကြီးဂျာမနီကုမ္ပဏီကြီးများဖြစ်သည့် Mercedes-Benz နှင့် Volkswagen တို့က ဒုတိယနှင့် တတိယနေရာအသီးသီးတွင် ရပ်တည်လျက်ရှိသည်။

ထို့ပြင် အခြားကုမ္ပဏီများဖြစ်သည့် Aito နှင့် Li Auto တို့ကလည်း ဘဏ္ဍာငွေအများဆုံးရှာဖွေပေးနိုင်သည့် မော်တော်ကားစာရင်းတွင် ပါဝင်လာခဲ့ကြောင်း Sina Finance တွင် ဆက်လက်ဖော်ပြထားသည်။

Ref: CNChina



# တရုတ်နိုင်ငံ၏ ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုက ပထမဆုံးအကြိမ်အဖြစ် တန်ချိန်ပေါင်း သန်း ၄၀၀ ကျော်လွန်



တရုတ်နိုင်ငံ၏ ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုသည် ပထမဆုံးအကြိမ်အဖြစ် ၂၀၂၄ ခုနှစ်တွင် တန်ချိန်ပေါင်း သန်း ၄၀၀ ကျော်လွန်လာခဲ့သည်။

တရုတ်နိုင်ငံ၏ ရေနံစိမ်းထုတ်လုပ်မှုသည် ၂၀၁၈ ခုနှစ်တွင် တန်ချိန် ၁၉ သန်းရှိခဲ့သော်လည်း ၂၀၂၄ ခုနှစ်တွင် တန်ချိန်ပေါင်း ၂၁၃ သန်းအထိမြင့်တက်လာသည်။

ထို့ပြင် သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုတွင်လည်း ပြီးခဲ့သည့်နှစ်တွင် ၂၄၆ ဒသမ ၄ ဘီလီယံ ကုဗမီတာအထိမြင့်တက်လာခဲ့ကြောင်း တရုတ်အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုအဖွဲ့က ထုတ်ပြန်ထားသည်။

နိုင်ငံ၏ရေနံစိမ်းနှင့်သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှု မြင့်တက်လာခြင်းသည် ကမ်းလွန်နှင့် သမားရိုးကျမဟုတ်သည့် အရန်အရင်းအမြစ်များကြောင့် ဖြစ်ကြောင်း အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုအဖွဲ့ကပြောသည်။

Ref: Xinhua

# ဂရင်းလန်းကျွန်းလုံခြုံရေးအတွက် ဒိန်းမတ်က ဒေါ်လာ ၂ ဒသမ ၀၅ ဘီလီယံအသုံးပြုမည်

ကိုပင်ဟေဂင်၊ လုံခြုံရေး

ဒိန်းမတ်နိုင်ငံသည် ဂရင်းလန်းကျွန်းလုံခြုံရေးအတွက်ခရိုနာ ၁၄ ဒသမ ၆ ဘီလီယံ (ဒေါ်လာ ၂ ဒသမ ၀၅ ဘီလီယံ) အသုံးပြုသွားမည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီး ထရိုးအယ် လန်း ပေါဆင်က ပြောသည်။

ယခုအခါ အာတိတ်ဒေသနှင့် မြောက်အတ္တလန္တိတ်ဒေသတို့တွင် လုံခြုံရေးနှင့် ကာကွယ်ရေးအရ စိန်ခေါ်မှုများထွက်ပေါ်လာခြင်းကြောင့် ဒိန်းမတ်နိုင်ငံအနေဖြင့် ဂရင်းလန်း၏လုံခြုံရေးကို တိုးမြှင့်ရန်စီစဉ်ခဲ့ရခြင်းဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီး ပေါဆင်က ဇန်နဝါရီလ ၂၇ ရက်တွင် ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတစ်ခု၌ ပြောကြားခြင်းဖြစ်သည်။ ဒိန်းမတ်နိုင်ငံအနေဖြင့် ဂရင်းလန်းကျွန်းနှင့်စပ်လျဉ်း၍ စည်းလုံးညီညွတ်မှုကိုတိုးမြှင့်နိုင်ရန်အတွက် ပြင်သစ်၊ ဂျာမနီအပါအဝင် နေတိုးအဖွဲ့ဝင်နိုင်ငံများနှင့် ယခုရက်သတ္တပတ်အတွင်း တွေ့ဆုံမည်ဟု ဒိန်းမတ်ဝန်ကြီးချုပ် မက်ဖရက်ရစ်ဆင်က ပြောကြားပြီးနောက် ကာကွယ်ရေးဝန်ကြီး ပေါဆင်၏ပြောဆိုချက် ထပ်မံထွက်ပေါ်လာခြင်းဖြစ်သည်။

ဒိန်းမတ်နိုင်ငံသည် အာတိတ်ဒေသနှင့် မြောက်အတ္တလန္တိတ်ဒေသရှိနိုင်ငံ၏နယ်မြေပေါင်းစည်းရေးကို ကာကွယ်ရန်အတွက် ရေယာဉ်သစ်များ၊ ဒရုန်းများ၊ ထောက်လှမ်းရေးစွမ်းရည်ကို တိုးမြှင့်နိုင်မည့် ဂြိုဟ်တုဆက်သွယ်ရေးကိရိယာများကို ဝယ်ယူသွားမည်ဖြစ်ကြောင်းသိရသည်။

ဂရင်းလန်းသည် ဒိန်းမတ်နိုင်ငံ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတစ်ခုဖြစ်ပြီး ကနေဒါ၊ ရုရှားနှင့် ဥရောပဒေသတို့ကြားရှိ အရင်းအမြစ်ကြွယ်ဝသည့် ကမ္ဘာ့အကြီးဆုံးကျွန်းတစ်ကျွန်းဖြစ်သည်။

Ref: Sputnik, DW



# တောင်ကိုရီးယားနိုင်ငံတွင် ခရီးသည်တင်လေယာဉ်တစ်စင်းပေါ်၌ မီးလောင်ကျွမ်းမှုဖြစ်ပွား၊ ခရီးသည်များနှင့်လေယာဉ်အမှုထမ်းများအားလုံးကို ကယ်ဆယ်နိုင်ခဲ့



ဆိုး၊ မတော်တဆမှု


တောင်ကိုရီးယားနိုင်ငံ ဘူဆန်မြို့ရှိ ဂင်ဟေး အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဇန်နဝါရီလ ၂၈ ရက်က ခရီးသည်တင်လေယာဉ်တစ်စင်းပေါ်၌ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း ယွန်ဟပ်သတင်းအေဂျင်စီက ထုတ်ပြန်သည်။

မီးလောင်ကျွမ်းမှုသည် Air Busan လေကြောင်းလိုင်းပိုင် ခရီးသည်တင်လေယာဉ်သည် ဒေသစံတော်ချိန် ည ၁၀ နာရီ ၃၀ မိနစ်ခန့်က လေဆိပ်မှ ဟောင်ကောင်သို့ ထွက်ခွာရန် ပြင်ဆင်နေစဉ် စတင်ဖြစ်ပွားခြင်းဖြစ်သည်။

လေဆိပ်အာဏာပိုင်များသည် အဆိုပါလေယာဉ်ပေါ်မှ ခရီးသည် ၁၆၉ ဦးနှင့် လေယာဉ်အမှုထမ်းခုနစ်ဦးကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးနိုင်ခဲ့သော်လည်း မီးလောင်မှုသည် ည ၁၁ နာရီအထိ ဆက်လက်လောင်ကျွမ်းခဲ့သောကြောင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးအား အပြီးသတ်ငြိမ်းသတ်နိုင်ရန် ကြိုးပမ်းခဲ့ရကြောင်းသိရသည်။

Ref :Xinhua, ST

# Iron Dome ဒုံးကျည်ကာကွယ်ရေးစနစ်၏ဒီဇိုင်းကို ရက်ပေါင်း ၆၀ အတွင်းပြင်ဆင်ရန် ထရမ့်က ကာကွယ်ရေးဝန်ကြီးအား ညွှန်ကြား



မော်စကို၊ စစ်ရေး

Iron Dome ဒုံးကျည်ကာကွယ်ရေးစနစ်တစ်ခု၏ဒီဇိုင်းကို ရက်ပေါင်း ၆၀ အတွင်း ပြင်ဆင်၍ပြန်လည်တင်ပြရန် အမေရိကန်သမ္မတ ဒေါနယ်ထရမ့်က ကာကွယ်ရေးဝန်ကြီး ပီဟက်ဆက်အား ညွှန်ကြားလိုက်ကြောင်းသိရသည်။

ကာကွယ်ရေးဝန်ကြီးဟက်ဆက်အနေဖြင့် အမိန့်ကြေညာစာထွက်သည့်နေ့မှစ၍ ရက်ပေါင်း ၆၀ အတွင်း Iron Dome ဒုံးကျည်ကာကွယ်ရေးစနစ်အား ဒီဇိုင်းရေးဆွဲမည့် အစီအစဉ်၊ စွမ်းဆောင်ရည်အခြေပြု လိုအပ်ချက်များကို သမ္မတထရမ့်ထံသို့ ပြန်လည်တင်ပြရမည်ဖြစ်သည်။

ဒုံးကျည်ကာကွယ်ရေးစနစ်အား ဒီဇိုင်းရေးဆွဲထုတ်လုပ်ရာတွင်ပဲ့ထိန်းဒုံးကျည်များ၊ အသံထက်မြန်ဒုံးကျည်နှင့် နည်းပညာမြင့်ခရုဒုံးကျည်များအား အဆိုပါဒုံးကျည်ကာကွယ်ရေးစနစ်က ကာကွယ်နိုင်မှု၊ ဒုံးကျည်ကာကွယ်ရေးစနစ်၏ အသံထက်မြန်ဒုံးကျည်နှင့် အာကာသအခြေပြုထောက်လှမ်းရေး အာရုံခံစနစ်များဖြန့်ကြက်နိုင်မှုနှင့် ဒုံးကျည်များကိုကြားဖြတ်ဟန့်တားနိုင်သည့် အာကာသအခြေပြု ကြားဖြတ်ဟန့်တားရေးစနစ်များအား ထုတ်လုပ်ဖြန့်ကြက်နိုင်မှုတို့ပါဝင်မည်ဖြစ်ကြောင်းသိရသည်။

ထရမ့်သည် ယခင်ကလည်း Iron Dome ဒုံးကျည်ကာကွယ်ရေးစနစ်အား အမေရိကန်ပြည်ထောင်စုတွင် ဖြန့်ကြက်ရန် အမိန့်ထုတ်ပြန်ခဲ့ဖူးကြောင်းသိရသည်။

Ref: Sputnik

## နိုင်ငံတကာသတင်းတိုကဏ္ဍ

# မလေးရှားကမ်းရိုးတန်းရှိ ပင်လယ်ပြင်အတွင်း ကုန်တင်သင်္ဘောနစ်မြုပ် ခြောက်ဦးကို ကယ်ဆယ်နိုင်ခဲ့ပြီး တစ်ဦးပျောက်ဆုံး

မလေးရှားနိုင်ငံ ဘော်နီယိုပြည်နယ် ဆာရက်ဝပ်ကမ်းရိုးတန်းရှိပင်လယ်ပြင်အတွင်း ကုန်တင်သင်္ဘောတစ်စင်းနစ်မြုပ်ခဲ့ရာ သင်္ဘောအမှုထမ်းခြောက်ဦးကို ကယ်ဆယ်နိုင်ခဲ့ပြီး တစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့က ဇန်နဝါရီလ ၂၈ ရက်တွင်ပြောသည်။

အဆိုပါကုန်တင်သင်္ဘောသည် ဇန်နဝါရီလ ၂၇ ရက်ညပိုင်းမှစ၍ အဆက်အသွယ်ပြတ်တောက်သွားပြီး နောက်တစ်နေ့ ဒေသစံတော်ချိန် နံနက် ၆ နာရီ ၃၀ မိနစ်ခန့်တွင် ပြန်လည်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း အာဏာပိုင်အဖွဲ့က ထုတ်ပြန်သည်။

ယင်းနောက်တွင် အာဏာပိုင်အဖွဲ့က သင်္ဘောပေါ်မှအမှုထမ်းခြောက်ဦးကို ချက်ချင်းကယ်ဆယ်နိုင်ခဲ့ပြီး ပျောက်ဆုံးနေသူတစ်ဦးကို ဆက်လက်ရှာဖွေလျက်ရှိသည်။ ပျောက်ဆုံးနေသည့် အဆိုပါသင်္ဘောအမှုထမ်းသည် တစ်ပိုင်းတစ်စ ရေနစ်မြုပ်နေသည့်သင်္ဘောအတွင်းပိတ်မိနိုင်ဖွယ်ရှိကြောင်းသိရသည်။

Ref :Xinhua

# တရုတ်နှင့်အိန္ဒိယတို့ကြား တိုက်ရိုက်လေကြောင်းပျံသန်းမှု ပြန်လည်စတင်ရန်သဘောတူ

တရုတ်နှင့် အိန္ဒိယနိုင်ငံကြား တိုက်ရိုက်လေကြောင်းပျံသန်းမှုပြန်လည်စတင်ရန် နှစ်နိုင်ငံစလုံးက သဘောတူညီခဲ့ကြကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်သည်။

အဆိုပါသဘောတူညီချက်အား တရုတ်ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဆွန်ဝေတုန်းနှင့် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ဗီခရမ်မစ်စရီတို့က တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ဇန်နဝါရီလ ၂၇ ရက်တွင် တွေ့ဆုံစဉ် ချမှတ်နိုင်ခဲ့ခြင်းဖြစ်သည်။

သဘောတူညီချက်အရ တရုတ်ပြည်မကြီးနှင့် အိန္ဒိယနိုင်ငံတို့ကြား လေကြောင်းခရီးစဉ်များ တိုက်ရိုက်ပျံသန်းခြင်းကို ပြန်လည်စတင်မည်ဖြစ်သည်။

အိန္ဒိယနိုင်ငံအနေဖြင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO) တွင် တရုတ်နိုင်ငံက အလှည့်ကျဥက္ကဋ္ဌအဖြစ်တာဝန်ယူမှုကို အပြည့်အဝထောက်ပံ့ပေးရန် ဆန္ဒရှိနေပြီး SCO ၏ မူဘောင်အရ တရုတ်နိုင်ငံကဦးဆောင်သည့် လုပ်ဆောင်မှုများတွင်လည်း အိန္ဒိယနိုင်ငံက တက်ကြွစွာပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် တရုတ်နှင့် အိန္ဒိယနိုင်ငံတို့အနေဖြင့် နှစ်နိုင်ငံစလုံးရှိ ပြည်သူများ၏ အခြေခံကျသည့် အကျိုးစီးပွားအတွက် လုပ်ဆောင်သင့်ပြီး တရုတ်-အိန္ဒိယဆက်ဆံရေးအား မဟာဗျူဟာမြောက်နှင့် ရေရှည်ရှုထောင့်မှနေ၍ ရှုမြင်ထိန်းသိမ်းသင့်ကြောင်း တရုတ်နိုင်ငံက တုံ့ပြန်ပြောကြားခဲ့ကြောင်းသိရသည်။

နှစ်နိုင်ငံကြား လေကြောင်းတိုက်ရိုက်ပျံသန်းမှုအစီအစဉ်သည် ကမ္ဘာ့နိုင်ငံများတွင် ကိုဗစ်-၁၉ ရောဂါပိုးကူးစက်မှုနှင့် တရုတ်နှင့် အိန္ဒိယတို့ကြား နယ်စပ်အငြင်းပွားမှုများကြောင့် ငါးနှစ်ကြာရပ်ဆိုင်းခဲ့ရပြီးနောက် ပြန်လည်စတင်ခြင်းဖြစ်သည်။

Ref: RT, Xinhua

# ရုရှားသံရုံးကိုကားဖြင့်ဝင်တိုက်သည့် ယူကရိန်းနိုင်ငံသားအား ဆွီဒင်ရဲတပ်ဖွဲ့ဖမ်းဆီး

စတော့ဟုမ်း၊ အကြမ်းဖက်မှု

ဆွီဒင်နိုင်ငံတွင် ဇန်နဝါရီလ ၂၈ ရက်က စတော့ဟုမ်းမြို့တော်ရှိ ရုရှားသံရုံးကို ကားဖြင့်ဝင်တိုက်ခဲ့သည့် ယူကရိန်းနိုင်ငံသားတစ်ဦးအား ဆွီဒင်ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ကြောင်းသိရသည်။

အသက် ၄၅ နှစ်အရွယ်ရှိ အမည်ဖော်ပြထားခြင်းမရှိသည့် ယူကရိန်းနိုင်ငံသားသည် ရုရှားသံရုံး၏ဝင်ပေါက်ကို ကားဖြင့်တိုက်၍ အတွင်းသို့မောင်းဝင်ရန်ကြိုးပမ်းခဲ့ခြင်းဖြစ်ကြောင်း သံရုံးမှ ထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြထားသည်။


အဆိုပါဖြစ်စဉ်တွင် ကြီးမားသည့် ပျက်စီးမှုများ ဖြစ်ပွားခဲ့ခြင်းမရှိကြောင်း သိရသည်။

ယင်းဖြစ်စဉ်တွင် သံရုံးအဆောက်အအုံနှင့်သံရုံးဝန်ထမ်းများ ထိခိုက်ဒဏ်ရာရရှိခြင်းမရှိသော်လည်း ထိုသို့သောဖြစ်စဉ်မျိုးမဖြစ်ပွားစေရန် တားဆီးရာတွင် ဆွီဒင်ရဲတပ်ဖွဲ့၏ ကိုင်တွယ်ဆောင်ရွက်မှုများကို သံရုံးကဝေဖန်ထားသည်။

အဆိုပါယူကရိန်းနိုင်ငံသားသည် ဆွီဒင်နိုင်ငံရှိ ရုရှားသံရုံးများနှင့် ကောင်စစ်ဝန်ရုံးများအပေါ် ၂၀၁၅ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်တွင်လည်း ထိုကဲ့သို့လုပ်ဆောင်ခဲ့ဖူးကြောင်းသိရသည်။

ယင်းကာလများအတွင်း အဆိုပါအမျိုးသားမှာ စိတ်ကျန်းမာရေးအခြေအနေကောင်းမွန်ခြင်းမရှိသောကြောင့် ဆေးကုသမှုခံယူရန် ဆွီဒင်အာဏာပိုင်များက ၎င်းအား ပြန်လွှတ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref: RT



# မြန်မာစာပေပညာရှင် အမျိုးသားစာပေတစ်သက်တာဆုရ ဆရာကြီးအလင်္ကာကျော်စွာ ဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ)ကွယ်လွန်

**နေပြည်တော် ဇန်နဝါရီ ၂၈**

မြန်မာစာပေကို အသက်ထက်ဆုံး မြတ်နိုးတန်ဖိုးထားခဲ့ပြီး မြန်မာစာပေအကျိုးအတွက် မဆုတ်မနစ်အားထုတ်ခဲ့သည့် အမျိုးသားစာပေ တစ်သက်တာဆုရှင်၊ မြန်မာစာကဝိတစ်ဆူဖြစ်သည့် ဆရာကြီး ဦးခင်အေး (ဒေါက်တာ ခင်အေး) ခေါ် (မောင်ခင်မင်-ဓနုဖြူ)သည် ဇန်နဝါရီလ ၂၈ ရက်နေ့ နံနက် ၀၁:၃၀ တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားခဲ့ပြီဖြစ်ကြောင်းသိရသည်။

ဆရာကြီး ကွယ်လွန်ခဲ့ရခြင်းသည် နိုင်ငံနှင့် လူမျိုး၊ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ ကြီးမားသော ဆုံးရှုံးမှုကြီးတစ်ရပ်ဖြစ်သည်။

မြန်မာစာ၊ မြန်မာစကားနှင့် မြန်မာစကားပြေသဘောတရားကို အစဉ်တစိုက်လေ့လာပြုစုရေးသားခဲ့သူ၊ မြန်မာဘာသာစကားကို လေ့လာလိုသူများအတွက် ဆရာတစ်ဆူဖြစ်ခဲ့သူ၊ စာပေဆုများစွာကို ချီးမြှင့်အပ်နှင်းခြင်း ခံခဲ့ရသူ မြန်မာစာပေပညာရှင် အမျိုးသားစာပေတစ်သက်တာဆုရ ဆရာကြီး အလင်္ကာကျော်စွာ ဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ)ကို ၁၉၄၂ ခုနှစ် ဇန်နဝါရီလတွင် ဓနုဖြူမြို့နယ် ကျုံတနီးကျေးရွာ၌ အဘ ဦးရာမ၊ အမိ ဒေါ်စောတင်တို့က ဖွားမြင်သည်။ ၁၉၅၄ ခုနှစ်တွင် ရန်ကုန်မြို့ မြူနီစီပယ်ပညာရေးအဖွဲ့က စစ်ဆေးသော စတုတ္ထတန်းစာမေးပွဲကို ပထမအဆင့်မှ အောင်မြင်ခဲ့သည်။ ၁၉၅၇ ခုနှစ်တွင် သတ္တမတန်းနှင့် အလယ်တန်းပညာသင်ဆုစာမေးပွဲတွင်အမှတ်အများဆုံးဖြင့်အောင်သဖြင့်အလယ်တန်းပညာသင်ဆု ရရှိခဲ့သည်။ ၁၉၅၇ ခုနှစ် အလယ်တန်းကျောင်းသားအရွယ်ကတည်းက စာနယ်ဇင်းများတွင် ဆောင်းပါးများ စတင်ရေးသားခဲ့သည်။ ၁၉၅၉ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းကို မြန်မာစာ၊ သင်္ချာဂုဏ်ထူးများဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ပြီး တစ်နိုင်ငံလုံးတွင် မြန်မာစာအမှတ်အများဆုံးရရှိကာ ငွေတာရီ ရွှေတံဆိပ်ဆုနှင့် လှသမိန်ရွှေတံဆိပ်ဆုတို့ကိုပါ ချီးမြှင့်ခြင်းခံခဲ့ရသည့်အပြင် တက္ကသိုလ်ပညာသင်ဆုကိုပါ ရရှိခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာအထွေထွေဂုဏ်ထူးဘွဲ့ကို ပထမတန်းဖြင့် ထူးထူးချွန်ချွန်အောင်မြင်ခဲ့ပြီး ၁၉၆၉ ခုနှစ်တွင် မဟာဝိဇ္ဇာဘွဲ့ကို ဂုဏ်ထူးဖြင့် ရယူနိုင်ခဲ့သည်။

ဆရာကြီးသည် ၁၉၆၃ ခုနှစ်တွင် ပုသိမ်ကောလိပ် မြန်မာစာဌာန၌ နည်းပြဆရာအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့သည်။ လက်ထောက်ကထိက၊ ကထိက၊ တွဲဖက်ပါမောက္ခ၊ ပါမောက္ခအဆင့်များဖြင့် ပုသိမ်ကောလိပ်၊ ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ ပြည်ဒီဂရီကောလိပ်၊ ရန်ကုန်တက္ကသိုလ်တို့တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ဆရာကြီးသည် နိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာန၏ တာဝန်ပေးစေလွှတ်ချက်အရ ဂျပန်နိုင်ငံ အိုဆာကာ နိုင်ငံခြားဘာသာသင်တက္ကသိုလ်တွင် မြန်မာစာ ဧည့်ပါမောက္ခအဖြစ် ၁၉၉၇ ခုနှစ်မှ ၁၉၉၉ ခုနှစ်ထိ နှစ်နှစ်တိုင် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၂ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်က ချီးမြှင့်သည့် ဂုဏ်ထူးဆောင်စာပေပါရဂူ (D.Litt) ဘွဲ့ကို ရရှိခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန ပါမောက္ခအဖြစ်မှ အငြိမ်းစားယူခဲ့သည်။ ၂၀၀၇ ခုနှစ် ဝိဇ္ဇာပညာထူးချွန် တံဆိပ် (ဒုတိယဆင့်)၊ ၂၀၂၀ ပြည့်နှစ်တွင် ဝိဇ္ဇာပညာထူးချွန်တံဆိပ် (ပထမဆင့်)၊ ၂၀၂၂ ခုနှစ်တွင် အလင်္ကာကျော်စွာဘွဲ့တို့ကို နိုင်ငံတော်က ချီးမြှင့်ခြင်းခံခဲ့ရသည်။

ဆရာကြီးသည် မြန်မာစာပေမြှင့်တင်ရေးအတွက် အရေးကြီးကဏ္ဍများတွင်



တစိုက်မတ်မတ် ပါဝင်ဆောင်ရွက်ခဲ့သူဖြစ်သည်။ ရန်ကုန်တက္ကသိုလ် ရွှေရတု၊ စိန်ရတု အထိမ်းအမှတ်ပွဲများ၊ စာပေဗိမာန်စာတမ်းဖတ်ပွဲများ၊ နိုင်ငံတကာသုတေသနဆွေးနွေးပွဲများတွင် စာပေ၊ ယဉ်ကျေးမှုနှင့်ဘာသာရေးဆိုင်ရာ သုတေသနစာတမ်းများ ဖတ်ကြားခဲ့ပြီး အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီတွင်လည်း ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ဆရာကြီးသည်ဘာသာစာပေနှင့် အထွေထွေဆောင်းပါးများ၊ ဘာသာစာပေဆိုင်ရာ စာအုပ်ပေါင်းများစွာ ရေးသားပြုစုထုတ်ဝေခဲ့သည်။

ထိုင်းနိုင်ငံ ချူလာလောင်ကွန်းတက္ကသိုလ်တွင်ကျင်းပသော မိခင်ဘာသာစကားကို နိုင်ငံခြားဘာသာစကားဖြင့် သင်ကြားခြင်းဆိုင်ရာ နိုင်ငံတကာဆွေးနွေးပွဲတွင် စာတမ်းများ ဖတ်ကြားခဲ့သည်။ ရန်ကုန်တက္ကသိုလ်တွင် မြန်မာစာပါရဂူသင်တန်းများ၌ သင်တန်းပို့ချခြင်း၊ ပါရဂူကျမ်းများ ကြီးကြပ်စစ်ဆေးခြင်း၊ စာပေရေးရာများ ဟောပြောဆွေးနွေးခြင်း၊ နိုင်ငံတော်သရီယတ္တိတက္ကသိုလ်(ရန်ကုန်)တွင် အချိန်ပိုင်း စာပေပို့ချပေးခြင်း၊ ဝန်ကြီးဌာနများနှင့် ပြင်ပစာပေနှင့် ပညာရပ်အဖွဲ့အစည်းများတွင် ပညာရေးဆိုင်ရာ၊ စာပေဆိုင်ရာလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်ခဲ့သည့်အပြင် မကွယ်လွန်မီအချိန်အထိ မြန်မာစာအဖွဲ့တွင် အချိန်ပြည့်အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ဆရာကြီးသည် ၁၉၈၇ ခုနှစ်တွင် "မြန်မာစကား၊ မြန်မာစာရုပ်ပုံလွှာ" စာမူဖြင့် စာပေဗိမာန်စာမူပထမဆု (သုတပဒေသာဝိဇ္ဇာ)၊ ၂၀၀၂ ခုနှစ်တွင် "နှစ်လေးဆယ် ဘဝမှတ်တိုင်များ" စာအုပ်ဖြင့် အမျိုးသားစာပေဆု (စာပဒေသာ)၊ ၂၀၀၉ ခုနှစ်တွင် "ဘာသာအမြင် စာပေအမြင်" စာအုပ်ဖြင့် အမျိုးသားစာပေဆု (စာပဒေသာ)နှင့် "အိုဆာကာ ဧည့်သည်" စာအုပ်ဖြင့် သုတစွယ်စုံစာပေဆု၊ ၂၀၁၀ ပြည့်နှစ်တွင် "ကိုလိုနီခေတ် မြန်မာစာပေသမိုင်း" စာအုပ်ဖြင့် ထွန်းဖောင်ဒေးရှင်းစာပေဆုနှင့် ၂၀၁၃ ခုနှစ်တွင် "အမွေခံသူတစ်ယောက်၊ အမွေပေးသူတစ်ရာ (လူငယ်နှင့် ပညာဆိုင်ရာစာစု)" စာအုပ်ဖြင့် အမျိုးသားစာပေဆု (လူငယ်စာပေ)၊ ၂၀၁၉ခုနှစ်တွင် "မင်းသုဝဏ်ဋီကာ" စာအုပ်ဖြင့် ထွန်းဖောင်ဒေးရှင်း စာပေဆု (အတ္ထုပ္ပတ္တိစာပေဆု) တို့ကို ရရှိခဲ့သည်။

ဆရာကြီးသည် မြန်မာစာပေလောကဖွံ့ဖြိုးရေးအတွက် ဟောပြောခြင်း၊ သုတေသနပြုခြင်း၊ ပြည်တွင်း ပြည်ပ စာတမ်းများ ဖတ်ကြားခြင်းတို့အပြင် နိုင်ငံတော်အဆင့် စာပေဖွံ့ဖြိုးရေးလုပ်ငန်းများတွင် နှစ်ပေါင်းများစွာ ဦးဆောင်ပါဝင်ခဲ့သူတစ်ဦးဖြစ်သည်။ အမျိုးသားစာပေတစ်သက်တာဆု(၂၀၁၃)၊ ဆရာဝန်တင်ရွှေစာပေ တစ်သက်တာဆု (၂၀၁၂)၊ ထွန်းဖောင်ဒေးရှင်း တစ်သက်တာစာပေဆု(၂၀၁၆)နှင့် သုတစွယ်စုံ တစ်သက်တာစာပေဆု (၂၀၁၇) တို့ကို ချီးမြှင့်ခြင်းခံခဲ့ရသည်။

ဆရာကြီးသည် စာသင်ခြင်းနှင့် စာပေရေးသားခြင်းတို့ကို ခံမင်နှစ်သက်သူဖြစ်သည့်အလျောက် စာဖတ်သူများအတွက် တန်ဖိုးမဖြတ်နိုင်သည့် စာပေများရေးသားခြင်းနှင့် ဟောပြောပို့ချခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ဆရာကြီးသည် စာပေတာဝန်ကျေပွန်သူဖြစ်ပြီး စာပေဗိမာန်၏ မြန်မာ စာပေဖွံ့ဖြိုးရေး လုပ်ငန်းများတွင်လည်း နှစ်ပေါင်းများစွာ ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်ခဲ့သူဖြစ်သည်။ စာပေဗိမာန်ကကျင်းပသည့် အခမ်းအနားများသို့ တက်ရောက်လေ့ရှိသည့်အပြင်စာပေဗိမာန်၏ အထိမ်းအမှတ် စာအုပ်စာစောင်များတွင်လည်း စာမူများ မပျက်မကွက်ချီးမြှင့်ပေးခဲ့သူဖြစ်သည်။ ၂၀၂၄ ခုနှစ်တွင် ကျရောက်သည့်(၇၅)ကြိမ်မြောက် အမျိုးသားစာပေဆု အထိမ်းအမှတ်အဖြစ်ထုတ်ဝေသည့် (၇၅) ကြိမ်မြောက် စိန်ရတုအမျိုးသားစာပေဆု အထိမ်းအမှတ်မဂ္ဂဇင်းတွင်လည်း "စာပေဆုခရီးတစ်လျှောက်မှာ…" စာမူကို ချီးမြှင့်ပေးခဲ့သည်။ စာပေတည်းဖြတ်မှု၊ သတ်ပုံသတ်ညွှန်းနှင့် စာပေအသုံးအနှုန်းဆိုင်ရာများနှင့်ပတ်သက်၍လည်း စာပေဗိမာန်စာတည်းများကို အကြံဉာဏ်များပေးခဲ့သူ၊ စာပေလမ်းပြပေးခဲ့သူ ဆရာကြီးဖြစ်သည်။

ဆရာကြီး အလင်္ကာကျော်စွာဒေါက်တာခင်အေး(မောင်ခင်မင်-ဓနုဖြူ)သည် အသက် ၈၃ နှစ်အရွယ်တွင်ကွယ်လွန်ခဲ့ပြီး ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်စုစုနွယ်(တွဲဖက်ပါမောက္ခ-ငြိမ်း၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်)နှင့် သမီး မသူသူနွယ်အေးတို့ ကျန်ရစ်ခဲ့သည်။

ဆရာကြီး ဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ) ကွယ်လွန်ခဲ့ရခြင်းအတွက် မြန်မာစာပေ ချစ်မြတ်နိုးတန်ဖိုးထားရသူအပေါင်းတို့နှင့် ထပ်တူစိတ်နှလုံးကြေကွဲရပြီး ဆရာကြီး(မောင်ခင်မင်-ဓနုဖြူ)မြင့်မြတ်သောဘုံဘဝ၌ရောက်ရှိပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

မြဝတီ

## ဖြူးမြို့နယ်စည်ပင်သာယာဈေးကြီး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ်ခြင်းသရုပ်ပြ

**ဖြူး ဇန်နဝါရီ ၂၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်၌ ခြောက်သွေ့သည့်ကာလ ရောက်လာသည်နှင့်အမျှ မီးလောင်မှုများကို ကြိုတင်ကာကွယ်နိုင်ရန်၊ ဈေးသူ၊ ဈေးသားများ မီးဘေးကြိုတင်ကာကွယ်နိုင်ကြစေရန်၊ မီးဘေးအန္တရာယ်ကြုံလာပါက လက်တွေ့မီးငြိမ်းသတ်နိုင်စေရန်ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းပြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းကို ဇန်နဝါရီလ ၂၈ ရက်တွင် ဖြူးမြို့နယ်စည်ပင်သာယာဈေးကြီး၌ ဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ်ခြင်းလက်တွေ့သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်ရာတွင် ဖြူးမြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးချမ်းဟိန်းလင်းဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးအသုံးပြုပုံကိုရှင်းလင်းပြသခြင်း၊ လက်တွေ့မီးငြိမ်းသတ်ခြင်း၊ ရေစိုအဝတ်ဖြင့် မီးငြိမ်းသတ်ခြင်း၊ မီးသတ်ယာဉ်နှစ်စီး၊ ရေသယ်ယာဉ်နှစ်စီးဖြင့် မီးငြိမ်းသတ်မှုကို သရုပ်ပြခြင်းများ ဆောင်ရွက်ကြသည်။



အဆိုပါသရုပ်ပြခြင်းဆောင်ရွက်ရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးကိုတင့်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စွာလင်းနှင့်ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဈေးသူ၊ ဈေးသားများတက်ရောက်၍ လက်တွေ့မီးငြိမ်းသတ်ခြင်းများကို ဆောင်ရွက်ကြကြောင်း သိရသည်။

နေမျိုးလွင်(ပြန်/ဆက်)

## နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

**နေပြည်တော် ဇန်နဝါရီ ၂၈**


နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ (မိုး/ဇလ)

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# မြန်မာနိုင်ငံဆေးကောင်စီ တတိယလေးနှစ်သက်တမ်းကာလ ပထမအကြိမ် ဗဟိုကောင်စီ အစည်းအဝေးနှင့် ပထမအကြိမ် အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၈**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံဆေးကောင်စီ တတိယလေးနှစ်သက်တမ်းကာလ ပထမအကြိမ် ဗဟိုကောင်စီအစည်းအဝေးနှင့် ပထမအကြိမ်အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးများသို့ တက်ရောက်အမှာစကားပြောကြားသည်။



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံဆေးကောင်စီအနေဖြင့် မြန်မာနိုင်ငံသားဆရာဝန်များကို အထွေထွေဆေးကုသမှုလိုင်စင်နှင့် အထူးကုလိုင်စင်များကို စနစ်တကျစိစစ်၍ မှတ်ပုံတင်ပေးခြင်း၊ သက်တမ်းတိုးပေးခြင်း၊ မြန်မာနိုင်ငံရှိ ဆေးရုံများတွင် လာရောက်၍ ဆေးကုသမှုလုပ်ငန်းဆောင်ရွက်ပေးမည့် နိုင်ငံခြားသားဆရာဝန်များအတွက် သီးခြားသတ်မှတ်ဆေးကုသခွင့်လိုင်စင်များ စနစ်တကျစိစစ်၍ ထုတ်ပေးခြင်း၊ ပုဂ္ဂလိကဆေးရုံဆေးခန်းများတွင် တာဝန်ထမ်းဆောင်သည့် ဆရာဝန်များကို ထုတ်ပြန်ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ဆောင်ရွက်ပေးခြင်း စသည့်လုပ်ငန်းတာဝန်များကို ပြဋ္ဌာန်းထားသည့် ဥပဒေ၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အစိုးရ၏မူဝါဒဖြစ်သည့် ဆေးရုံတိုင်း ဆရာဝန်ရှိစေရေးဆိုသည့်မူဝါဒနှင့်အညီ ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုအတွက် လိုအပ်သည့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးလျက်ရှိရာတွင် ယခုအခါ ဖွင့်လှစ်နိုင်သော မြို့နယ်ဆေးရုံများအားလုံးနှင့် တိုက်နယ်ဆေးရုံများ၏ ၉၀ ရာခိုင်နှုန်းကျော်တွင်ဆရာဝန်များခန့်အပ်ထားပြီးဖြစ်ကြောင်း၊ ဆက်လက်၍လည်း လိုအပ်သည့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များကို ဆက်လက်မွေးထုတ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံဆေးကောင်စီ တတိယလေးနှစ်သက်တမ်းကာလအတွက် အလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်ခြင်းနှင့် အတည်ပြုခြင်းတို့ကို ဆောင်ရွက်ပြီး မြန်မာနိုင်ငံ ဆေးကောင်စီ တတိယလေးနှစ်သက်တမ်းကာလ ပထမအကြိမ် အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးကို ဆက်လက်ကျင်းပရာ တက်ရောက်လာသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းဆွေးနွေးအကြံပြုကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တောင်တွင်းကြီးမြို့နယ်တွင် ကျောင်းနေအရွယ်ကလေးများ အာဟာရဖွံ့ဖြိုးတိုးတက်စေရေးအစီအစဉ်ဖြင့် KG ကျောင်းသား၊ ကျောင်းသူများအား ကျောင်းတွင်းအာဟာရကျွေးမွေး

**တောင်တွင်းကြီး ဇန်နဝါရီ ၂၈**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်တွင် ကျောင်းနေအရွယ်ကလေးများ အာဟာရဖွံ့ဖြိုးတိုးတက်စေရေးအစီအစဉ်ဖြင့် KG ကျောင်းသား၊ ကျောင်းသူများအား ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းကို ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ယနေ့နံနက် ၁၁ နာရီတွင် တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ကျောင်းပေါင်း ၂၅၃ ကျောင်းတွင် တစ်ပြိုင်နက်ဆောင်ရွက်ခဲ့ကြသည်။

ကျောင်းသား၊ ကျောင်းသူများအားလုံး ကျန်းမာသန်စွမ်းပြီး အာဟာရပြည့်ဝရန်နှင့် ကျန်းမာရေးနှင့်ညီညွတ်သော အမူအကျင့်များ .စွဲမြဲကျင့်သုံးတတ်စေရေးအတွက် ပညာရေးနှင့် ကျန်းမာရေးအပါအဝင် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရန်၊ မူလတန်းကျောင်းသား၊ ကျောင်းသူများ၏ ကြီးထွားဖွံ့ဖြိုးကျန်းမာမှုနှင့် ပညာရေးတိုးတက်မှုများအတွက် ကျောင်းသား၊ ကျောင်းသူများနှင့် ၎င်းတို့ မိသားစုများ၏ ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်ပုံစံများမြှင့်တင်ရန်ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။



ထိုသို့ဆောင်ရွက်ရာတွင်တောင်တွင်းကြီးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများရှိ ကျောင်းသား၊ ကျောင်းသူများအား မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများနှင့် ဆရာ၊ ဆရာမများက လက်ကိုဆပ်ပြာဖြင့် စနစ်တကျ ဆေးကြောသန့်စင်ပေးပြီး အသားခေါက်၊ ကစီခေါက်၊ အဆီခေါက်၊ ဗီတာမင်ခေါက်၊ သတ္တုဓာတ်နှင့် ရေခေါက် စသည်တို့ပါဝင်သော အာဟာရဖြစ်စေမည့် စားသောက်ဖွယ်ရာများအား ကျွေးမွေးခဲ့ကြသည်။

အဆိုပါကျွေးမွေးရာနေရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးလှသောင်း၊ အဖွဲ့ဝင်(၃) မြို့နယ်လဝက ဦးစီးမှူး ဦးဟိန်းဇော်မင်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးနိုင်ဝင်း၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူများနှင့် ကျန်းမာရေးဝန်ထမ်းများက သွားရောက်ကြည့်ရှုခဲ့ကြပြီး လိုအပ်သည်များကို ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ပေးခဲ့ကြသည်။ အလားတူ တောင်တွင်းကြီးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းပေါင်း ၂၅၃ ကျောင်းတွင်လည်း KG ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၄၁၈၃ ဦးတို့အား ကျောင်းတွင်း အာဟာရကျွေးမွေးခြင်းလုပ်ငန်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

**တင်ဆန်းဦး**

# ၂၀၂၅ ဆီးဂိမ်းပြိုင်ပွဲတွင် အားကစားနည်း ၅၀ ထည့်သွင်းကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၈**

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၃၃) ကြိမ်မြောက် ထိုင်းဆီးဂိမ်းပြိုင်ပွဲတွင် အားကစားနည်း ၅၀ ထည့်သွင်းကျင်းပမည်ဖြစ်သည်။ ထိုင်းနိုင်ငံအနေဖြင့် ဆီးဂိမ်းပြိုင်ပွဲကို အိမ်ရှင်အဖြစ် ခုနစ်ကြိမ်မြောက် ကျင်းပခြင်းဖြစ်သည်။

လာမည့်ဆီးဂိမ်းပြိုင်ပွဲတွင် ရေကူး၊ ပြေးခုန်ပစ်၊ မြားပစ်၊ ကြက်တောင်၊ ဘတ်စကက်ဘော၊ လှေလှော် (ကနူး/ကယက်၊ အပြည်ပြည်ဆိုင်ရာ၊ ရိုးရာလှေ)၊ စက်ဘီး၊ မြင်းစီး၊ ခဲရေး၊ ဘောလုံး/ဖူဆယ်၊ ဂေါက်သီး၊ ကျွမ်းဘား၊ Handball၊ ဟော်ကီ၊ ဂျူဒို၊ ရပ်ဘီ၊ ရွက်လှေ၊ သေနတ်ပစ်၊ စားပွဲတင်တင်းနစ်၊ တိုက်ကွမ်ဒို၊ တင်းနစ်၊ သုံးမျိုးစုံ၊ ဘော်လီဘော၊ နပန်း၊ ရေခဲပြင်စကိတ်၊ Modern Pentathlon၊ အလေးမ၊ ဘော့စ်ဘော၊ ဘိလိယက်နှင့်စနူကာ၊ လက်ဝှေ့၊ Floorball၊ E-Sports၊ မွေလက်ဝှေ့၊ ပန်ကြပ်ဆီလပ်၊ ပီတန်း၊ ပိုက်ကျော်ခြင်း၊ Squash၊ ဘိုးလင်း၊ Extreme Sports၊ ကရာတေး၊ ဂျူဂျစ်ဆု၊ ခရစ်ကက်၊ ဝူရှူး၊ Kabaddi၊ Teqball၊ ကစ်ဘောင်ဆင်၊ Woodball နှင့် စစ်တုရင်အားကစားနည်းများ ပါဝင်မည်ဖြစ်သည်။ (၃၃)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၉ ရက်မှ ၂၀ ရက်အထိ ဘန်ကောက်မြို့၊ ချောင်ဘူရီမြို့၊ ဆောင်ခလာမြို့တို့တွင် ကျင်းပမည်ဖြစ်သည်။

မြန်မာအားကစားအဖွဲ့သည် လာမည့်ဆီးဂိမ်းပြိုင်ပွဲအတွက် စတင်ပြင်ဆင်နေပြီဖြစ်ပြီး ၂၀၂၃ ကမ္ဘောဒီးယားဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ် ၂၁ ခု၊ ငွေတံဆိပ် ၂၅ ခု၊ ကြေးတံဆိပ် ၆၈ ခု ဆွတ်ခူးရရှိခဲ့သည်။

**ရဲရင့်လွင်**

## မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်သတင်းရယူနိုင်ရေး အသိပေးကြေညာခြင်း

၁။ ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် နေပြည်တော်၊ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁) MICC-1 တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ အဆိုပါအခမ်းအနားကျင်းပမည့် နေရာကန့်သတ်ချက်အရ သတင်းမီဒီယာသမားဦးရေအား A Zone၊ B Zone ခွဲခြားသတ်မှတ်ကာ သတင်းရယူစေမည်ဖြစ်ပါသည်။ သို့ပါ၍ အခမ်းအနားသို့တက်ရောက်သတင်းရယူလိုသော လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ရယူထားသည့် သတင်းမီဒီယာများအနေဖြင့် သတင်းမီဒီယာတစ်ခုလျှင် (၂)ဦးနှုန်းဖြင့် ခွင့်ပြုပေးမည်ဖြစ်ပါ၍ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ရာထူးတာဝန်၊ သတင်းဌာနအမည် စသည့် သတ်မှတ်လျှောက်လွှာပုံစံပါ အချက်အလက်များကိုဖြည့်စွက်ကာ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲ(နေပြည်တော်)၊ ၀၆၇-၃၄၁၂၀၄၃၊ iprd.crd.npt @gmail.com၊ (ရန်ကုန်) ၀၁-၅၄၄၅၈၂၊ ၀၁-၅၄၄၅၈၃၊ iprd.crd.ygn @gmail.com သို့ ၃၁-၁-၂၀၂၅ ရက်နေ့အရောက် ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**






**ပျောက်ဆုံးကြောင်း**

ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်၊ စလူချောင်းကျေးရွာနေ တိုးဝေလင်း(ဘ)ဦးစိုးသန်း ၇/ရကန(နိုင်)၀၈၂၆၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 840083)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၄၀၂၅၆၁၆

**ပျောက်ဆုံးကြောင်း**

ပဲခူးမြို့နယ်၊ အောက်စီတီးအရှေ့ကျေးရွာနေ ကျော်လင်းအောင်(ဘ) ဦးသိန်းဝင်း ၇/ပခန(နိုင်)၂၃၄၁၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၀၅၄၆၄၃၈

**ဝမ်းနည်းကြေကွဲခြင်း**

**အမျိုးသားစာပေတစ်သက်တာဆုရ**

**အလင်္ကာကျော်စွာ ဒေါက်တာဦးခင်အေး(မောင်ခင်မင်- ဓနုဖြူ)**

**ပါမောက္ခ(ဌာနမှူး)(ငြိမ်း)၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်**

**အသက်(၈၅)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်နေ ဒေါ်စုစုနွယ်(တွဲဖက်ပါမောက္ခ(ငြိမ်း)၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်)၏ချစ်လှစွာသောခင်ပွန်း အလင်္ကာကျော်စွာ ဒေါက်တာဦးခင်အေး(မောင်ခင်မင်- ဓနုဖြူ)သည် ၂၈-၁-၂၀၂၅ ရက်(အင်္ဂါနေ့) နံနက် ၀၀:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသည်။ မြန်မာစာပေ အဆင့်အတန်းမြင့်မားတိုးတက်ရေးတွင် အလွန်အားကိုးရသောဆရာကြီး တစ်ယောက်ကို ဆုံးရှုံးခဲ့ရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမိသားစု

**ပျောက်ဆုံးကြောင်း**

လယ်ဝေးမြို့နေ ဒေါ်အိအိဖြိုး(ဘ)ဦးမြသွင် ၉/လဝန(နိုင်)၂၂၀၃၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၆၉၆၉၁၃

**ပျောက်ဆုံးကြောင်း**

ဦးအေးဌေး(ဘ)ဦးတင်အောင် ၁၂/မဂတ(နိုင်)၀၃၈၃၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၄၈၅၃၈၆၂

**ပျောက်ဆုံးကြောင်း**

ဝင့်ဝါလင်း(ဘ)ဦးဇင်မင်းထွန်း ၁/ဗမန(နိုင်) ၁၂၃၈၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 685272)မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁


# တာမွေမြို့နယ် အမှတ် (၂၂) အခြေခံပညာမူလတန်းကျောင်း၌ မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ် အသိပညာပေးဟောပြော

ရန်ကုန် ဇန်နဝါရီ ၂၈

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် တာမွေမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးဌာနတို့ပူးပေါင်း၍ ဇန်နဝါရီလ ၂၇ ရက်က မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ် အသိပညာပေးဟောပြောပွဲကို တာမွေမြို့နယ်ရှိ အမှတ် (၂၂) အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် တာမွေမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မို့မို့အောင်က မူးယစ်ဆေးဝါး၏ဆိုးကျိုးအန္တရာယ်များအကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာဆုံးရှုံးရမှုများ၊ ကွမ်းစားခြင်းနှင့် ဆေးလိပ်သောက်ခြင်း၏ ဆိုးကျိုးအန္တရာယ်များအကြောင်း၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ပြစ်မှု၊ ပြစ်ဒဏ်များကို အသိပညာပေးရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ဦးစီးအရာရှိ ဒေါ်မို့မို့အောင်က ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသော မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် အသိပညာပေးနံရံကပ်စာစောင်များနှင့် သုတ၊ ရသ စာအုပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။

တာမွေမြို့နယ်အတွင်းရှိကျောင်းသား၊ ကျောင်းသူ၊ လူငယ်လူရွယ်များအနေဖြင့် မူးယစ်ဆေးဝါးအမျိုးမျိုးတို့၏ ကြောက်မက်ဖွယ်ရာဆိုးကျိုးအန္တရာယ်များနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့်သိရှိပြီး မူးယစ်ဆေးဝါးကို ဝေးဝေးမှရှောင်ရှားနိုင်စေရန် ရည်ရွယ်၍ ယခုကဲ့သို့ အသိပညာပေးဟောပြောပွဲများ ကွင်းဆင်းဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

နိုင်လင်းအောင်(ပြန်/ဆက်)



# ဒဂုံ(အရှေ့ပိုင်း)မြို့နယ်၌ အားကစားနှင့် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့် အားကစားပစ္စည်းများပေးအပ်

ရန်ကုန် ဇန်နဝါရီ ၂၈

ရန်ကုန်တိုင်းဒေသကြီး ဒဂုံ (အရှေ့ပိုင်း) မြို့နယ် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့် အားကစားပစ္စည်းများပေးအပ်ပွဲကို ဇန်နဝါရီလ ၂၇ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန့်ဇော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ဆွေအေးက အားကစားဆိုင်ရာများနှင့်ပတ်သက်၍ အသိပညာပေးဟောပြောသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန့်ဇော်က အားကစားပစ္စည်းများပေးအပ်ရာ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမဥ္ဇူက လူငယ်နှင့် Vaping အန္တရာယ်အကြောင်း အသိပညာပေးဟောပြောပြီး ဒဂုံ(အရှေ့ပိုင်း) မြို့နယ်မြို့မရဲစခန်းမှ ဒုတိယရဲအုပ်မြတ်ကိုကိုက မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း အသိပညာပေးဟောပြောသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန့်ဇော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

(၂၈၅)

# မန္တလေးတိုင်းဒေသကြီး မြို့နယ်လေးမြို့နယ်ရှိ ကျေးရွာများမှ အိမ်ထောင်စုပေါင်း ၃၃၀၀ ကို လေဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်ပေးမည်

မန္တလေး ဇန်နဝါရီ ၂၈

မန္တလေးတိုင်းဒေသကြီး မြို့နယ်လေးမြို့နယ်ရှိ ကျေးရွာများမှ အိမ်ထောင်စုပေါင်း ၃၃၀၀ ကို လေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် အိမ်ဆောက်ပစ္စည်းများပေးအပ်ကာ ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဦးအေးမင်းသူ၏ ပြောကြားချက်အရ သိရသည်။

ယခုနှစ် မိုးကြိုကာလမရောက်မီ မန္တလေးတိုင်းဒေသကြီးအတွင်းရှိဝမ်းတွင်းမြို့နယ်၊ သာစည်မြို့နယ်၊ ပျော်ဘွယ်မြို့နယ်နှင့် ရမည်းသင်းမြို့နယ်တို့ရှိ ကျေးရွာအုပ်စုများမှ အိမ်ထောင်စုပေါင်း ၃၃၀၀ ကို လေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဝါးထရံ၊ ဝါးကပ်၊ မျောတိုင်၊ အိမ်မိုးသက်ငယ်နှင့်သွပ်ပြား စသည့် အိမ်ဆောက်ပစ္စည်းများပေးအပ်ကာ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်မည်ဖြစ်သည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှကြီးမှူးပြီး ရွေးချယ်ထားသော မြို့နယ်များအတွင်းရှိ ကျေးရွာများ၌ လေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ပေးရမည့် လူနေအိမ်များကို ကျေးရွာများအလိုက် စာရင်းကောက်ယူမည်ဖြစ်ကြောင်း၊ ကောက်ယူရရှိသောစာရင်းများကို နေပြည်တော်ရှိ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ရုံးချုပ်သို့တင်ပြကာ ခွင့်ပြုချက်ရသည်နှင့် ပြင်ဆင်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ လေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ပြင်ဆင်မှုများဆောင်ရွက်ရာတွင် အဓိကအားဖြင့် ဝင်ငွေနည်းသောအိမ်ထောင်စုများကို စိစစ်ရွေးချယ်ကာ ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ဆောင်းဦး**

၁ ကျောဖုံးမှအဆက်

သတင်းအရရှာဖွေရာ ယာဉ်၏ကိုယ်ထည်အတွင်း အံဝှက်ပြုလုပ်သယ်ဆောင်လာသည့် ဒေသကာလ တန်ဖိုးငွေကျပ် ၂ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၃ ဒသမ ၈ သိန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ စိတ်ကြွရူးသွပ်ဆေးပြားများအား ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ ရန်ကုန်တိုင်းဒေသကြီးသို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်းသိရှိရသဖြင့် ၎င်းအား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

(၁၀၀)

# ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲ၏ ဈေးကွက်တန်ကြေးအမြင့်ဆုံးကစားသမားစာရင်းတွင် ဖလိုရီယန်ဝက်ဇ်နှင့်မူစီအာလာတို့ ထိပ်ဆုံး၌ရပ်တည်နေ



ဘာလင် ဇန်နဝါရီ ၂၈

Transfer Market က လက်ရှိဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲ၏ ဈေးကွက်တန်ကြေးအမြင့်ဆုံးကစားသမားစာရင်းတွင် လေဗာကူဆင်အသင်းမှ ဖလိုရီယန်ဝက်ဇ်နှင့်ဘိုင်ယန်မြူးနစ်အသင်းမှ ကွင်းလယ်ကစားသမား မူစီအာလာတို့က ထိပ်ဆုံး၌ရပ်တည်လျက်ရှိပြီး ထိပ်ဆုံးငါးဦးစာရင်းတွင် ဘိုင်ယန်မြူးနစ်အသင်း၊ လေဗာကူဆင်အသင်းနှင့် လိုက်ပဇစ်အသင်းတို့မှ ကစားသမားများသာ ပါဝင်ခဲ့ကြောင်း သိရသည်။

အသက် ၂၁ နှစ်သာရှိသေးသည့် ဖလိုရီယန်ဝက်ဇ်သည် ၂၀၂၀ ပြည့်နှစ်ကစတင်ပြီး လေဗာကူဆင်အသင်းနှင့် ပရော်ဖက်ရှင်နယ်စာချုပ်ချုပ်ဆိုကာ စတင်ပါဝင်ကစားခဲ့ပြီးနောက် အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြလျက်ရှိပြီး ပြီးခဲ့သည့်ဘောလုံးရာသီက လေဗာကူဆင်အသင်း ဂျာမန်ဘွန်ဒက်စ်လီဂါချန်ပီယံဆုကို ရှုံးပွဲမရှိဘဲ စံချိန်တင်ဆွတ်ခူးနိုင်ခဲ့ရာတွင် အဓိက ကစားသမားအဖြစ် ပါဝင်ခဲ့သူဖြစ်သည်။

အသက် ၂၁ နှစ်အရွယ် မူစီအာလာသည်လည်း ၂၀၂၀ ပြည့်နှစ်က ဘိုင်ယန်မြူးနစ်အသင်းနှင့် ပရော်ဖက်ရှင်နယ်စာချုပ်ချုပ်ဆိုကာ စတင်ပါဝင်ကစားခဲ့ပြီး အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ကာ လက်ရှိဥရောပအကောင်းဆုံး လူငယ်ကွင်းလယ်ကစားသမားများမှ တစ်ဦးအပါအဝင်ရပ်တည်နိုင်ခဲ့ပြီးနောက် ဖလိုရီယန်ဝက်ဇ်နှင့်အတူ ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲ၏ ဈေးကွက်တန်ကြေးအမြင့်ဆုံးကစားသမားအဖြစ် ရပ်တည်နေသူဖြစ်သည်။

ဖလိုရီယန်ဝက်ဇ်နှင့် မူစီအာလာတို့၏ဈေးကွက်တန်ကြေးမှာ ယခုဘောလုံးရာသီတွင် သိသိသာသာမြင့်တက်လာခဲ့ကာ လက်ရှိ ၎င်းတို့၏ဈေးကွက်တန်ကြေးမှာ ယူရို သန်း ၁၄၀ အထိရှိနေပြီး ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲ၌ ဈေးကွက်တန်ကြေးအမြင့်ဆုံးကစားသမားအဖြစ် ရပ်တည်လျက်ရှိကာ ၎င်း၏နောက်တွင် ဘိုင်ယန်မြူးနစ်အသင်းမှ တိုက်စစ်ကစားသမား ဟယ်ရီကိန်းက ယူရို သန်း ၉၀ ဖြင့်လည်းကောင်း၊ လိုက်ပဇစ်အသင်းမှ တောင်ပံကစားသမား ဆိုင်မွန်က ယူရို သန်း ၈၀ ဖြင့်လည်းကောင်း၊ ဘိုင်ယန်မြူးနစ်အသင်းမှ ကွင်းလယ်ကစားသမား အိုလီဆီက ယူရို ၆၅ သန်းဖြင့်လည်းကောင်း အသီးသီးရပ်တည်လျက်ရှိကြောင်း သိရသည်။ *Ref;One Football*

# ဘီဆစ်တပ်အသင်း နည်းပြဆိုးလ်ရှားက ကွင်းလယ်ပိုင်းလိုအပ်ချက်အတွက် ကက်စ်မဲရိုးကိုခေါ်ယူပေးရန် အသင်းဘုတ်အဖွဲ့ထံ တောင်းဆို

အစ္စတန်ဘူလ် ဇန်နဝါရီ ၂၈

ဘီဆစ်တပ်အသင်းနည်းပြသစ် ဆိုးလ်ရှားက အသင်းကွင်းလယ်ပိုင်းလိုအပ်ချက်အတွက် ဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလ မပြီးဆုံးမီ မန်ယူအသင်းမှ ဝါရင့်ကွင်းလယ်ကစားသမား ကက်စ်မဲရိုးကို ခေါ်ယူပေးရန် အသင်းဘုတ်အဖွဲ့ထံတောင်းဆိုခဲ့ကြောင်း သိရသည်။

ဆိုးလ်ရှားသည် မန်ယူအသင်းနှင့် လမ်းခွဲပြီးကတည်းက ကလပ်အသင်းလက်မဲ့ဖြစ်နေရာမှ ယခုလအတွင်း ဘီဆစ်တပ်အသင်းနည်းပြသစ်အဖြစ် ခန့်အပ်ခံခဲ့ရသူဖြစ်သည်။

အသက် ၃၂ နှစ်အရွယ် ကက်စ်မဲရိုးသည်လည်း နည်းပြ အမိုရင်လက်အောက်တွင် ပွဲကစားခွင့်နည်းပါးနေပြီး အသင်းနှင့်အတူ နောက်ဆုံးကစားသည့်ပြိုင်ပွဲစုံခြောက်ပွဲဆက်လွဲချော်ခဲ့ရပြီးနောက် ဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလတွင်ပင် အသင်းမှ ထွက်ခွာဖွယ်ရှိနေသည်။

ဘီဆစ်တပ်အသင်းအနေဖြင့် လက်ကျန်ဘောလုံးရာသီတွင် ရုန်းကန်ရမည့်အခြေအနေများကြောင့် နည်းပြဆိုးလ်ရှားက အတွေ့အကြုံရှိသည့် ဝါရင့်ကွင်းလယ်ကစားသမားတစ်ဦးဖြစ်သည့် ကက်စ်မဲရိုးကို ခေါ်ယူလိုနေကြောင်း သိရသည်။ *Ref;Goal.com*

# ဘာစီလိုနာအသင်းကွင်းလယ်ကစားသမား ပက်ဒရီ အတ္တလန်တာအသင်းနှင့်ကစားမည့်ချန်ပီယံလိဂ်ပွဲစဉ်ကို လွဲချော်မည်

ဘာစီလိုနာ ဇန်နဝါရီ ၂၈

ဘာစီလိုနာအသင်း အဓိကကွင်းလယ်ကစားသမား ပက်ဒရီသည် ဝမ်းဗိုက်ဝေဒနာကြောင့် ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ်ကစားမည့် အတ္တလန်တာအသင်းနှင့်ပွဲစဉ်ကို လွဲချော်မည်ဟု ဘာစီလိုနာအသင်းက အတည်ပြုထားကြောင်း သိရသည်။

အသက် ၂၂ နှစ်အရွယ် ပက်ဒရီသည် ဇန်နဝါရီလ ၂၂ ရက်က ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် ကစားသည့် ဘင်ဖီကာအသင်းနှင့်ဘာစီလိုနာအသင်းတို့ပွဲစဉ်တွင် ပါဝင်ကစားပြီးနောက်ပိုင်း ဝမ်းဗိုက်ဝေဒနာကြောင့် အနားယူနေခဲ့ရပြီး လက်ရှိအချိန်ထိ သက်သာပျောက်ကင်းခြင်းမရှိသေးဘဲ ဆက်လက်အနားယူနေရသည့် အခြေအနေများကြောင့် အတ္တလန်တာအသင်းနှင့် ကစားမည့် ချန်ပီယံလိဂ်ပွဲစဉ်ကို လွဲချော်ရမည်ဖြစ်သည်။

ပက်ဒရီသည် ယခုဘောလုံးရာသီ ဘာစီလိုနာအသင်းကွင်းလယ်ပိုင်းတွင် အဓိက ကစားသမားအဖြစ် ခြေစွမ်းပြလျက်ရှိပြီး အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၃၁ ပွဲပါဝင်ကစားထားကာ လေးဂိုးသွင်းယူနိုင်ခဲ့ပြီး ဂိုးဖန်တီးမှုလေးကြိမ်ပြုလုပ်ထားသူဖြစ်သည်။

ပက်ဒရီသည် ဝမ်းဗိုက်ဝေဒနာကြောင့် အတ္တလန်တာအသင်းနှင့်ကစားမည့် ချန်ပီယံလိဂ်အုပ်စု နောက်ဆုံးပွဲစဉ်ကို လွဲချော်ရမည်ဖြစ်သော်လည်း လာမည့်ဖေဖော်ဝါရီလ ၂ ရက်တွင် စပိန်လာလီဂါပြိုင်ပွဲအဖြစ် အိမ်ကွင်း၌ အလာဗက်အသင်းနှင့်ပွဲစဉ်တွင် ပြန်လည်ပါဝင်ကစားနိုင်ဖွယ်ရှိနေသည်ဟု ဘာစီလိုနာအသင်းက ထုတ်ပြန်ထားကြောင်း သိရသည်။

*Ref;Fabrizio Romano*

# ဒေါ့မွန်အသင်းက လစ်လပ်နေသည့်နည်းပြသစ်ရာထူးအတွက် နည်းပြ နီကိုကိုဗာကို ခန့်အပ်ရန်ဆွေးနွေးလျက်ရှိ

ဘာလင် ဇန်နဝါရီ ၂၈

ဒေါ့မွန်အသင်းက နည်းပြဆာဟင်ကို ရာထူးမှ ထုတ်ပယ်ပြီးနောက် လစ်လပ်နေသည့်အသင်းနည်းပြရာထူးအတွက် အစောပိုင်းက မန်ယူအသင်းနည်းပြဟောင်း တန်ဟတ်ကိုခန့်အပ်ရန် ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်ခဲ့သည့်အတွက် နည်းပြ နီကိုကိုဗာကို ခန့်အပ်နိုင်ရန် ဆွေးနွေးလျက်ရှိကြောင်း သိရသည်။

ဒေါ့မွန်အသင်းက နည်းပြသစ်အဖြစ် တန်ဟတ်ကို ဦးစားပေးခန့်အပ်လိုနေသော်လည်း တန်ဟတ်က ရာသီဝက်ကာလကို မကိုင်တွယ်လိုသည့်အတွက် ဒေါ့မွန်အသင်းနည်းပြသစ်ရာထူးကို ပယ်ချခဲ့ခြင်းဖြစ်သည်။

အသက် ၅၃ နှစ်အရွယ် ခရိုအေးရှားလူမျိုးနည်းပြ နီကိုကိုဗာသည် ဂျာမန်ကလပ်အသင်းများဖြစ်သည့် ဖရန့်ဖက်အသင်းကို ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိလည်းကောင်း၊ ဘိုင်ယန်မြူးနစ်အသင်းကို ၂၀၁၈ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိလည်းကောင်း၊ ဝုဖ်ဘတ်အသင်းကို ၂၀၂၂ ခုနှစ်မှ ၂၀၂၄ ခုနှစ် မတ်လအထိလည်းကောင်း တာဝန်ယူကိုင်တွယ်ခဲ့ပြီး ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲတွင် အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်သည့်အတွက် ဒေါ့မွန်အသင်းက နည်းပြသစ်အဖြစ် ခန့်အပ်လိုနေခြင်းဖြစ်သည်။


နည်းပြ နီကိုကိုဗာသည် ပြီးခဲ့သည့်ဘောလုံးရာသီက ဝုဖ်ဘတ်အသင်းနှင့် လမ်းခွဲပြီးနောက် လက်ရှိတွင် ကလပ်အသင်းလက်မဲ့ဖြစ်နေသူဖြစ်သည့်အတွက် ဒေါ့မွန်အသင်းအနေဖြင့် ခန့်အပ်နိုင်မည့်အခြေအနေများကြောင့် နည်းပြသစ်အဖြစ်ခန့်အပ်ရန်ကြိုးပမ်းနေခြင်းဖြစ်သည်။



ဒေါ့မွန်အသင်းက နည်းပြသစ်အဖြစ် နီကိုကိုဗာကို ခန့်အပ်ရန် ကြိုးပမ်းနေသော်လည်း ယခုဘောလုံးရာသီကုန်အထိ ကာလတိုစာချုပ်ဖြင့်သာ ခန့်အပ်သွားဖွယ်ရှိနေပြီး စွမ်းဆောင်ရည်အပေါ်တွင် စောင့်ကြည့်ပြီးမှသာ အမြဲတမ်းနည်းပြအဖြစ် ခန့်အပ်ဖွယ်ရှိနေကြောင်း သိရသည်။

*Ref;Fabrizio Romano*

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ခဲသတ္တုများ၊ စက်လှေများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ



အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။



စစ်ကိုင်းတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



မွန်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

နေပြည်တော် ဇန်နဝါရီ ၂၈

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဇန်နဝါရီလ ၂၅ ရက်**တွင် ရွာသာကြီး Dry Port ၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၄၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀)ကိုလည်းကောင်း၊ **ဇန်နဝါရီလ ၂၇ ရက်**တွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ(၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၇၇၁၅၀၀၀) ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၈၁၁၅၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဇန်နဝါရီလ ၂၇ ရက်**တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇာသပြင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မြဝတီမြို့မှ မော်လမြိုင်မြို့သို့သွားရောက်မည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Canter Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်လမြိုင်မြို့၊ ခြံကြီးစုရပ်၊ သီရိမင်္ဂလာလမ်း၊ အမှတ်(၇၈၉)ရှိ ဂိုဒေါင်(၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၁၅၀၀၀၀) ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ပေါင်မြို့နယ်၊ ဇေတဝန်ရပ်ကွက်၊ သံလွင်တံတားစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Honda ADV-160 မော်တော်ဆိုင်ကယ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၁၅၀၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်လိုက်-ကလေးကားလမ်းအနီး၌ တရားမဝင်ကျွန်းသစ်(သုည ဒသမ ၉၂၀)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀) ကို သစ်တောဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့နယ်၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်နှင့် ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ် (၃)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၄၀၀၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုတ်ပြင်းမြို့၊ အုန်းတောကမ်းကျေးရွာအုပ်စု ခိုကျွန်းအနီး၌ တရားမဝင်ခဲသတ္တု (အကြမ်း) (၅)ပိဿာ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀)နှင့် တရားမဝင် ခဲသတ္တုတူးဖော်ရာတွင်အသုံးပြုသည့် သစ်သားကိုယ်ထည်စက်လှေ (၅)စင်းနှင့် ဆက်စပ်ပစ္စည်း(၆)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၉၇၀၀၀၀)၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၂၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး မြန်မာ့သတ္တုတွင်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဇန်နဝါရီလ ၂၈ ရက်**တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် (၁ ဒသမ ၁၉၉)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၅၈၂၄)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရခိုင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မာန်အောင်မြို့နယ်၊ ကျီးချောင်းဝဆိပ်ကမ်းအနီး၌ တရားဝင်သယ်ဆောင်ခွင့်အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် နွားမ (၆) ကောင် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီလ ၂၅ ရက်၊ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၆)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၅၆၄၀၈၂၄)**ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ်များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက် ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

(သတင်းစဉ်)

## ရေကြောင်းသတိပေးချက်(Notice to Mariners) ထုတ်ပြန်ကြေညာ


### သတင်းကြေညာချက်

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် ကမ်းလွန်လုပ်ကွက်အမှတ်၊ M-9 ရှိ ဇော်တိကစီမံကိန်းနှင့် ကမ်းလွန်လုပ်ကွက်အမှတ် M-5 & M-6 ရှိ ရတနာစီမံကိန်းတို့တွင် Geotechnical Site Investigation Survey (GTI) လုပ်ငန်းများအား Survey Vessel, GEO MARINER ရေယာဉ်ဖြင့် ဆောင်ရွက်သွားမည့် တည်နေရာကိုဖော်ပြသည့်Coordinate များဖြစ်သော ကမ်းလွန်လုပ်ကွက်အမှတ် M-5/M-6 (ရတနာ)ရှိ Well Location Point M5-Exp C1 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၇ မိနစ် ၄၅ ဒသမ ၂၆၁၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၀ မိနစ် ၁၀ ဒသမ ၅၁၃၁ စက္ကန့်၊ Point M5-Exp C2 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၂ မိနစ် ၅၀ ဒသမ ၃၇၇၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၆ မိနစ် သုည ဒသမ ၄၂၂၁ စက္ကန့်၊ Point M6-Exp CA မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၂ မိနစ် ၅၈ ဒသမ ၀၆၇၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၃ မိနစ် ၅၉ ဒသမ ၃၅၇၈ စက္ကန့်၊ Point M6-Exp CF မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၇ မိနစ် ၆ ဒသမ ၁၈၃၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၀၉ မိနစ် ၂၉ ဒသမ ၂၁၉၀ စက္ကန့်၊ Point Yadana-Infill WP2 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၉ မိနစ် ၀၈ ဒသမ ၈၈၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၆ မိနစ် ၅၀ ဒသမ ၈၈၇ စက္ကန့်၊ Point Badamya-Infill WP4 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၉ မိနစ် ၃၈ ဒသမ ၁၁၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၃ မိနစ် ၀၂ ဒသမ ၁၀၈ စက္ကန့်၊ Point Apprisal-C1 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၉ မိနစ် ၂၃ ဒသမ ၅၂၈၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၉ မိနစ် ၄၈ ဒသမ ၄၀၀၁ စက္ကန့်၊ Point Apprisal-C2 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၃ မိနစ် ၃၃ ဒသမ ၇၃၁၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၅ မိနစ် ၃၅ ဒသမ ၇၃၅၁ စက္ကန့်နှင့် ကမ်းလွန်လုပ်ကွက် M-9(ဇော်တိက)ရှိ Wellhead Platform Location-Point WPH Zawtika-41 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၇ မိနစ် ၁၈ ဒသမ ၅၈၇၁၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၄ မိနစ် ၅၆ ဒသမ ၂၇၆၇၈ စက္ကန့်တို့အတွင်းတွင် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၇)ရက်နေ့မှ ၂၀၂၅ ခုနှစ်၊ ဧပြီလ (၃၀)ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ်၊ M-9 ရှိ ဇော်တိကစီမံကိန်းနှင့် ကမ်းလွန်လုပ်ကွက်အမှတ် M-5 & M-6 ရှိ ရတနာစီမံကိန်းတို့တွင် Geotechnical Site Investigation Survey(GTI)လုပ်ငန်းများအား Survey Vessels, GEO MARINER ရေယာဉ်ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါတည်နေရာများမှ (၄)ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက်(Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်းမပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာန


Fluoride ပါဝင်သောကြောင့်
သွားများကို ဖြူဖွေးတောက်ပစေပါသည်။
ထာဝရလှပသော အပြုံးအတွက်
DENTOMEC
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
FDA အမှတ်-2212 PCE 0013
DENTIST RECOMMENDED
DENTOMEC


သဘာဝအာစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး ....
(ASEAN-OSHNET AWARD) တွင်
BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး
ရွှေဖီဦး BLACK TEA
(နှောင်တရား)ကို
Export Quality အဆင့်မီစွာ
ထုတ်လုပ်ဖြန့်ဖြူး
လျက်ရှိပါသည်။
ရွှေဖီဦး
Black Tea
Tea Mix
Lemon Tea
SHWE PHE OO
Lemon Tea
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရန်ကုန် - နေပြည်တော် - တောင်ကြီး - မုံရွာ - မန္တလေး - ပြင်ဦးလွင် - ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ - ပုဂံ(ညောင်ဦး) - ပခုက္ကူ
မကွေး - မိတ္ထီလာ - မြင်းခြံ - ပုသိမ် - မော်လမြိုင် - သံဖြူဇရပ် - ကျိုက္ကမီ - တောင်ငူ - ဆွာ - ရေနီ - ပဲခူး - ညောင်လေးပင် - ဘားအံ - မြဝတီ
ပါရမီ(YBS)
09-459448201
ရွှေမန်းသူ
09-254781060
မန္တလေးအခြေစိုက်
09-426500153
တော်ဝင်
09-423333250
ပါရမီတက္ကစီ
01-3643641
ကုန်စည်
09-440619258
ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု မြို့တွင်း/ မြို့ပြင် ဘုရားဖူးခရီးစဉ်များ ငှားရမ်းပေးလျက်ရှိပါသည်။


မြဝတီစက်သုံးဆီဖြန့်ဖြူးရောင်းချရေးလုပ်ငန်း
MYAWADDY
အရည်အသွေးမှန်၊အရေအတွက်မှန်၊ ကောင်းမွန်သော ဝန်ဆောင်မှုတို့ဖြင့်
ရန်ကုန်၊ကျောက်တံခါး၊ပဲနွယ်ကုန်း၊ဖြူး၊နေပြည်တော်၊
သာစည်၊ကျောက်ဆည်၊မန္တလေး၊ကျောက်မဲ၊ပြင်ဦးလွင်၊
ပခုက္ကူ၊အောင်လံ၊ပြည်၊ဝါဇီတို့တွင်လွတ်လပ်စွာ
ဝယ်ယူနိုင်ပါသည်။
ဖုန်း။၉၅-၀၁-၅၃၆၅၅၇၊၅၃၁၁၂၈၊၅၃၁၁၂၉

❖ **မိမိတို့နိုင်ငံ၏ လက်ရှိအခြေအနေအရ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် သမဝါယမစနစ်သည် အသင့်လျော်ဆုံးဖြစ်သည်ကိုတွေ့ရ . . .**

❖ **သမဝါယမစနစ်ဆိုသည်မှာ စိတ်ဆန္ဒ၊ ရည်ရွယ်ချက်တူညီသည့် လုပ်ငန်းရှင်အချင်းချင်း၊ တောင်သူအချင်းချင်း စုဖွဲ့ဆောင်ရွက်ရသည့်အသင်းအဖွဲ့စနစ်တစ်ခုဖြစ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့တွင်ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၆/၂၀၂၄)တွင် တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

**တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ ရောဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နယ်၊ ကျုံမငဲ့ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်**

စာ -၁၅ သို့

# မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်တွင် ရန်ကုန်တိုင်းဒေသကြီးသို့ သယ်ဆောင်သည့် ငွေကျပ် ၂ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၃ ဒသမ ၈ သိန်း ဖမ်းဆီးရမိ



မျိုးမင်းဦး(ခ)မဲကြီးအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူတွေ့ရစဉ်။

နေပြည်တော် ဇန်နဝါရီ ၂၈

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဇန်နဝါရီလ ၂၄ ရက်နေ့ ည ၁၁နာရီအချိန် မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ကွဲတပ်ဆုံကျေးရွာအနီးတွင် မူဆယ်မှရန်ကုန်သို့ မျိုးမင်းဦး(ခ)မဲကြီး မောင်းနှင်လာသည့် I ZONE ကုန်တင်ယာဉ်ကို **စာမျက်နှာ ၂၇ ကော်လံ ၃ ⊃**

## နိုင်ငံတကာသတင်း

**တရုတ်နိုင်ငံ၏ ရေနံစိမ်းနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုက ပထမဆုံးအကြိမ်အဖြစ် တန်ချိန်ပေါင်း သန်း ၄၀၀ ကျော်လွန်**

စာ - ၂၂ သို့

---------------------------

**မလေးရှားကမ်းရိုးတန်းရှိပင်လယ်ပြင်အတွင်းကုန်တင်သင်္ဘောနစ်မြုပ် ခြောက်ဦးကို ကယ်ဆယ်နိုင်ခဲ့ပြီး တစ်ဦးပျောက်ဆုံး**

စာ - ၂၃ သို့

## MNL အမှတ်ပေးပြိုင်ပွဲတွင် Dagon Port အသင်းကို ဟံသာဝတီယူနိုက်တက်အသင်း အနိုင်ယူ

ရန်ကုန် ဇန်နဝါရီ ၂၈

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၇) နောက်ဆုံးနေ့ကို ဇန်နဝါရီလ ၂၈ ရက်က သုဝဏ္ဏကွင်း၌ကျင်းပရာ ဟံသာဝတီယူနိုက်တက်အသင်းက Dagon Port အသင်းကို ၂ ဂိုး ၁ ဂိုးဖြင့် အနိုင်ရခဲ့သည်။

ယခုတစ်ပတ် ပွဲစဉ် (၁၇) တွင် ထိပ်ဆုံး **စာမျက်နှာ ၁၅ ကော်လံ ၃ ⊃**




မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED

Services
Current Deposit Account
Savings Deposit Account
Fixed Deposit Account
Call Deposit Account
Scholarship Funding Services
Loans , Overdraft and Hire Purchase System
Gift Cheque Services and Payment Order Services
Safe Deposit Locker
ATM / POS Services / MPU Debit Card / Credit Card
Mobile Banking Services and i Banking Services
Foreign Banking Services
Phone: (01) 2301367, 2301368, 2301452, 2301378
မှန်သည်
မြန်သည်
မြဝတီ